# ပကိဏ္ဏကမဂ္ဂကထာစာတန်း

၄

မင်္ဂလာကြက်သရေ၊နည်းပဒေဖြင့်၊ သပြေကျွန်းဒိပ်၊ သြဘာ
ဟိတ်ကြောင့်၊နိမိတ်ထွန်းတင့်၊မော်ကွန်းဆင့်၍၊ ဖြိုးမြင့်
အံ့ဘွယ်၊စည်လာမချို၊ယှဉ်ဥကာကြို့ရသည်၊ မြို့သုံး
ဆယ်တွင်၊သက်ရွယ်ဉာဏ၊ချိန်ဗလဖြင့်၊
အာဇီဝနည်း၊လွန်သိမ်းဆည်းသော၊
ဆရာကြီးကျောင်းတကာ။
ဦးပန်းသာသည့်၊ဓမ္မာ
နုဂ္ဂဟ၊ဉာဏ်လုံ လနှင့်၊အာစ
ရိယ၊သြဝါဒအမှန်၊ရုပ်နာမ်ခန္ဓာ၊ဒေသနာ
အစဉ်၊ဆင်ခြင်ရှုစား။တရားသံဝေဂ
ဖြစ်ကြစေရှောင်း၊စုပေါင်းထုတ်နှုတ်စီရင်သော။

# ပကိဏ္ဏကမဂ္ဂကထာစာတန်း။

ရန်ကုန်မြို့။
သက္ကရာဇ် ၁၂၅၂ ခု။တပေါင်းလအတွင်းပုံနှိပ်သည်။
ဟံသာဝတီစာပုံနှိပ်တိုက်။

# နိဒါန်း။

ရှိပုံစေသျှတု။ ။ရနိသေဒ္ဒွာ၊ဂုဏ်အနန္တ၊နိုင်းမမျှသည်၊အာ
တုလာကို။ သဒ္ဒါရိုကျိုး၊ သုံးလိဝန္ဒာ၊ စေတနာဖြင့်၊ အခါခါရှိခိုး
ပြီး၍။ မီးဆဲ့တဖြာ၊ အဝိဇ္ဇာနှင့်၊ တဏှာ သမုဒယ။ ရှည်လျားသံ
သာ၊ အကြောင်းရှာ။ ထိုနှစ်ဖြာ ရင်းမူလကြောင့်။ အာသဝရှင်။
သံယောဇဉ် နှောင်ကွင်းမှ၊ မကင်းကြသတ္တဝါ။ ချုပ်နာမ်ရ အာ
ယတနကို၊ ဝန်ဒုက္ခသံသရာဟု။ထင်လျှားစွာသဘော။ သယမ္ဘူ
ရှင်၊ ကိုးဂုဏ်ရှင်က။ ကုန်စင်အောင် ဟောခဲ့သည်။ လောကသုံး
ရွာ။ဘုံ ၃၁၊ မူကိုစစ်၍။ အပြစ်ရှာလျှင်။ ခန္ဓာနာမ်ရုပ်။ ညှိုနံ့ပုပ်
သည်။ဘာမဟုတ်ဘဲ၊စိတ်အထင်လွဲရတယ်။ မမြဲသောသင်္ခါရ၊
ဆင်းရဲကိုမမြင်ကြလျှင်။ ငါးဝသောကာမဂုဏ်နှင့်။ ကြိုက်ကြုံခံ
စား။အာရုံမပြတ်၊ ဆုံးမသတ်တဲ့။ ရဟတ်ချားလို။ သွားလမ်းကို
လည်းမမြင်။ လာရသည့် စခန်းနှင့်၊ ထောက် လှန်းကာ ဆင်ခြင်
သော်။ မထင်အစ၊ ထိုထိုသောဘုံ ဘဝကို။ နိဗ္ဗိန္ဒ ဉာဏ်အစဉ်
ဖြင့်၊ဆင်ခြင်နှစ်သက်။ တပ်မက်စရာ၊ ဘာမျှမဟုတ်ခြေတကား
ဟူ၍။တရားသံဝေဂ၊ ဘဝကင်းပြတ်။အရဟတ္တဖိုလ် ရောက်လို
သော သူတော်ကောင်းတို့ သက်ဝင် ယုံကြည်ရာ။ ဝိပဿနာ
ဉာဏ် တော် တရား။ ၄ ပါးသတ္တာ၊ ကာယ ကထာ အသုဘ၊ ဝိ
မောက္ခချာန်၊ ၇ တန်ဝိသုဒ္ဓိနှင့်တကွ။ ကလျာဏသူတော်စွာတို့၊
သာယာ နှစ်သက်၊ ရုံမက်မြတ်နိုး၊ အားကိုးခိုလှုံရာ ဖြစ်သော။
ပကိဏ္ဏက မဂ္ဂကထာ စာတန်းကို။ ကျိုးပန်းသေချာ။ ရေးသား
ပါအံ့။

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဤသို့အားပေးတိုက်တွန်း၊ ချီးမြှောက်ခြင်းဟူသော ဓမ္မပဒ
ပါဠိတော်၌။ ။ဧတမတ္ထံဝသံညတွာ။ ပဏ္ဍိတော သီလသံဝု
တော။နိဗ္ဗာနဂမနံမဂ္ဂံ။ခိပ္ပမေဝဝိသောဓယေ။ ။ဧတမတ္ထံ၊
ထိုထိုများစွာသံသရာ၌၊ခိုရာမရ၊ သူခမရှိ၊ အတိဒုက္ခသင်္ခါရဘုံ
၏ဖြစ်ပျက်ခြင်း အကြောင်းကို။ ဝသံ၊ ကောင်းကောင်း မချွတ်။
ညတွာ၊ သိမြင်၍။ သီလသံဝုတော၊ စောင့်သုံးအပ်သောသီလရှိ
သော။ပဏ္ဍိတော၊ ပညာရှိသော သူသည်။ နိဗ္ဗာနဂမနံ၊ နိဗ္ဗာန်
ရောက်ကြောင်းဖြစ်သော။မဂ္ဂံ၊ အရိယာမဂ်တည်းဟူသော ခရီး
ကို။ခိပ္ပမေဝ၊ လျင်မြန်စွာလျှင်။ ဝိသောဓယေ၊ သုတ်သင် ပြုပြင်
ကြလေလော။ ။ဤပါဠိ၌၊ပဏ္ဍိတောဟူသောပါဌ်ဖြင့်။ ပဋိ
သမ္ဘိဒါပညာကိုသိအပ်၏။ သီလသံဝုတောဟူသောပါဌ်ဖြင့်။ သီ
လဝိသုဒ္ဓိကိုသိအပ်၏။ တဘန်ပဏ္ဍိတော ဟူသောပါဌ်၏ သာ
မတ္ထိယအားဖြင့်၊ စိတ္တဝိသုဒ္ဓိအစ။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအ
ဆုံးရှိသော။ဝိသုဒ္ဓိငါးပါးကိုသိအပ်၏။မဂ္ဂံ ဟူသောပါဌ်ဖြင့်။ ဉာ
ဏဒဿနဝိသုဒ္ဓိကိုသိအပ်၏။ နိဗ္ဗာနဂမနံဟူသောပါဌ်၏အပဒ္ဒါ
နအားဖြင့်။ ဝိပဿနာဉာဏ် ၁၀ ပါးကိုသိအပ်၏။ ခိပ္ပမေဝဟူ
သောပါဌ်ဖြင့်။အဆောတလျင်လုံ့လကိုသိအပ်၏။ ဝိသောဓယေ
ဟူသောပါဌ်ဖြင့်။အဘန်ဘန်လုံ့လကိုသိအပ်၏။ ။သရုပ်အ
စဉ်ကိုဆိုအံ့။ ။သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရ

ဏာပိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ ပဋိပဒါဉာဏဒဿနဝိ
သုဒ္ဓိဟူ၍။လောကီဝိသုဒ္ဓိ ၄ ပါး။ ဉာဏဒဿနဝိသုဒ္ဓိဟူ၍။ လော
ကုတ္တရာဝိသုဒ္ဓိတပါး။ပေါင်းဝိသုဒ္ဓိ ၇ ပါးကိုသိအပ်၏။ သမ္မသန
ဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝ
ဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်။ မုဉ္စိတုကမျတာ ဉာဏ်၊ ပဋိသင်္ခါနုဉာဏ်၊
သင်္ခါရု ပေက္ခာ ဉာဏ်၊ အနု လောမ ဉာဏ် ဟူ၍။ ဝိပဿနာ
ဉာဏ် ၁၀ ပါးကိုသိအပ်၏။ ။ဤသို့သိပြီးသော၊ အာစာရကု
လပုတ္တပုဂ္ဂိုလ်သည်။ ထိုထိုပါဠိတော်အရ၊ လုံ့လအားထုတ် လို
သည်ရှိသော်။မိမိ၏သီလကို။ဖြူစင်အောင်ပြုခြင်းဟူသော။ သီလ
ဝိသုဒ္ဓိကို ဖြစ်စေ အပ်၏။ ထိုနောင်၊ မိမိစိတ်ကို တည်ကြည်
အောင်ပြုခြင်းဟူသော၊ စိတ္တဝိသုဒ္ဓိကိုဖြစ်စေအပ်၏။ လက္ခဏာ
၏အစွမ်းဖြင့်ရင်း။ ခန္ဓာ၏အစွမ်းဖြင့်ရင်း။ရုပ်နာမ် ၂ ပါးကို ပိုင်း
ခြားဝေဘန်ခြင်းဟူသောဒိဋ္ဌိဝိသုဒ္ဓိကိုဖြစ်စေအပ်၏။ ။လက္ခ
ဏာ၏အစွမ်းဖြင့်၊ရုပ်နာမ် ၂ ပါးကိုပိုင်းခြားဝေဘန်ပုံကား။ ။
စက္ခုဒွါရ၌မျက်စိဖြင့် မြင်အပ်သောရူပါရုံ။ အဆင်းဟူသမျှသည်။
ရုပ်မည်၏။ ။ထိုအဆင်းကိုမြင်တတ်သောစိတ်သည်။နာမ်
မည်၏။ ။သောတဒွါရဖြင့်၊ကြားအပ်သောသဒ္ဒါရုံ။အသံဟူ
သမျှသည်၊ရုပ်မည်၏။ ။ထိုအသံကိုကြားတတ်သောစိတ်
သည်။နာမ်မည်၏။ ။နှာခေါင်းဖြင့်နံအပ်သောဂန္ဓာရုံ။ အနံ့ဟူ
သမျှသည်။ရုပ်မည်၏။ ။ထိုအနံ့ကိုနံတတ်သောစိတ်သည်၊
နာမ်မည်၏။ ။ဇိဝှါဒွါရ၊လျှာဖြင့်သိအပ်သောရသာရုံ၊အရ
သာဟူသမျှသည်၊ရုပ်မည်၏။ထိုအရသာကိုသိတတ်သော စိတ်
သည်၊နာမ်မည်၏။ ။ကာယဒွါရ၊ကိုယ်ဖြင့်သိအပ်သော။ဘူ
တရုပ် သုံးပါးဟူသောဖောဋ္ဌဗ္ဗါရုံ၊ အတွေ့ဟူသမျှသည်၊ရုပ်မည်
၏။ထိုအတွေ့ကိုသိတတ်သောစိတ်သည်၊နာမ်မည်၏။ ။အာ
ပေါဓါတ်၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါ
ပသာဒ၊ ကာယပသာဒ၊ဟူ၍ငါးပါး၊အာပေါဓာတ်။ ဣတ္ထိဘာဝ၊
ပုရိသဘာဝ၊ ဟဒယဝတ္ထု၊ ဇီဝိတအာဟာရဟူ၍ ၄ ပါး။ အာကာ

သဓာတ်၊ ကာယ ဝိညတ်၊ ဝစီ ဝိညတ်၊ လဟု တာ။ မုဒု တာ၊ ကမ္မညတာ၊ ဥပစယ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဟူ၍ ၁၀ ပါး။ ဤ ၂၁ ပါးသောတရားသည်ရုပ်မည်၏။ ။ထိုတရားကိုသိတတ်သော။မနောဒွါရစိတ်၊ ထိုစိတ်ဖြင့်သိအပ်သော စိတ်စေတသိက်ဟူသမျှသည်၊ နာမ်မည်၏။ ။ဤသို့ဆိုအပ်ခဲ့ပြီးသောရုပ်ဟူသမျှကို၊ ထင်ရှားသောဖြစ်ခြင်း။ပျက်ခြင်းဟူသော၊ ဖောက် ပြန်ခြင်း ( ရုပ္ပန လက္ခဏာ ) ရှိသော ကြောင့်။ ရုပ်ဟုမှတ်။ ။ဤသို့ ဆိုအပ် ခဲ့ပြီးသော၊ နာမ်ဟူသမျှကို၊ အာရုံပြုခြင်း၊ အာရုံပြုစေခြင်းဟူသော၊ ညွတ်ခြင်း ( နမနလက္ခဏာ) ရှိသောကြောင့်၊ နာမ်ဟုမှတ်။ ။ဤသို့လက္ခဏာ အစွမ်းဖြင့်။ ရုပ်နာမ် ၂ ပါးကိုပိုင်းခြား ဝေဘန်အပ်၏။ ။ခန္ဓာ၏အစွမ်းအားဖြင့်။ရုပ်နာမ် ၂ ပါးကိုပိုင်းခြားဝေဘန်ပုံကား။ ။ထိုဆိုအပ်ပြီးသော ရုပ်ဟူသမျှကို၊ ရူပက္ခန္ဓာဟုမှတ်။ ၎င်းဆိုအပ် ပြီးသောနာမ်ဟူသမျှကို၊ နာမက္ခန္ဓာဟုမှတ်။ ။ဤသို့ခန္ဓာ၏အစွမ်းဖြင့်၊ရုပ်နာမ် ၂ ပါးကိုပိုင်းခြားဝေဘန်အပ်၏။ ။ထိုနာမက္ခန္ဓာ၌စိတ်သည်၊ အာရုံကို သိခြင်းဟူသော၊ (ဝိဇာနနလက္ခဏာ)ရှိသောကြောင့်၊ဝိညာနက္ခန္ဓာဟုမှတ်။ ။ထိုစိတ်နှင့်ယှဉ်သော၊ ဝေဒနာစေတသိက်ကို၊ အာရုံကိုအစိုးတရ၊ ခံစားခြင်းဟူသော (ဝေဒယိတလက္ခဏာ) ရှိသောကြောင့်။ ဝေဒနက္ခန္ဓာဟုမှတ်။ ။ထိုစိတ်နှင့် ယှဉ်သော။ သညာစေတသိက်သည်။ အာရုံကို အမှတ်ပြုခြင်းဟူသော၊ (သဉ္ဇာနနလက္ခဏာ) ရှိသောကြောင့်၊ သညက္ခန္ဓာဟုမှတ်။ ။ထိုဝေဒနာ၊ သညာမှကြွင်းသော၊ ၅၀ သော စေတသိက်ကို၊ စီရင်ပြုပြင်တတ်၊ စီရင်ပြုပြင်အပ်သော၊(သင်္ခါရနလက္ခဏာ)ရှိသောကြောင့်။ သင်္ခါရက္ခန္ဓာဟုမှတ်။ ။ဤသို့ အစည်အားဖြင့် ဘော်ထုတ်၍။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာ နက္ခန္ဓာဟုမှတ်။ဤကား၊ရုပ်နာမ် ၂ ပါးကိုပိုင်းခြားဝေဘန်ပုံတည်း။ ။ထိုနောင်ရုပ်နာမ်တို့၏အကြောင်းကို သိမ်းဆည်းခြင်း ဟူသော

ကာမ်ာဝိတရဏ ဝိသုဒ္ဓိကို ဖြစ်စေအပ်၏။ ။အကြောင်းကို သိမ်းဆည်းပုံကား။ ။အဝိဇ္ဇာဟူသော မောဟ၊ တဏှာဟူသောလောဘ၊ မြဲစွာစွဲလမ်းခြင်း ဟူသော၊ ဥပါဒါန်၊ စေတနာဟူသောကံ။ ဤ ၄ ပါးတို့သည်၊ ရုပ်နာမ်တို့ကိုဖြစ်စေတတ်သောကြောင့်။ရုပ်နာမ်တို့၏၊ ဟေတုအကြောင်းမည်၏။ ။ထို ၄ ပါးတို့တွင်။အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ဤသုံးပါးကိုရုပ်နာမ်တို့၏အမိဟုမှတ်။ ကံကိုရုပ်နာမ်တို့အဘဟုမှတ်။ ။အာဟာရသည်။ရုပ်နာမ်ကိုစောင့်ရှောက်ထိန်းသိမ်းတတ်သောကြောင့်။ ရုပ်နာမ်တို့၏ ပစ္စယအကြောင်းမည်၏။ ထိုအာဟာရကိုရုပ်နာမ်တို့၏၊ အထိန်းဟုမှတ်။ ။ဤကား၊အကြောင်းကိုသိမ်းဆည်းပုံတည်း။ ။ထိုနောင်၊ရုပ်နာမ်ခန္ဓာတို့ကို။လက္ခဏာရေးတင်၍၊ သုံးသပ်ခြင်းဟူသော။ သမ္မသနဉာဏ်ဖြင့်ရင်း၊ ရုပ်နာမ်ခန္ဓာတို့၏ဖြစ်ခြင်းပျက်ခြင်းကို။ ၅၀ သောအခြင်းအရာတို့ဖြင့်။သုံးသပ်ခြင်းဟူသော၊ဥဒယဗ္ဗယဉာဏ်ဖြင့်ရင်း။ ။အဘန်ဘန်သုံးသပ်သည့်ရှိသော်။ ဝိပဿနာစိတ်ကြောင့်။ ကိုယ်မှ ထွက်သောအရောင်ဟူသော၊ ဩဘာသ၊ အလွန် ထက်သော၊ ဝိပဿနာဉာဏ်။ ။ဝိပဿနာစိတ်နှင့် တကွဖြစ်သော။ ငါးပါးသောပီတိ။ ။ဝိပဿနာစိတ်နှင့်ယှဉ်သော၊ ကိုယ်စိတ် ငြိမ်းခြင်းဟူသောပဿဒ္ဓိ။ ။မွန်မြတ်သော ဝိပဿနာစိတ် ချမ်းသာဟူသောသုခ။ ။ဝိပဿနာစိတ်နှင့် ယှဉ်သော၊ အားကြီးသောသဒ္ဓါဟူသော၊အဓိမောက္ခ။ ။ဝိပဿနာစိတ်နှင့်ယှဉ်သော၊ မတွန့်မရုတ်သော၊ ဝီရိယဟူသောပဂ္ဂဟ။ ။ဝိပဿနာစိတ်နှင့်ယှဉ်သော၊ အလွန်ထင်သောသတိဟူသောဉပဋ္ဌာန။ ။ဝိပဿနာစိတ်နှင့်ယှဉ်သော။ မနောဒွါရာဝဇ္ဇန်း စိတ်နှင့်ယှဉ်သော။ လျစ်လျူရှုခြင်းဟူသောဉပေက္ခာ။ ။ဤ ၉ ပါးသော တသ်တတ်၊ကပ်ငြိတတ်သော၊ သိမ်မွေ့စွာသော လောဘဟူသောနိကန္တိ။ ။ဤ ၁၀ ပါးသောဝိပဿနာ၊ ညစ်ငြူးကြောင်း ဘေးရန်ဖြစ်လာ၏။ ထိုအခါ။ ဤသို့ဖြစ်ခြင်း သည်ကား။ မဂ်မဟုတ်

ဘေးရန်သာတည်း။ ဤမှလွတ်သောဉာဏ်သာလျှင်။ မဂ်တည်းဟု၊ မဂ်ဟုတ်သည်မဟုတ်သည်ကို၊ သိခြင်းဟူသော၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကိုဖြစ်စေအပ်၏။ ။ထိုနောင်၊ ရုပ်နာမ်ခန္ဓာတို့၏ဖြစ်ခြင်းပျက်ခြင်းကို၊ ၅၀ သောအခြင်းအရာတို့ဖြင့်၊ သုံးသပ်ဆင်ခြင်ခြင်းဟူသော။ ဥဒယဗ္ဗယဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့၏။ ပျက်ခြင်းကိုရှုခြင်းဟူသော၊ ဘင်္ဂဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့၏ဖြစ်ခြင်း၌ဘေးဟုရှုခြင်းဟူသော၊ ဘယဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့၏ဖြစ်ခြင်း၌။ အပြစ်ဟုရှုခြင်းဟူသော၊ အာဒီနဝဉာဏ်။ ။ထိုရုပ်နာမ်တို့၏ပျက်ခြင်း၌။ ငြီးငွေ့သောအခြင်းအရာဖြင့်၊ ရှုခြင်းဟူသောနိဗ္ဗိဒါဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့မှလွတ်လိုသောအခြင်းအရာဖြင့်၊ ရှုခြင်းဟူသော၊ မုဉ္စိတုကမျတာဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့မှလွတ်ခြင်းငှာ။ ထိုရုပ်နာမ်ခန္ဓာတို့ကို၊ လက္ခဏာ ရေးတင်၍၊ အဘန်ဘန်ရှုပြန်ခြင်းဟူသော။ ပဋိသင်္ခါနဉာဏ်။ ။ရုပ်နာမ်ခန္ဓာတို့၌မမုန်းမချစ်၊ လျစ်လျူသောအခြင်းအရာဖြင့်။ ရှုခြင်းဟူသော၊ သင်္ခါရုပေက္ခာဉာဏ်။ ။အကြင်အခါ၊ မဂ်စိတ်ဖြစ်တော့အံ့ဟုဆိုအပ်သော၊ မဂ္ဂဝိထိ၌၊ မနောဒွါရာဝဇ္ဇန်းနောင်၊ ပရိကံ၊ ဥပစာ၊ အနုလုံဟူသော၊ ဝိပဿနာ ၂ ကြိမ် ၃ ကြိမ် ၄ ကြိမ်နှင့်ယှဉ်သောအနုလောမဉာဏ်။ ။ဤဉာဏ် ၉ ပါးတို့၏၊ အစဉ်ဖြင့်ပြီးသော၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ဖြစ်စေအပ်၏။ ထိုနောင်၊ နိဗ္ဗာန်ကိုအာရုံပြု၍။ ဂေါတြဘူဇောစိတ်တကြိမ်။ ထိုနောင်၊ နိဗ္ဗာန်ကိုအာရုံပြု၍။ မဂ်ဇောတကြိမ်။ ထိုနောင်၊ နိဗ္ဗာန်ကိုအာရုံပြု၍၊ ဖိုလ်ဇော ၁ ကြိမ် ၂ ကြိမ် ၃ ကြိမ်ဖြစ်စေပြီး၍။ ထိုနောင်ဘဝင်ကျလေ၏။ ။အစဉ်၊ မဂ်ဇောနှင့်ယှဉ်သောဉာဏ်ကို။ ဉာဏဒဿနဝိသုဒ္ဓိဟုမှတ်။ ။ဤသို့လျှင်ဆိုအပ်ခဲ့ပြီးသော၊ ဝိပဿနာဉာဏ် ၂ ပါး ၉ ပါးတို့ဖြင့်။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသော လောကီဝိသုဒ္ဓိ ၂ ပါး၊ ဉာဏဒဿနဝိသုဒ္ဓိ ဟူသော၊ လောကုတ္တရာဝိသုဒ္ဓိတပါး။ ဤသုံးပါးသောဝိသုဒ္ဓိကိုဖြစ်စေခြင်းငှာ။ ။ရုပ်နာမ်ကို၊ ဝေဘန်သော

နည်း ၂ ပါးတို့တွင်၊ ခန္ဓာ၏အစွမ်းဖြင့်၊ ဝေဘန်သောနည်း၌။ ဝိပဿနာပွါးပုံကား။ ။ဣမေမေပဉ္စက္ခန္ဓာဓမ္မာ။ ခယဋ္ဌေန။ ဝယဋ္ဌေနအနိစ္စာ။ ဘယဋ္ဌေန။ ပိဠနဋ္ဌေနဒုက္ခာ။ အသာရကဋ္ဌေန။ အနိသ္သရနဋ္ဌေန။ အနတ္တာ။ ဇိဝံသမသနံ။ သမသနေဉာဏံ။ ။ဤကား၊ ခန္ဓာငါးပါးကို၊ လက္ခဏာရေးတင်၍၊ သုံးသပ်ဆင်ခြင်ခြင်း၊ သမသနဉာဏ်ဖြစ်ပုံ။ ၁ ။အဝိဇ္ဇာသမုဒယာ၊ ရူပသမုဒယော။ တဏှာသမုဒယာ၊ ရူပသမုဒယော။ ကမ္မသမုဒယာ၊ ရူပသမုဒယော။ အာဟာရသမုဒယာ၊ ရူပသမုဒယော။ ။အဝိဇ္ဇာသမုဒယာ၊ ဝေဒနာသမုဒယော။ တဏှာသမုဒယာ၊ ဝေဒနာ သမုဒယော။ ကမ္မသမုဒယာ။ ဝေဒနာသမုဒယော၊ ဖဿသမုဒယာ။ ဝေဒနာသမုဒယော။ ။အဝိဇ္ဇာသမုဒယာ၊ သညာသမုဒယော။ တဏှာသမုဒယာ၊ သညာသမုဒယော။ ကမ္မသမုဒယာ၊ သညာသမုဒယော။ ဖဿသမုဒယာ၊ သညာသမုဒယော။ ။အဝိဇ္ဇာသမုဒယာ၊ သင်္ခါရသမုဒယော။ တဏှာ သမုဒယာ၊ သင်္ခါရသမုဒယော၊ ကမ္မသမုဒယာ၊ သင်္ခါရသမုဒယော။ ဖဿသမုဒယာ၊ သင်္ခါရသမုဒယော။ ။အဝိဇ္ဇာသမုဒယာ၊ ဝိညာဏသမုဒယော။ တဏှာသမုဒယာ၊ ဝိညာဏသမုဒယော။ ကမ္မသမုဒယာ၊ ဝိညာဏသမုဒယော။ နာမရူပသမုဒယာ။ ဝိညာဏသမုဒယော။ ။အဝိဇ္ဇာနိရောဓာ၊ ရူပနိရောဓော။ တဏှာနိရောဓာ၊ ရူပနိရောဓော။ ကမ္မနိရောဓာ၊ ရူပနိရောဓော၊ အာဟာရနိရောဓာ၊ ရူပနိရောဓော။ ။အဝိဇ္ဇာနိရောဓာ။ ဝေဒနာနိရောဓော။ တဏှာနိရောဓာ၊ ဝေဒနာနိရောဓော။ ကမ္မနိရောဓာ၊ ဝေဒနာနိရောဓော။ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော။ ။အဝိဇ္ဇာနိရောဓာ၊ သညာနိရောဓော။ တဏှာနိရောဓာ။ သညာနိရောဓော၊ ကမ္မနိရောဓာ။ သညာနိရောဓော။ ဖဿနိရောဓာ၊ သညာနိရောဓော။ ။အဝိဇ္ဇာနိရောဓာ၊ သင်္ခါရနိရောဓော။ တဏှာနိရောဓာ၊ သင်္ခါရနိရောဓော။ ကမ္မနိရောဓာ၊ သင်္ခါရနိရောဓော။ ဖဿနိရောဓာ၊ သင်္ခါရနိရောဓော။ ။အဝိဇ္ဇာနိရောဓာ၊ ဝိညာဏနိရောဓော။ တဏှာနိရောဓာ။ ဝိညာဏနိရောဓော။ ကမ္မနိ

ရောဓော၊ ဝိညာဏ နိရောဓော။နာမရူပနိရောဓော၊ ဝိညာဏနိရော
ဓော။ ။ဧဝံဥဒယဗ္ဗယာနုပဿနံ၊ဥဒယဗ္ဗယေဉာဏံ။ ။ဤ
ကား ၅၀ သောအခြင်းအရာဖြင့်၊ ဖြစ်ခြင်းပျက်ခြင်းကို၊ သုံးသပ်
ဆင်ခြင်ခြင်း၊ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ။ ၂ ။ဣမေမေ၊ပဉ္စက္ခန္ဓါဓမ္မါ၊
ဥပ္ပဇ္ဇိတွာ၊နိရုဇ္ဈန္တိ၊ ဘိဇ္ဇန္တိ၊ ဝိနဿန္တိ၊ ဝိပရိနာမံ ဂစ္ဆန္တိ။ ဧဝံ
ဘင်္ဂါနုပဿနံဘင်္ဂေဉာဏံ။ ။ဤကားခန္ဓာငါးပါး၏ပျက်ခြင်း
ကိုသုံးသပ်ဆင်ခြင်ခြင်းဘင်္ဂဉာဏ်ဖြစ်ပုံ။ ၃ ။ဣမေသံမမခန္ဓာနံ၊
ဥပ္ပါဒေါဘယံ၊ပဝတ္တံဘယံ၊နိမိတ္တံဘယံ၊ အာယူဟနံဘယံ။ နိဗ္ဗတ္တိ
ဘယံ၊ပဋိသန္ဓိဘယံ။ဧဝံဘယာနုပဿနံဘယေဉာဏံ။ ။ဤ
ကားခန္ဓာငါးပါးဖြစ်ခြင်း၌။ ဘေးဟုသုံးသပ် ဆင်ခြင်ခြင်း ဘယ
ဉာဏ်ဖြစ်ပုံ။ ၄ ။ဣမေသံမမခန္ဓာနံ၊ဥပ္ပါဒေါသာမိသံ၊ ပဝတ္တံ
သာမိသံ၊ နိမိတ္တံသာမိသံ။ အာယူဟနံသာမိသံ။ နိဗ္ဗတ္တိ သာ
မိသံ၊ ပဋိသန္ဓိသာမိသံ။ ဧဝံအာဒီနဝါနုပဿနံ၊ အာဒီနဝေဉာ
ဏံ။ ။ဤကားခန္ဓာငါးပါးဖြစ်ခြင်း၌၊အပြစ်ဟုသုံးသပ်ဆင်ခြင်
ခြင်း၊ အာဒီနဝဉာဏ်ဖြစ်ပုံ။ ၅ ။ဣမေသံမမခန္ဓာနံ၊ဘိဇ္ဇနံနာမေတံ၊
အဟောဝတနိဗ္ဗိဒံ၊အဟောဝတဇေကုစ္ဆ၊ အဟောဝတပဋိကူလံ၊
အဟောဝတနာလယံ။ဧဝံနိဗ္ဗိဒါနုပဿနံနိဗ္ဗိဒေဉာဏံ။ ။ဤ
ကား ခန္ဓာငါးပါးပျက်ခြင်း၌၊ ငြီးငွေ့ဘွယ်ဟု၊ သုံးသပ် ဆင်ခြင်
ခြင်း၊နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ။ ၆ ။ဣမေသံမမခန္ဓာနံ၊ဥပ္ပဇ္ဇနံဝါ၊ဘိဇ္ဇ
နံဝါ၊ဒုက္ခဒုက္ခံ၊အတိဒုက္ခံ ။ တတောကဒါမုစ္စေယျံ၊ သာဓုမုစ္စနံ၊
သာဓုဝတအပဂမနံ၊သာဓုဝတနိဗ္ဗုဒံ။ ဧဝံမုစ္စနံနုပဿနံ၊ မုစ္စိတု
ကမျတာဉာဏံ။ ။ဤကားခန္ဓာငါးပါးမှ၊လွတ်လိုသောအခြင်းအ
ရာဖြင့်၊သုံးသပ်ဆင်ခြင်ခြင်း၊ မုစ္စိတုကမျတာဉာဏ်ဖြစ်ပုံ။ ၇ ။ဣ
မေမေပဉ္စက္ခန္ဓာဓမ္မာ။အနိစ္စန္တိကတော၊ အနိစ္စာ။ အဓုဝတော အ
နိစ္စာ။ တာဝကာလိကတောအနိစ္စာ။ ဥဒယဗ္ဗယပရိစ္ဆိန္နတောအ
နိစ္စာ၊ဣမေမေပဉ္စက္ခန္ဓာဓမ္မာ၊ ဒုက္ခမတောဒုက္ခာ၊ အတာဏတော
ဒုက္ခာ၊ အလေဏတောဒုက္ခာ၊ ဥဒယဗ္ဗယပီဠနတောဒုက္ခာ၊ ဣမေ
မေပဉ္စက္ခန္ဓာဓမ္မာ၊ရိတ္တတောအနတ္တာ၊တုစ္ဆတောအနတ္တာ၊ သုည

တောအနတ္တာ၊ အသာရကဋ္ဌေနအနတ္တာ၊ ဧဝံပဋိသင်္ခါနုပဿနံ၊
ပဋိသင်္ခါနေဉာဏံ၊ ။ဤကားခန္ဓာငါးပါး၌၊အဖန်ဖန်ရှုပြန်
ခြင်း၊ပဋိသင်္ခါနုဉာဏ်ဖြစ်ပုံ။ ၇ ။ဣမေမေပဉ္စက္ခန္ဓါဓမ္မာ၊ရိတ္တာ၊
တုစ္ဆာ၊ သုညာ၊ နိရတ္ထကာ၊ အတ္တေနဝါ၊ အတ္တနိယေနဝါနတေဟံ၊
နတေမမဧဝံဥဒါသိနေနသင်္ခါရုပေက္ခာနုပဿနံ၊သင်္ခါရုပေက္ခေ
ဉာဏံ။ ။ဤကားခန္ဓာငါးပါးတို့၌၊မမုန်းမချစ်၊လျစ်လျူအားဖြင့်၊
သုံးသပ်ဆင်ခြင်ခြင်းသင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ။ ၉ ။ဤဉာဏ်
၉ ပါးတိုင်ရုံ၊ဝိပဿနာပွားပုံကိုမှတ်။ ။ယဒါဟာဝေမဂ္ဂေါ။
ဥပ္ပဇ္ဇိဿတိ၊တဒါတံ၊နဝတ္တဗ္ဗါရမ္မဏံကတွာ၊ပရိကမ္မံဝါ၊ဥပစာ
ရံဝါ၊အနုလောမံဝါ၊ဥပ္ပဇ္ဇိတွာ၊နိရုဇ္ဈတိ၊တံသမ္ပယုတ္တံဉာဏံ၊အနု
လောမေဉာဏံ။တတောပရံနိဗ္ဗာနံ၊အာရမ္မဏံကတွာ၊ ဂေါတြဘု
ဉာဏံဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ၊တတောပရံသကိံယေဝမဂ္ဂေါဥပ္ပဇ္ဇိတွာ
နိရုဇ္ဈတိ။တထါတတောပရံ။ဧကံဒွိတိက္ခတ္တုံဖလမေဝဥပ္ပဇ္ဇိတွာ၊နိ
ရုဇ္ဈတိ၊တတောပရံ၊ဘဝင်္ဂပါတော၊ဟောတီတိ။ ။ဤကားလက္ခ
ဏာရေးအာရုံကို၊အာရုံပြု၍။ အနုလောမဉာဏ်ဖြစ်ပုံ၊ ထိုနောင်
နိဗ္ဗာန်ကိုအာရုံပြု၍။ ဂေါတြဘုဉာဏ်၊ ထိုနောင်၊ မဂ်ဉာဏ်။ထို
နောင်ဖိုလ်ဉာဏ်၊ အစဉ်ဖြစ်ပုံကိုလည်းမှတ်အပ်၏။ ။ဤကား
ဆရာတော်ဘုရားကြီး၏ ဝိပဿနာဉာဏ်ပွါး ဟန်ပုံ နည်းကို။
နိသျည်းပြု၍အကျဉ်းပြန်အပ်သောနည်းတည်း။ ။မေမမ၊ခန္ဓာငါး
ခုအပေါင်းရဋ္ဌိငါဟုပညတ်၊ သမုတ်အပ်သောငါ၏။ ပဉ္စက္ခန္ဓာ၊
ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့
သည်။ ခယဋ္ဌေန၊ ရွေ့လျော့ဘော်လွဲ၊ပျော်စဲတတ်သောသဘော
ကြောင့်။ ဝယဋ္ဌေန၊ ခန်းခြောက်ပြုန်းတီး၊ပျက်စီးတတ်သောကြောင့်
အနိစ္စါ၊ အနိစ္စမည်ကုန်၏။ဘယဋ္ဌေန၊ဘေးရန်များနှယ်၊ကြောက်မက်
ဘွယ်ဖြစ်သောသဘောကြောင့်။ ပီဠနဋ္ဌေန၊ နှိပ်စက်ညှဉ်းပန်း၊
နှမ်းနယ်စေတတ်သောသဘောကြောင့်။ဒုက္ခာ၊ဒုက္ခမည်ကုန်၏။အ
သာရကဋ္ဌေန၊အနှစ်မရှိ၊ပုတိညစ်ကြေး၊ ပုပ်ဆွေးတတ်သောသ
ဘောကြောင့်။ အနိဿရဋ္ဌေန၊ စိုးရင်လွှမ်းမိုး၊ အစိုးမရသော

သဘောကြောင့်။အနန္တ၊အနန္တမည်ကုန်၏။ဧဝံ၊ဤသို့။သမသနံ၊
သုံးသပ်ဆင်ခြင်ခြင်းသည်။သမသနေဉာဏံ၊သမသနဉာဏ်မည်
၏။ ၁ ။အဝိဇ္ဇာသမုဒယာ၊ မောဟဟူသော အဝိဇ္ဇာဖြစ်ခြင်း
ကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊
ဖြစ်၏။ တဏှာသမုဒယာ၊ လောဘ ဟူသော တဏှာ ဖြစ်ခြင်း
ကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊
ဖြစ်၏။ကမ္မသမုဒယာ၊ ကုသိုလ်အကုသိုလ်ဟူသော ကံဖြစ်ခြင်း
ကြောင့်။ရူပသမုဒယော၊ ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊
ဖြစ်၏။ အာဟာရသမုဒယာ၊အာဟာရ ဖြစ်ခြင်းကြောင့်။ ရူပသမု
ဒယော၊ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာ
သမုဒယာ၊မောဟဟူသောအဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ဝေဒနာသ
မုဒယော၊ဝေဒနက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ တဏှာ
သမုဒယာ၊လောဘဟူသောတဏှာဖြစ်ခြင်းကြောင့်။ဝေဒနာသ
မုဒယော၊ဝေဒနက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ကမ္မသ
မုဒယာ၊ကုသိုလ်အကုသိုလ်ဟူသောကံ၏ဖြစ်ခြင်းကြောင့်။ဝေဒ
နာသမုဒယော၊ ဝေဒနက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။
ဖဿသမုဒယာ၊အတွေ့ဟူသောဖဿဖြစ်ခြင်းကြောင့်။ ဝေဒနာ
သမုဒယော၊ဝေဒနက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။
အဝိဇ္ဇာ သမုဒယာ၊ မောဟဟူသော အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်။
သညာသမုဒယော၊သညက္ခန္ဓာ၏ ဖြစ်ခြင်းသည်။ဟောတိ၊ ဖြစ်
၏။တဏှာသမုဒယာ၊လောဘဟူသောတဏှာဖြစ်ခြင်း ကြောင့်၊
သညာသမုဒယော။သညက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်
၏။ ကမ္မသမုဒယာ၊ ကုသိုလ်အကုသိုလ်ဟူသော ကံဖြစ်ခြင်း
ကြောင့်။သညာသမုဒယော၊သညက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟော
တိ၊ဖြစ်၏။ ဖဿ သမုဒယာ၊ အတွေ့ဟူသော ဖဿဖြစ် ခြင်း
ကြောင့်။သညာသမုဒယော၊သညက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟော
တိ၊ဖြစ်၏။ ။အဝိဇ္ဇာသမုဒယာ၊ မောဟဟူသော အဝိဇ္ဇာဖြစ်
ခြင်းကြောင့်။သင်္ခါရသမုဒယော၊သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်။

ဟောတိ၊ဖြစ်၏။တဏှာသမုဒယာ၊လောဘဟူသော တဏှာဖြစ်ခြင်း ကြောင့်။ သင်္ခါရသမုဒယော၊ သင်္ခါရက္ခန္ဓာ၏ ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ကမ္မသမုဒယာ၊ ကုသိုလ် အကုသိုလ်ဟူသောကံ၏ဖြစ်ခြင်းကြောင့်။သင်္ခါရသမုဒယော၊ သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဖဿသမုဒယာ၊ အတွေ့ဟူသောဖဿဖြစ်ခြင်းကြောင့်။သင်္ခါရသမုဒယော၊သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာသမုဒယာ၊မောဟဟူသော အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်။ ဝိညာဏ သမုဒ ယော၊ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဏှာသမုဒယာ၊လောဘဟူသော တဏှာဖြစ်ခြင်းကြောင့်။ဝိညာဏသမုဒယော၊ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ကမ္မသမုဒယာ၊ ကုသိုလ်အကုသိုလ်ဟူသောကံ၏ ဖြစ်ခြင်းကြောင့်။ ဝိညာဏသမုဒယော၊ဝိညာဏက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။နာမရူပသမုဒယာ၊နာမ်ရုပ်တို့၏ဖြစ်ခြင်းကြောင့်။ဝိညာဏသမုဒယော၊ဝိညာဏက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ၊မောဟဟူသောအဝိဇ္ဇာချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ရူပက္ခန္ဓာ၏ချုပ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဏှာနိရောဓာ၊လောဘဟူသောတဏှာချုပ်ခြင်းကြောင့်။ရူပနိရောဓော၊ ရူပက္ခန္ဓာ၏ချုပ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူသောကံချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရူပက္ခန္ဓာ၏ချုပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။အာဟာရနိရောဓာ၊ အာဟာရချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရူပက္ခန္ဓာ၏ ချုပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ၊မောဟဟူသော အဝိဇ္ဇာချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ဝေဒနက္ခန္ဓာ၏ ချုပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ တဏှာနိရောဓာ၊လောဘဟူသောတဏှာချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနက္ခန္ဓာ၏ ချုပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူသောကံချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနက္ခန္ဓာ၏

ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿတရား
ချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနက္ခန္ဓာ၏ ချုပ်ခြင်း
သည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ၊မောဟဟူသောအ
ဝိဇ္ဇာချုပ်ခြင်းကြောင့်။သညာနိရောဓော၊သညက္ခန္ဓာ၏ချုပ်ခြင်း
သည်။ဟောတိ၊ဖြစ်၏။တဏှာနိရောဓာ၊ လောဘဟူသောတဏှာ
ချုပ် ခြင်းကြောင့်။ သညာ နိရောဓော၊ သညက္ခန္ဓာ၏ ချုပ်ခြင်း
သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူ
သောကံချုပ်ခြင်းကြောင့်။ သညာနိရောဓော၊ သညက္ခန္ဓာ၏ချုပ်
ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿ တရားချုပ်
ခြင်းကြောင့်။ သညာနိရောဓော၊ သညက္ခန္ဓာ၏ချုပ်ခြင်းသည်။
ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ၊ မောဟဟူသော၊ အ
ဝိဇ္ဇာချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊သင်္ခါရက္ခန္ဓာ၏ ချုပ်
ခြင်းသည်။ဟောတိ၊ဖြစ်၏။တဏှာနိရောဓာ၊လောဘဟူသောတ
ဏှာချုပ်ခြင်းကြောင့်။သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ ချုပ်
ခြင်းသည်။ ဟောတိ၊ဖြစ်၏၊ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်
ဟူသောကံချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ
၏ချုပ်ခြင်းသည်။ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿတရား
ချုပ် ခြင်းကြောင့်။ သင်္ခါနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ ချုပ်ခြင်း
သည်။ဟောတိ၊ဖြစ်၏။ ။အဝိဇ္ဇာနိရောဓာ။မောဟဟူသောအ
ဝိဇ္ဇာချုပ်ခြင်းကြောင့်။ဝိညာဏနိရောဓော။ဝိညာဏက္ခန္ဓာ၏ချုပ်
ခြင်းသည်။ဟောတိ၊ဖြစ်၏။တဏှာနိရောဓာ။လောဘဟူသောတ
ဏှာချုပ်ခြင်းကြောင့်။ဝိညာဏနိရောဓော၊ ဝိညာဏက္ခန္ဓာ၏ချုပ်
ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်
ဟူသောကံချုပ်ခြင်းကြောင့်။ဝိညာဏနိရောဓေါ၊ဝိညာဏက္ခန္ဓာ
၏ချုပ်ခြင်းသည်။ဟောတိ။ဖြစ်၏။နာမရူပနိရောဓာ၊ နာမ်ရုပ်ချုပ်
ခြင်းကြောင့်။ဝိညာဏနိရောဓော၊ဝိညါဏက္ခန္ဓာ၏ချုပ်ခြင်းသည်။
ဟောတိ၊ဖြစ်၏။ဧဝံ၊ ဤသို့။ဥဒယဗ္ဗယါနုပဿနံ၊ဖြစ်ခြင်းပျက်ခြင်း
ကိုသုံးသပ် ဆင်ခြင်ခြင်းသည်။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယ

ဉာဏ်မည်၏။ ၂ ။မေမမ၊ ခန္ဓာငါးခု၊ အပေါင်းရှိ၊ ငါဟုပညတ်သမုတ်အပ်သောငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်ကုန်၏။ ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။ ဝိနဿန္တိ၊ ပြုန်းတီးကုန်၏။ ဝိပရိနာမံဂစ္ဆန္တိ၊ ဖောက်ပြန်ခြင်းသို့ရောက်ကုန်၏။ ဧဝံ၊ ဤသို့။ ဘင်္ဂါနုပဿနံ၊ ချုပ်ပျောက်ပျက်စီးပြုန်းတီးခြင်း သဘောကို၊ သုံးသပ် ဆင်ခြင်ခြင်းသည်။ ဘင်္ဂေဉာဏံ၊ ဘင်္ဂဉာဏ်မည်၏။ ၃ ။မေမမ၊ ခန္ဓာငါးခုအပေါင်းရှိ၊ ငါဟုပညတ်သမုတ်အပ်သောငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ် တရားတို့၏။ ဥပ္ပါဒေါ၊ ပဋိသန္ဓေနေရသဖြင့်၊ ဖြစ်ရခြင်းသည်။ ဘယံ၊ ကြောက်ရွံ့တုန်ဧး၊ ဘေးအတိသာတည်း။ ပဝတ္တံ၊ ပဋိသန္ဓေနေရသည်နောင်၊ စုတိရောက်အောင်၊ ဖောက်လွဲ ဖောက်ပြန်၊ အဘန်ဘန်ဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်ရွံ့တုန်ဧးဘေးအတိသာတည်း။ နိမိတ္တံ၊ ကာမဂုဏ်၏အာရုံအကြောင်းဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်ရွံ့တုန်ဧးဘေးအတိသာတည်း။ အာယူဟနံ၊ ခန္ဓာဖြစ်ရန်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံကို၊ လုပ်ကြံအားထုတ်ခြင်းသည်။ ဘယံ၊ ကြောက်ရွံ့တုန်ဧးဘေးအတိသာတည်း။ နိဗ္ဗတ္တိ၊ ဘဝတဘန် ဖြစ်ပြန်ရခြင်းသည်။ ဘယံ၊ ကြောက်ရွံ့ တုန်ဧး ဘေးအတိ သာတည်း။ ပဋိသန္ဓိ၊ ဘဝ ဖောက်ပြန်၊ အဘန်ဘန်ပဋိသန္ဓေနေရခြင်းသည်။ ဘယံ၊ ကြောက်ရွံ့တုန်ဧး ဘေးအတိ သာတည်း။ ဧဝံ၊ ဤသို့။ ဘယာ နုပဿနံ၊ ကြောက်ရွံ့တုန်ဧးဘေးဟု၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ ဘယေဉာဏံ၊ ဘယဉာဏ်မည်၏။ ၄ ။မေမမ၊ ခန္ဓာငါးခု အပေါင်းရှိ၊ ငါဟုပညတ်၊ သမုတ်အပ်သောငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ဥပ္ပါဒေါ၊ ပဋိသန္ဓေနေရသဖြင့်ဖြစ်ခြင်းသည်။ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟာတ်မှန်လှ၊ အာဟာရဖြစ် ခြင်းသာတည်း။ ပဝတ္တံ၊ ပဋိသန္ဓေနေရသည်နောင်၊ စုတိရောက်အောင်၊ ဖောက်လွဲဖောက်ပြန်၊ အဘန်ဘန် ဖြစ်ခြင်းသည်။ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟာတ်မှန်လှ၊

အာဟာရ ဖြစ်ခြင်း သာတည်း။ နိမိတ္တံ၊ ကာမဂုဏ်၏ အာရုံအ
ကြောင်းဖြစ်ခြင်းသည်။သာမိဿံ၊သေမင်း၏ဟင်းလျာလက်သုပ်၊
အဟုတ် မှန်လှ၊ အာဟာရ ဖြစ်ခြင်းသာတည်း။ အာရုဟာနံ၊ ခန္ဓာ
ဖြစ်ရန်ကုသိုလ်ကံ၊ အကုသိုလ်ကံကို၊ လုပ်ကြံ အားထုတ်ရခြင်း
သည်။သာမိဿံ၊သေမင်း၏ဟင်းလျာလက်သုပ်၊အဟုတ်မှန်လှ၊
အာဟာရဖြစ်ခြင်းသာတည်း။ နိပ္ပတ္တိ၊ဘဝတဘန်၊ ဖြစ်ပြန်ရခြင်း
သည်။သာမိဿံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟုတ်မှန်လှ
အာဟာရဖြစ်ခြင်းသာတည်း။ပဋိသန္ဓိ၊ဘဝဘောက်ပြန်၊ အဘန်
ဘန်ပဋိသန္ဓေ နေရခြင်းသည်။ သာမိဿံ၊ သေမင်း၏ ဟင်းလျာ
လက်သုပ်အဟုတ်မှန်လှ၊အာဟာရဖြစ်ခြင်းသာတည်း။ဧဝံ၊ဤသို့။
အာဒီနဝါနုပဿနံ၊အပြစ်ကို သုံးသပ်ဆင်ခြင်ခြင်းသည်။ အာဒီန
ဝေဉာဏံ၊ အာဒီနဝ ဉာဏ် မည်၏။ ၅ ။မေမမ၊ ခန္ဓာငါးခု အ
ပေါင်းရဥ္စ၊ ငါဟုပညတ်၊ သမုတ်အပ်သောငါ၏။ ဣမေသံခန္ဓာနံ၊
ဤခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏။ ဧတံဘိဇ္ဇနံနာမ၊ ထိုသို့ချုပ်
ပျောက်ပျက်စီး ပြုန်းတီးခြင်းမည်သည်ကား။ အဟောဝတနိဗ္ဗိဒ်၊
ခြော်ဘဝသုံးစုံဘုံခလေ့မှာ ငြီးငွေ့ဘွယ်ရှိစွာ့တကား။ အဟော
ဝတဇေကုစ္ဆံ၊ခြော်စက်ဆုပ်ဘွယ်ရှိစွာ့တကား။ အဟောဝတ
ပဋိကုလံ၊ခြော်ရွံရှာဘွယ်ရှိစွာ့တကား။ အဟောဝတနာလယံ၊
ခြော်တပ်မက်ရှုမျှော်၊မွေ့လျော်စရာမရှိပါခဲ့တကား။ဧဝံ၊ ဤသို့။
နိဗ္ဗိဒါနုပဿနံ၊ ငြီးငွေ့ဘွယ်ဟု၊ သုံးသပ်ဆင်ခြင်ခြင်းသည်။နိဗ္ဗိ
ဒေဉာဏံ၊ နိဗ္ဗိဒါဉာဏ်မည်၏။ ၆ ။မေမမ၊ ခန္ဓာငါးခု အပေါင်း
ရဥ္စ၊ငါဟုပညတ်၊သမုတ်အပ်သောငါ၏။ ဣမေသံခန္ဓာနံ၊ ဤခန္ဓာ
ငါးပါး ရုပ်နာမ်တရားတို့၏။ဥပ္ပဇ္ဇနံဝါ၊ ဖြစ်ခြင်းသည်၎င်း။ ဘိဇ္ဇနံ
ဝါ၊ချုပ်ပျောက်ပျက်စီးပြုန်းတီးခြင်းသည်၎င်း။ ဒုက္ခဒုက္ခံ၊ ဆင်းရဲ
ကြီးငယ်၊ သွယ်သွယ်နှိပ်နှင်းပင်ပန်းခြင်းဖြစ်၏။အတိဒုက္ခံ၊ အလွန်
အကဲဆင်းရဲခြင်းဖြစ်ရ၏။ တတော၊ထိုဆင်းရဲ အပေါင်းမှ။ ကဒါ၊
အဘယ်အခါ၌။အဟံ၊ ငါဟုပညတ် သမုတ်အပ်သော ငါသည်။
မုစ္စေယျံ၊စင်စစ်မချွတ်၊ ကင်းလွတ်ပါအံ့နည်း။မုဥ္စနံ၊ စင်စစ်မချွတ်

ကင်းလွတ်ရပါမူကား။ သာရဝတ၊ ကောင်းလေအံ့တကား။ အပဂမနံ၊ ချုပ်ပျော်သန့်ရှင်း၊ ကင်းလွတ်ရပါမူကား။ သာရဝတ၊ ကောင်းလေအံ့တကား။ နိဗ္ဗုဒ်၊ အခါခပ်သိမ်း၊ ငြိမ်းဇေးရပါမူကား။ သာရဝတ၊ ကောင်းလေအံ့တကား။ ဇေံ၊ ဤသို့။ မုဉ္စနာနုပဿနံ၊ လွတ်လိုသောအခြင်းအရာဖြင့် သုံးသပ်ဆင်ခြင်ခြင်းသည်။ မုဉ္စိတုကမျတာဉာဏံ၊ မုဉ္စိတုကမျတာ ဉာဏ်မည်၏။ ၇ ။ မေမမ၊ ခန္ဓာငါးခုအပေါင်းရုဒ္ဓ၊ ငါဟုပညတ်၊ သမုတ်အပ်သောငါ၏။ ပဉ္စက္ခန္ဓါ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ အနိစ္စန္တိကတော၊ မတည်မမြဲဘော်လွဲခြင်းလျှင်၊ အဆုံးရှိသောကြောင့်။ အနိစ္စါ၊ အနိစ္စမည်ကုန်၏။ အဓုဝတော၊ အကျိတ်အခဲ၊ အမြဲမရှိခြင်းကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ တာဝကာလိကတော၊ အခိုက်အတန့်တသက်လျှာခန့်မျှသာ ဖြစ်ခြင်းကြောင့်။ အနိစ္စာ၊ အနိစ္စ မည်ကုန်၏။ ဥဒယဗ္ဗယပရိစ္ဆိန္နတော၊ ဖြစ်ခြင်းပျက်ခြင်းလျှင်၊ အပိုင်းအခြားရှိခြင်းကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ မေမမ၊ ခန္ဓာငါးခုအပေါင်းရုဒ္ဓ၊ ငါဟုပညတ်သမုတ်အပ်သောငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေဓမ္မါ၊ ဤရုပ်နာမ်တရားတို့သည်။ ဒုက္ခမတော၊ ငြိုငြင်ဆင်းရဲ၊ သည်းခံနိုင်ခဲသောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အတာဏတော၊ စောင့်ရှောက်ရာ၊ မဟုတ် သောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အလေဏတော၊ မှီခိုပုံးအောင်း၊ လည်းလျှောင်းရာမဟုတ်သောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ဥဒယဗ္ဗယပိဠနတော၊ ရုံခါမကင်း ဖြစ်ပျက်ခြင်းတို့ဖြင့်၊ ညှဉ်းပန်း နှိပ်စက်ခြင်းကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ မေမမ၊ ခန္ဓာငါးခုအပေါင်းရုဒ္ဓ၊ ငါဟုပညတ်၊ သမုတ်အပ်သောငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ရိတ္တတော၊ ညှီနံစက်ဆုပ်၊ အပုပ်ကိုယ်လုံးပျံ့နှံ့ဖုံး၍ အသုံးမကျသောကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ တုစ္ဆတော၊ ဆင်းရဲခပ်သိမ်း၊ ကိမ်းဝပ်ခိုမှီး၊ အချည်းနှီးသာဖြစ်ခြင်းကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ သုညတော၊ ကိုယ်ဟုဘန်ဘန်ပညတ်သံမှ၊ ဆိတ်ညံခြင်းကြောင့်။ အနတ္တာ၊ အနတ္တမည်

ကျွန်၏။အသာရကတော၊အနှစ်မရှိသောသဘောကြောင့်။အနတ္တာ အနတ္တမည်ကျွန်၏။ဇော်၊ဤသို့။ပဋိသန္ဓေနှပသသန်၊လက္ခဏာရေးတင်၍ အဘန်ဘန် ရှုပြန် ခြင်းသည်။ ပဋိသန္ဓေနေဉာဏ်၊ ပဋိသန္ဓေနဉာဏ်မည်၏။ ၈ ။မေမမ၊ခန္ဓာငါး၌ အပေါင်းရန်၊ ငါဟုပညတ်သမုတ်အပ်သောငါ၏။ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါးဟုဆိုအပ်ကျွန်သော်။ ဋ္ဌမေဓမ္မာ၊ဤရုပ်နာမ်တရားတို့သည်။ရိတ္တာ၊ ညှိနှံစက်ဆုပ်အပုပ် ကိုယ်လုံးပျော့နှံ့ဖုံး၍ အသုံးမကျချေတကား။ တုစ္ဆာ၊ ဆင်းရဲ ခပ်သိမ်း၊ကိမ်းဝပ်ခိုမှီး၊အချည်းနှီးသာတကား။သုညာ၊ကိုယ်ဟုဘန် ဘန်ပညတ်သံမှ၊ဆိတ်ညံ့ခဲ့၏တကား။နိရတ္တကာ၊ အနည်းငယ်မျှ ဝိပါကမျိုး၊အကျိုးမရှိခဲ့တကား။ အတ္တေနဝါ၊ ငါ၏ကိုယ်အားဖြင့်ရင်း။အတ္တနိယေနဝါ၊ငါ၏ဥစ္စာအားဖြင့်ရင်း။ တေဓမ္မာ၊ထိုခန္ဓာငါးပါးရုပ်နာမ် တရားတို့သည်။ နအဟံ၊ ငါမဟုတ်ချေတကား။ တေဓမ္မာ၊ထိုခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ နမမ၊ ငါ၏ဥစ္စာမဟုတ်ချေတကား။ဇော်၊ဤသို့။ဥဒါသိနေန၊မရှန်းမချစ်၊လျစ်လျူခြင်းဖြင့်။သင်္ခါရုပေက္ခာနုပဿနံ၊ ခန္ဓာငါးပါးသင်္ခါရတရားတို့၌၊မိုင်းခြားလျစ်လျူ ခွဲယူတပ်တပ် သုံးသပ်ဆင်ခြင်ခြင်းသည်။ သင်္ခါရုပေက္ခေဉာဏ်၊သင်္ခါရုပေက္ခာဉာဏ်မည်၏။ ၉ ။ဟာဝေ၊စင်စစ်၊ ယဒါ၊ အကြင်အခါ၌။မဂ္ဂေါ၊ မဂ်သည်။ဥပ္ပဇ္ဇိဿတိ၊ ဖြစ်တော့လတံ့။တဒါ၊ထိုအခါ၌။တံ၊ထိုဝိပဿနာစိတ်သည်။နဝတ္တဗ္ဗာရမ္မဏံ၊ လက္ခဏာရေးအါရုံကို။ကတွာ၊အာရုံပြု၍။ပရိကမ္မံဝါ၊ပရိကံဟူ၍ရင်း။ဥပစာရံဝါ၊ဥပစါရဟူ၍ရင်း။အနုလောမံဝါ၊အနုလုံဟူ၍ရင်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ချုပ်၏။ တံသမ္ပယုတ္တံ၊ ထိုပရိကံ၊ စသည်နှင့် ယှဉ်သော။ဉာဏံ၊ ဉာဏ်သည်။ အနုလောမေဉာဏံ၊ အနုလောမ ဉာဏ်မည်၏။ ၁၀ ။တတောပရံ၊ ထိုနောက်မှ။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊အာရုံပြု၍။ဂေါတြဘုဉာဏံ၊ ပုထုဇ္ဇနာန်ပုပ်၊ အနွယ်ယုတ်ကို။ ပယ်နုတ် နှိပ်ကွပ်လျှင်၊ အရိယာဇာတ်၊ အနွယ်မြတ်ကို၊ ဆင့်ထပ်တိုးပွါး စေတတ် သော၊ ဂေါတြဘူ ဉာဏ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

တတောပရံ၊ထိုနောက်မှ။ သကိံ ယေဝ၊တကြိမ်သာလျှင်။မဂ္ဂေါ၊
မဂ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ နိရုဇ္ဈတိ၊ ချုပ်၏။ တတောပရံ၊ထိုမှ
နောက်၌။တထာ၊ထိုမဂ်ကဲ့သို့။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။အာရမ္မဏံကတွာ
အာရုံပြု၍။ဧကံဒွိတိက္ခတ္တုံ၊တကြိမ် ၂ ကြိမ် ၃ ကြိမ်၊ဖလမေဝ
ဖိုလ်စောသည့်သာလျှင်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။နိရုဇ္ဈတိ၊ချုပ်၏။တတော
ပရံ၊ထိုမှနောက်၌။ ဘဝင်္ဂပါတော၊ဘဝင်ကျသည်။ ဟောတိ၊ဖြစ်
၏။ဣတိ၊ဤတွင်အပြီးတည်း။ ။ဤကားဉာဏ်၁၀ပါးတည်း။ ။
ဝိပဿနာအစဉ်ဖြင့်။ ရှုဆင်ခြင်သော ယောဂါဝစရ ပုဂ္ဂိုလ်အား။
နှလုံးသွင်းရန်ဝိသုဒ္ဓိ ၇ ပါးကိုဆိုဦးအံ့။ ။ဝိပဿနာကမ္မဋ္ဌာနေသု
ပန၊ သီလဝိသုဒ္ဓိ။ စိတ္တဝိသုဒ္ဓိ။ ဒိဋ္ဌိဝိသုဒ္ဓိ။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ
မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။ ဉာ
ဏဒဿနဝိသုဒ္ဓိစေတိ။ သတ္တဝိဓေန။ ဝိသုဒ္ဓိသင်္ဂဟော။ ။ဝိ
ပဿနာ ကမ္မဋ္ဌာနေသုပန၊ ဝိပဿနာ ကမ္မဋ္ဌာန်း၌ကား။ သီလဝိ
သုဒ္ဓိစ၊သီလဝိသုဒ္ဓိရင်း။စိတ္တဝိသုဒ္ဓိစ၊ စိတ္တဝိသုဒ္ဓိရင်း။ ဒိဋ္ဌိဝိသုဒ္ဓိ
စ၊ဒိဋ္ဌိဝိသုဒ္ဓိရင်း။ကင်္ခါဝိတရဏဝိသုဒ္ဓိစ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ
ရင်း။မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိစ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိ
သုဒ္ဓိရင်း။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစ၊ ပဋိပဒါဉာဏ ဒဿန
ဝိသုဒ္ဓိရင်း။ဉာဏဒဿန ဝိသုဒ္ဓိစ၊ ဉာဏ ဒဿနဝိသုဒ္ဓိရင်း။ ဣ
တိ၊ဤသို့။ဝိသုဒ္ဓိသင်္ဂဟော၊ဝိသုဒ္ဓိသင်္ဂဟကို။သတ္တဝိဓေန၊ ၇ ပါး
အပြားအားဖြင့်။ဝေဒိတဗ္ဗော၊ သိအပ်၏။ ။အဓိပ္ပာယ်အစဉ်
ကား။ငါးပါးသီလ၊၈ပါးသီလ၊၁၀ပါးသီလ၊ပါတိမောက္ခသံဝရ
သီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိ
သုဒ္ဓိသီလဟုဆိုအပ်သော။ စောင့်ရှောက်အပ်သော သီလတို့၏
ဖြူစင်သန့်ရှင်းစင်ကြယ်ခြင်းသည်။ သီလဝိသုဒ္ဓိမည်၏။ သမထ
ကမ္မဋ္ဌာန်း၏အစွမ်းအားဖြင့်။ နီဝရဏ ၆ ပါးတို့ကို ခွါ၍။ တခုခု
သောကမ္မဋ္ဌာန်းတည်းဟူသော။အာရုံ၌တည်ကြည်ခြင်း။ မပြန့်မ
လွင့်ခြင်းဟုဆိုအပ်သော။ ဥပစာရသမာဓိ။ ရူပါဝစရဈာန်စိတ်
ဟုဆိုအပ်သော။ အပ္ပနာသမာဓိ။ဤ ၂ ပါးသော သမာဓိသည်။

စိတ္တဝိသုဒ္ဓိမည်၏။ ။စိတ်ရတရုတ် ၉၀။စေတသိက် ၅၂ ပါး ဟုဆိုအပ်သောနာမ်တရား။ ရုပ် ၂၈ ခုဟုဆိုအပ်သော ရုပ်တရား။ဤ ၂ ပါးသောနာမ်ရုပ်တရားနှင့်။လက္ခဏာ၊ကိစ္စ၊ ပစ္စုပဋ္ဌာန်။ ပဒဋ္ဌာန်အားဖြင့်သိသည်ဖြစ်၍ ဆင်ခြင်နိုင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ။ပဋိသန္ဓေအခါ၌။ထိုနာမ်ရုပ်တရား ၂ ပါး၏ ဖြစ်ကြောင်းကား။အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်မည်သော၊ တေဘုမ္မကကံတည်း။ရုပ်တရားကား။ပဝတ္တိအခါ၌။ကံ၊ စိတ်၊ဥတု၊အာဟာရတည်းဟူသော ၄ ပါးသော အကြောင်းကြောင့် ဖြစ်၏ဟု။ အကြောင်းကို သိမ်းဆည်းနိုင်ခြင်းသည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ဩဘာသအစရှိသော ၉ ပါးသောဂုဏ်။ထိုဂုဏ် ၉ ပါးနှင့်။တပ်တတ်သော သိမ်မွေ့သောတဏှာ။ ဤဆယ်ပါးသော ဝိပဿနာဉာဏ်၏။အညစ်အကြေးဖြစ်သော။ မဂ်ကိုဆီးတားပိတ်ပင်တတ်သော ဘေးရန်ကို သိမ်းဆည်းနိုင်သည်၏ အစွမ်းအားဖြင့်၊မဂ်ရခြင်း၏အကြောင်း၊ ဟုတ်သည် မဟုတ်သည်ကို မှတ်ခြင်း။ဆုံးဖြတ်ခြင်းသည်။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ထိုသို့သောအခြင်းအရာဖြင့်။ မဂ်ကို ဆီးတား ပိတ်ပင် တတ်သော ဘေးရန်မှလွတ်သော။ယောဂီပုဂ္ဂိုလ်အား။ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုသိတတ်သော။ ဥဒယဗ္ဗယ ဉာဏ်ဖြစ်သည်မှစ၍ အနိစ္စ၊ဒုက္ခ၊အနတ္တဟူသောလက္ခဏာရေး သုံးပါးကို။ ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့်ရှုသောယောဂီပုဂ္ဂိုလ်အား။ ဥဒယဗ္ဗယဉာဏ်လျှင် အမိုင်း အခြား ရှိသော ၉ ပါးကုန်သော ဝိပဿနာဉာဏ်တို့သည်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ကျင့်သော ယောဂီ ပုဂ္ဂိုလ်အား။ ဝိပဿနာဉာဏ်၏ရင့်ခြင်းကိုစွဲ၍။ အပ္ပနာဟု ဆိုအပ်သော လောကုတ္တရာဖြစ်သော။ သောတာပတ္တိမဂ်စိတ်သည်။ ဖြစ်လတံ့သောအခါ၌၊ တိဟိတ်ဘဝင် အယည့်ကိုဖြတ်၍။ မနောဒွါရာ ဝဇ္ဇန်း စိတ်ဖြစ်၏။ ထိုနောင်မှ။ ၂ ကြိမ် ၃ ကြိမ်။ ဝိပဿနာစိတ်တို့သည်။ အနိစ္စ၊ဒုက္ခ၊အနတ္တဟူသောလက္ခဏာရေးသုံးပါး

…သိုလ်
စာကြည့်တိုက်

ကိုအာရုံပြု၍။ ပရိကံ၊ ဥပစာ။ အနုလုံဟုဖြစ်ကုန်၏၊ ထိုနောင်မှ ပုထုဇ္ဇာန်၏အမည်ကို၊နှိပ်စက်တတ်သော၊အရိယာတို့၏ အမည် အနွယ်ကို ဖြီးမြောက်တတ်သော၊ မဟာကုသိုလ် ပဌမဇွေးတို့ တွင်။တခုသည်၊ နိဗ္ဗာန်ကို အာရုံပြု၍။ ဂေါတြဘူဟူသော၊ အမည်ဖြစ်၏။ ထိုနောင်မှ၊ သောတာပတ္တိမဂ်စိတ်သည်။ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်၏။ ။ဤသောတာပတ္တိမဂ်စိတ်ဖြစ်ဟန် (ဥပမာ) ကား။ ။ဆီမီးသည်၊အလင်းကိုပြုခြင်း။အမိုက်ပျော်ခြင်း။ ဆီကို ခန်းစေခြင်း။ဆီမီးစာကိုလောင်ခြင်း။ဤကိစ္စ ၄ ပါးကိုတပြိုင်နက် တချက်တည်းပြီးစေသကဲ့သို့ရင်း။လှေသည်။ဤမှာဘက်ကမ်းကို စွန့်ခြင်း။ရေအယဉ်ကိုဖြတ်ခြင်း။ ဝန်ကိုရွက်ဆောင်ခြင်း။ ထိုမှာ ဘက်ကမ်းကိုရှေ့ရှုခြင်း။ ဤကိစ္စ ၄ ပါးကို တပြိုင်နက်တချက် တည်းပြီးစေသကဲ့သို့ရင်း။ ။သောတာပတ္တိမဂ်စိတ်သည်၊နိဗ္ဗာန် ကိုအာရုံပြု၍ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း။ သမုဒယသစ္စာကို ပယ်ခြင်း။နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း။မဂ္ဂသစ္စာကိုပွါးခြင်း ဤကိစ္စ ၄ ပါးကိုတပြိုင်နက်တချက်တည်းဖြစ်၏။ ။ဤသောတာ ပတ္တိမဂ်စိတ်သည်။ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ထိုနောင်သော တာပတ္တိဖိုလ်စိတ်သည်။ ၂ကြိမ်၃ကြိမ်ဖြစ်၍ချုပ်၏။ထိုပုဂ္ဂိုလ် သည်သောတာပန်ပုဂ္ဂိုလ်မည်၏။ ။ဤကား၊ ဝိသုဒ္ဓိယာ၏။အ စည်အဝိပ္ပါယ်တည်း။

ဤဆိုကဲ့သော၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တိုင်မြောက်။ ရောက်လိုသူတို့အား။ဘုံ ၃ပါးနှင့်အကျုံးဝင်သော၊ ခန္ဓာနံမျပ်အ ပေါင်းအစုတို့ကို။ဒုက္ခသာလျှင်အမြဲဖြစ်ရခြင်း။ဇာတိဇရာ၊ဗျာဓိမ ရဏာစသော၊ဘေးဆင်းရဲမျိုးတို့မှ။ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဘုံ ၃ ပါးလျှင်။အပိုင်းအခြားအဆုံးရှိသော။ သစ္စာ၄ပါး။ ထွက် မြောက်ကြောင်းတရားကို။ ဟောတော်မူသည်ကား။ ။ယေ ဓမ္မာဟေတုပဘဝါ။ တေသံဟေတု တထာဂတော။ အာဟတေ သဉ္စနိရောဓော။ ဧဝံဝါဒီမဟာသမဏော။ ။ယေဓမ္မာ၊အ ကြင်ဇာတိဇရာ၊ ဗျာဓိမရဏာ၊ အစရှိသော၊ ဒုက္ခသစ္စာ တရားတို့

သည်။ဟေတုပဘာဝါ၊ တဏှာဟူသော၊သမုဒယသစ္စာလျှင်၊ အ
မွှန်းရှိကုန်၏။တေသံ၊ ထိုဒုက္ခသမုဒယသစ္စာ ၂ ပါးတို့၏။ ဟေ
တုံ၊ ဖြစ်ရာဖြစ်ကြောင်း၊ ချုပ်ရာချုပ်ကြောင်း ဖြစ်သော၊ မဂ္ဂ
သစ္စာတရားကို။ တထာ ဂတော၊ ငါတို့ဆရာ၊ မြတ်စွာ ဘုရား
သည်။အာဟ၊ဟောတော်မူ၏။တေသဉ္စ၊ထိုအလုံးစုံသောတရား
တို့၏လည်း။နိယောဓော၊ချုပ်ရာဧကန်၊နိဗ္ဗာန်တရားကို။မဟာသ
မဏော၊ရဟန်းမြတ်ဗွား၊တို့ဆရာသည်။ဧဝံဝါဒီ၊ ဤသို့အဲ့ယူရှိ၏။
ဝါ၊ဟောတော်မူ၏။ ။ဟူ၍သစ္စာ ၄ ပါးတရားအတိဂမ္ဘီရ
ကိုဟောတော်မူသည်။ ။ထို့ကြောင့်။ဇာတိဂုစ်ပါဠိတော်၌။

ဇာဒိဒုက္ခန္တိဘိက္ခဝေ၊ဓာနတော၊ ပဿတော၊ အာသဝါနံ၊ခ
ယောဟောတိ။ ၁ ။အယံဒုက္ခသမုဒယောတိ ဘိက္ခဝေ၊ ဓာန
တော၊ပဿတော၊ အာသဝါနံခယောဟောတိ။ ၂ ။အယံဒုက္ခ
နိရောဓောတိဘိက္ခဝေ၊ဓာနတော၊ပဿတော၊ အာသဝါနံခယော
ဟောတိ။ ၃ ။အယံဒုက္ခနိရောဓဂါမိနိပဋိပဒါတိဘိက္ခဝေ၊ ဓာ
နတော၊ ပဿတော၊အာသဝါနံ၊ ခယောဟောတိ။ ၄ ။ဤကား
ဇာတိဂုစ်ပါဠိတော်။ ။ဘိက္ခဝေ၊ သံသရာဘေးကိုရှုကုန်သော၊
သူတော်ကောင်း အပေါင်းတို့။ ဇာဒိ၊ ဤလောဘ တဏှာ သည်
ကြည်လည်အပ်ကုန်သော၊ဘုံသုံးပါး၌ဖြစ်ကုန်သော၊ ခန္ဓာငါးပါး
ရုပ်နာမ်တရားအပေါင်းသည်။ဒုက္ခံ၊အဖြစ်အပျက်၊ နှိပ်စက်အပ်
သည်ဖြစ်၍၊ဆင်းရဲများစွာ၊ဒုက္ခသာတည်း။ဇာတိ၊ဤသို့၊တပ်တပ်
ထင်ထင်။ ဓာနတော၊ သိသော ပုဂ္ဂိုလ်အား။ ပဿတော၊ မြင်
သောပုဂ္ဂိုလ်အား။ အာသဝါနံ၊ ကာမ၌တပ်တတ်သော၊လောဘ
တဏှာဟူသောကာမာသဝ၊ ရူပအရူပ၌တပ်တတ်သော၊ လော
ဘတဏှာဟူသောဘဝါသဝ၊ဘောက်ပြန်ခြင်း သဘောရှိသော၊
ဒိဋ္ဌိဟူသောဒိဋ္ဌာသဝ၊ဖုံးလွှမ်းတတ်သော၊ မောဟဟူသော၊ အ
ဝိဇ္ဇာသဝဟုဆိုအပ်သော၊အာသဝေါတရား၄ပါးတို့၏။ခယော၊
ပျက်စီးခန်းခြောက်၊ ကုန်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်လေ
၏။ ၁ ။ဘိက္ခဝေ၊ သံသရာ ဘေးကို ရှုကုန်သော၊ သူတော်

ကောင်းအပေါင်းတို့။အယံ၊ဤလောဘတဏှာသည်။ ဒုက္ခသမုဒယော၊ဘုံသုံးပါး၌ ဖြစ်ကုန်သော၊ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါင်းဟူသောဒုက္ခ၏ဖြစ်ကြောင်းသါတည်း။ဣတိ၊ဤသို့၊တပ်တပ်ထင်ထင်။ ဇာနတော၊သိသောပုဂ္ဂိုလ်အား။ပဿတော၊မြင်သောပုဂ္ဂိုလ်အား။ အာသဝါနံ၊ ကာမာသဝ၊ဘဝါသဝ၊ ဒိဋ္ဌာသဝ၊အဝိဇ္ဇါသဝဟုဆိုအပ်သော။အာသဝေါတရား ၄ပါးတို့၏။ခယော၊ပျက်စီးခန်းခြော်၊ ကုန်ပျော်ခြင်းသည်။ဟောတိ၊ဖြစ်လေ၏။ ၂ ။ ဘိက္ခဝေ၊ သံသရာ ဘေးကို ရှုကုန်သော သူတော်ကောင်း အပေါင်းတို့။အယံ၊ ဤသစ်တနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဒုက္ခအပေါင်းတို့၏ချုပ်ပျက်ပျောက်ကင်းရာသါတည်း။ဣတိ၊ ဤသို့တပ်တပ်ထင်ထင်၊ဇာနတော၊ သိသောပုဂ္ဂိုလ်အား။ ပဿတော၊မြင်သောပုဂ္ဂိုလ်အား။အာသဝါနံ၊ကာမာသဝ၊ဘဝါသဝ၊ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဟုဆိုအပ်သော၊ အာသဝေါတရား ၄ ပါးတို့၏။ ခယော။ပျက်စီးခန်းခြောက်၊ ကုန်ပျောက်ခြင်းသည်။ဟောတိ၊ ဖြစ်လေ၏။ ၃ ။ဘိက္ခဝေ။ သံသရာဘေးကို ရှုကုန်သော သူတော်ကောင်းအပေါင်းတို့။အယံ၊ဤမဂ္ဂင်တရားသည်။ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ဒုက္ခအပေါင်းတို့၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောတရားတည်း။ ဣတိ၊ဤသို့ တပ်တပ်ထင်ထင်။ ဇာနတော၊ သိသောပုဂ္ဂိုလ်အား။ပဿတော။ မြင်သောပုဂ္ဂိုလ်အား။ အာသဝါနံ၊ ကာမာသဝ၊ဘဝါသဝ။ဒိဋ္ဌာသဝ။ အဝိဇ္ဇါသဝဟုဆိုအပ်သော၊အာသဝေါတရား၄ပါးတို့၏။ ခယော၊ပျက်စီးခန်းခြောက် ကုန်ပျောက်ခြင်းသည်။ဟောတိ၊ဖြစ်လေ၏။ ၄ ။ဤကားသစ္စာ၄ပါးအနက်။ ။သစ္စာ၄ပါးတွင်။ ဘုံသုံးပါးလျှင် အဆုံးရှိသော၊ ဒုက္ခသဘောကို မြင်သဖြင့်၊ အာသဝေါ ကုန်ခြင်း ဖြစ်ရာသည်။ အာသဝေါတရားလည်း။ ဘုံသုံးပါး၌ ကြည်ညိုလည်ကြောင်းတရားမည်၏။ ဤအာသဝေါဖြစ်ကြောင်း။ တရားကိုယ်သည်။ ဝိပ္ပလ္လာသ၄ပါးကြောင့်ဖြစ်၏။ဝိပ္ပလ္လာသ၄ပါးဟူသည်ကား။ ။အသုဘေသုဘန္တိ ဝိပ္ပလ္လာသော။ အနတ္တာနိ၊ အတ္တာတိဝိပ္ပလ္လာသော။

ဒုက္ခေသုခန္တိ ဝိပ္ပလ္လာသော။အနိစ္စေနိစ္စန္တိ ဝိပ္ပလ္လာသောဟူ၍ ၄ ပါးတည်း။ ။ထို့ကြောင့်၊ခန္ဓပဉ္စက၊ဒွတ္တိံသ်ကာယ၊အသုဘကို။သုဘဟုမှတ်ရှုခြင်း။အနတ္တကိုအတ္တဟုမှတ်ရှုခြင်း။ ဒုက္ခကို၊သုခဟုမှတ်ရှုခြင်း။အနိစ္စကို၊နိစ္စဟုမှတ်ရှုခြင်း၊မောဟသည်။အဝိဇ္ဇာသဝမည်၏။ဤကဲ့သို့အသုဘ၊အတ္တ၊သုခ၊နိစ္စဟု၊စွဲလမ်းခြင်းဒိဋ္ဌိသည်ဒိဋ္ဌာသဝမည်၏။ ထိုတရားကိုကပ်ငြိခြင်းအဘိဇ္ဈာလောဘသည်။ကာမာသဝမည်၏။ဘဝါသဝလည်းမည်၏။ ဤသို့လျှင်။ခန္ဓပဉ္စကဒွတ္တိံသ်ကိုစွဲ၍။ကာမာသဝ၊ဘဝါသဝ၊ဒိဋ္ဌာသဝ၊အဝိဇ္ဇာသဝအားဖြင့်။နိဗ္ဗာန်ကမ်းသို့မကူးသန်းနိုင်အောင်။ရှက်ဆောင်မျောနစ်တတ်သော။အာသဝေါ ၄ ပါး။ အယုတ်တရားတို့သည်ဖြစ်ကုန်၏။ထိုကြောင့်၊ခန္ဓပဉ္စက၊ဒွတ္တိံသ်ကို၊ယထာဘူတအားဖြင့်။အသုဘ၊အနိစ္စ၊ဒုက္ခ၊အနတ္တဟုမဘော်မပြန်၊ဟုတ်မှန်သည့်အတိုင်းပိုင်းခြား၍။သိသောဉာဏ်သည်။အဝိဇ္ဇာအနာသဝမည်၏။ထိုသို့သိသဖြင့်။ခန္ဓပဉ္စက၊ဒွတ္တိံသ်၌စွဲလမ်းခြင်းကိုစွန့်တတ်သောဉာဏ်သည်။ဒိဋ္ဌိအနာသဝမည်၏။ထိုသို့သိသဖြင့်။ခန္ဓပဉ္စက၌ကပ်ငြိခြင်းကိုစွန့်တတ်သောဉာဏ်သည်။ ပြဋ္ဌာန်းသော၊ အနဘိဇ္ဈာ အလောဘသည်။ကာမအနာသဝ၊ ဘဝအနာသဝမည်ကုန်၏။ ။ဤသို့လျှင်၊ခန္ဓပဉ္စက၊ဒွတ္တိံသ်ကိုစွဲ၍ကာမအနာသဝ၊ ဘဝအနာသဝ၊ဒိဋ္ဌိအနာသဝ၊အဝိဇ္ဇာအနာသဝအားဖြင့်။သံသရာကိုပယ်ဖြတ်၍။ နိဗ္ဗာန်သို့ကူးခတ်နိုင်အောင်။ရှက်ဆောင်သည်မိုးတတ်သော၊ အနာသဝေါ ၄ပါး၊ မြတ်တရားတို့သည်ဖြစ်ကုန်၏။ ။ထိုအနာသဝေါတရား ၄ပါးရှိသောပုဂ္ဂိုလ်သည်၊ အာသဝေါတရား ၄ပါးကိုကုန်စေသည်ဖြစ်၍၊ ကုန်ပြီးသော အာသဝေါ ရှိသော ပုဂ္ဂိုလ် ဖြစ်ရကား။ခီဏာသဝဟူ၍ခေါ်ဆိုအပ်သည်။ ။ထိုကြောင့်၊ခန္ဓာပဉ္စက၊ဒွတ္တိံသ်၌ဘော်ပြန်တတ်သော ဝိပ္ပလ္လာသတရား။ ၄ ပါးသောလက္ခဏာကို။ နေ့ညဉ့် မပြတ်၊ အထပ်ထပ် ရှုကာ။ ပယ် ခွါကြလေ။

ဤသို့ပယ်ခွါနိုင်ခြင်းအကြောင်းလည်း။သမ္ပတ္တိစက် ၄ပါးနှင့်

ကြံမ်ကြိုက်မှသာ၊ဖြစ်နိုင်သည်၊ထိုသမ္ဘတ္တိစက် ၄ ပါးတွင်။ပဋိရူပဒေသစက်။ပုပ္ပေစကတပုညတာ။ အတ္တသမ္မာပဏိဓိ ဟူသော စက်သုံးပါးကိုရသဖြင့်။ သပ္ပုရိသဟူသော၊ သူတော်ကောင်းနှင့် တွေ့ကြုံမ်ခြင်းကြောင့်။ စက် ၄ ပါးပြည့်စုံ၍။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ရာသည်။ သပ္ပုရိသစက်တခုကိုရလျှင်။ သုံးပါးသော စက်လည်း။အနွှောကတဖြစ်၍။စက် ၄ ပါးနှင့် ကြံမ်ကြိုက်သည် ပင်၊ဆိုရမည်။ ။ထိုသပ္ပုရိသစက်ဟူသော၊ သူတော်ကောင်း ကို၊တွေ့ကြုံမ်ရခြင်းအကျိုးဖြင့်ဆိုအံ့။ ။ဥပနိဿူဂေါစရော၊ ဒသကထာ ဝတ္ထုဂုဏာသမ္ဘဏာ ဂတော။ ကလျာဏမိတ္တော၊ယံ နိဿာယ။ အသုတံသုနာတိ၊သုတံပရိယောဒါပေတိ။ ကင်္ခံ ဝိတရတိ၊ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တံ ပသာဒေတိ။ ယဿဝါပန၊ အနုသိက္ခမာနော၊ သဒ္ဓါယသီလေန။ သုတေနစာဂေန ပညာယဟော တိ။ အယံဥပနိဿူဂေါစရော။ ။ဥပနိဿူဂေါစရော၊ ဥပနိဿူ ဂေါစရသည်။ဒသကထာဝတ္ထုဂုဏာသမ္ဘဏာဂတော၊ဆယ်ပါး သော၊ကထာဝတ္ထုကျေးဇူးနှင့်ပြည့်စုံသော။ ကလျာဏမိတ္တော၊ အဆွေခင်ပွန်းကောင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ယံ၊ ဤသူကို။ နိဿာယ၊မှီ၍။အသုတံ၊မကြားနာရသေးသော၊ တရားစကားတို့ ကို။ သုနာတိ၊ ကြားနာရ၏။ သုံတံ၊ ကြားနာရပြီးသော တရားစ ကားကို။ပရိယောဒါပေတိ၊ ဖြူစင်စေ၏။ကင်္ခံ၊ ယုံမှားခြင်းကို။ဝိ တရတိ၊ဖျောံနိုင်၏။ဒိဋ္ဌိ၊အယူကို။ ဥဇုံ၊ဖြောင့်စွာ။ကရောတိ၊ပြု နိုင်၏။စိတ္တံ၊စိတ်ကို။ပသာဒေတိ၊ ကြည်ညိုစေ၏။ ယဿဝါပန၊ အကြင်ပုဂ္ဂိုလ်၏မှုလည်း။ အနုသိက္ခမာနော၊ အတုလိုက်၍ကျင့် သည်ရှိသော်။သဒ္ဓါယ၊သဒ္ဓါသည်လည်း။ဟောတိ၊ဖြစ်၏။သီလေ န၊သီလသည်လည်း။ဟောတိ၊ဖြစ်၏။သုတေန၊သုတသည်လည်း။ ဟောတိ၊ဖြစ်၏။စါဂေန၊စာဂသည်လည်း။ဟောတိ၊ဖြစ်၏။ပညာ ယ၊ပညာသည်လည်း။ဟောတိ၊ဖြစ်၏။ အယံ၊ ဤသည်လျှင်။ဥပ နိဿူဂေါစရော၊ဥပနိဿူဂေါစရမည်၏။ ။ဟူ၍ဟောတော်မူ သောကြောင့်။ ။ပညာရှိ သူတော် ကောင်းကို ပေါင်း ဖေါ်ရ

ခြင်း။ ၁ ။သူတော်ကောင်းတို့ ဟောပြောသောတရားကို၊ နာခံမှတ်သားရခြင်း။ ၂ ။နာခံမှတ်သားပြီးသော တရားကို၊ ထင်မြင်အောင်၊ နှလုံးသွင်းရခြင်း။ ၃ ။နှလုံးသွင်းပြီးသော တရားအတိုင်းကြိုးခြံကျင့်သုံးရခြင်း။ ၄ ။ထိုကြောင့်။ ။သပ္ပုရိသသံသေဝ၊သဒ္ဓမ္မဿဝန။ ယောနိသော မနသိကာယ။ ဓမ္မာနုဓမ္မပဋိပန္န။ ။ဟူ၍မဂ်ဖိုလ်ရခြင်း၊အကြောင်း ၄ပါးကိုဟောသည်။ ။ထိုကြောင့်။ ။သဗ္ဘိယေဝသမာသေထ။ သဗ္ဘိ ကုဗ္ဗေထသန္ထဝံ၊သတံသဒ္ဓမ္မမညာယ။သဗ္ဗဒုက္ခာပမုစ္စတိ။ ။သဗ္ဘိယေဝ၊ သူတော်ကောင်းတို့ နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖေါ်ကုန်ရာ၏။ သဗ္ဘိ၊ သူတော်ကောင်း တို့နှင့်။ သန္ထဝံ၊ ပေါင်းဖေါ် ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ သူတော်ကောင်းတို့ ဟောပြောသော။ သဒ္ဓမ္မံ၊ ပရိယတ် မဂ်ဖိုလ် နိဗ္ဗာန်ဟူသော၊ တရားတော်ကို။အညာယ၊ သုတမယဉာဏ်၊ ဘာဝနာ ဉာဏ်တို့ ဖြင့် သိ၍။ သဗ္ဗဒုက္ခာ၊ခပ်သိမ်းသော၊သံသရာဝဋ်ဆင်းရဲအပေါင်းမှ။ ပမုစ္စတိ၊လွတ်နိုင်၏။ ။ဟုဟောတော်မူသောကြောင့်။လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာဟူသမျှကိုပင်။အဆွေခင်ပွန်းကောင်းကို။ ပေါင်းဖေါ်မိခြင်းမှကင်း၍။ ရသောသူမည်သည်မရှိဟု။ မှတ်ရာ၏။ ။ထိုမှတပါး။လောကသုမ္မား၌။ ဘဝကိုတသ်တတ် သောတဏှာသည်။သံသရာဝဋ်ဆင်းရဲကိုရင်း။ခန္ဓာငါးပါးကိုရင်း။ဟုတ်မှန်တိုင်းရှိသောအဖြစ်ကို။အဝိဇ္ဇာမောဟ။ဖုံးလွှမ်းသောအားဖြင့်မမြင်မသိနိုင်သည်ဖြစ်၍။ချစ်တတ်သောသဘော။နှစ်သက်တတ်သောသဘောတို့မှ။ယထာဘူတ။ဘာဝနာမယ၊ ဝိပဿနာဉာဏ်တို့ဖြင့်။ဟုတ်မှန်တိုင်းသောအဖြစ်ကို။ ဆင်ခြင်အောက်မေ့တတ်သော။၇ပါးသောသညာဖြင့်။ရှုဆင်ခြင်အပ်သည်ကိုပြပေအံ့။

သတ္တိမာဘိက္ခဝေ၊ သညာဘာဝိတာ၊ ဗဟုလိကတာ၊မဟပ္ဖလာဟောန္တိ၊မဟာနိသံသာ၊ အမတောဂတာ၊ အမတပရိယောသနာ။ ။ကတမာသတ္တ၊ အသုဘသညာ၊ မရဏသညာ၊ အာဟာရေ၊ပဋိကုလသညာ၊ သဗ္ဗလောကေအနဘိရတသညာ၊အ

နိစ္စသညာ။ အနိစ္စေဒုက္ခသညာ၊ ဒုက္ခေအနတ္တသညာ။ ။သတ္တ
အင်္ဂုတ္တိုရ်ပါဠိတော်၌။ သညာ ၇ ပါးကိုပြသည်။ ။ဘိက္ခဝေ၊
ရဟန်းတို့။ သတ္တ၊ ၇ ပါးကုန်သော။ ဣမေသညာ၊ ဤသညာတို့ကို။
ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်
များစွါသရေတွက်အပ်ကုန်သည်ရှိသော်။ မဟပ္ဖလာ၊ အကျိုးများ
ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဟာနိသံသာ။ အာနိသင်အကျိုး
ဆက်များကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတောဂဓာ၊ အ
မြိုက်နိဗ္ဗာန်သို့ ရောက်ကုန်ရာသည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အမတ
ပရိယောသနာ၊ အမြိုက်နိဗ္ဗါန်လျှင်၊ အဆုံးရှိကုန်သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ ။သတ္တ၊ ၇ ပါးသောသညာတို့သည်။ ကတမာ၊ အ
ဘယ်တို့နည်းဟူမူကား။ အသုဘသညာ၊ ကိုယ်ခန္ဓာ၌၊ မကောင်း
မဘွယ်မတင့်တယ်ဟုမှတ်သော သညာဧရင်း။ မရဏသညာ၊ အ
မြဲမနေသေရခြင်း၌မှတ်သော သညာဧရင်း။ အာဟာရေပဋိကူလ
သညာ၊ အစာအဟာရ၌စက်ဆုပ် ရွံရှာဘွယ်ဟုမှတ်သော သညာ
ဧရင်း။ သဗ္ဗလောကေ အနဘိရတသညာ၊ လောကသုံးပါး၌၊ မွေ့
လျော်ပျော်ပါးရာမဟုတ်ဟုမှတ်သောသညာဧရင်း။ အနိစ္စသညာ၊
အမြဲမရှိဟုမှတ်သော သညာဧရင်း။ အနိစ္စေဒုက္ခသညာ၊ မမြဲသော
တရား၌ဒုက္ခဟုမှတ်သော သညာဧရင်း။ ဒုက္ခေအနတ္တသညာ၊ ဒုက္ခ
ဖြစ်သော တရား၌၊ အစိုးမရ၊ ကိုယ်မဟုတ်ဟု၊ မှတ်သောသညာ
ဧရင်း။ ဣမာသတ္တ၊ ဤ ၇ ပါးတို့တည်း။ ။ဤကားအနက်။

ထို ၇ ပါးတို့တွင်၊ (အသုဘသညာ) ၌ဆင်ခြင်ပုံကား။ ။
အသုဘောာမေ၊ အယံကာယော၊ အသုစိပုတိဒုဂ္ဂန္ဓော၊ ဝစ္စပဿာဝ
သမ္ဘွောပိ။ ရတ္တိဒိဝံသဝန္တော ၀။ ။မေမမ၊ ငါ၏။ အယံကာ
ယော၊ ဤကိုယ်သည်။ အသုစိပုတိဒုဂ္ဂန္ဓော၊ မစင်မကြွယ်စက်
ဆုပ်ရွံရှာဘွယ်၊ အသွယ်သွယ်သော ညှီစော်ပုပ်နံ့ရှိသည်ဖြစ်၍။
အသုဘော၊ ကောင်းမွန်တင့်တယ်ရှုချင်ဘွယ်သောကိုယ်မဟုတ်
ချေ။ ဝစ္စပဿါဝသမ္ဘွောပိ၊ အနှစ်တရာရှည်မြင့်စွာ၊ သိမ်းအပ်သော
ကျင်ကြီးတွင်းကျင်ငယ်တွင်းနှင့်တူကုန်သည်ဖြစ်၍လည်း။ အသု

ဘော၊ကောင်းမွန်တင့်တယ်ရှုချင်ဘွယ်သော ကိုယ်မဟုတ်ချေ။ ရတ္တိဒိဝသဝဏ္ဏောစ၊ နေ့ညည့်မပြတ်၊ မလပ်မစဲ၊ အမြဲရိုစိုးကာ ထွက်သော အငြှစ် အကြေး ရှိသည်ဖြစ်၍လည်း။ အသုဘော၊ ကောင်းမွန်တင့်တယ် ရှုချင်ဘွယ်သော၊ ကိုယ်မဟုတ်ချေ။ ။ ဤကားအနက်။

(မရဏာ့သညာ)၌ဆင်ခြင်ပုံကား။ ။အဓုဝံမေဇီဝိတံ၊ဓုဝံ မရဏံအဝဿံ။မယာမရိတဗ္ဗံ။မရဏပရိယောသာနံ။မေဇီဝိတံ။ ဇီဝိတမေဝ။အနိယတံ။မရဏံနိယတံ။ ။မေမမ၊ငါ၏၊ဇီဝိတံ၊ အသက်သည်။အဓုဝံ၊မမြဲ။မရဏံ၊သေရခြင်းသည်။ ဓုဝံ၊မြဲ၏။မ ယာ၊ငါသည်။အဝဿံ၊မချွတ်မယွင်း။မရိတဗ္ဗံ၊သေရအံ့သည်သာ တည်း။မေမမ၊ငါ၏။ဇီဝိတံ၊ အသက်သည်။ မရဏပရိယောသာ နံ၊သေခြင်းလျှင်အဆုံးရှိ၏။ဇီဝိတမေဝ၊ အသက်သည်သာလျှင်။ အနိယတံ၊အမြဲမရှိချေ။မရဏံ၊ သေခြင်းသည်။နိယတံ၊ မြဲလှလေ ၏။ ။ဤကားအနက်။

(အဟာရသညာ)၌ဆင်ခြင်ပုံကား။ ။အန္နံပါနံ၊ ခါဒနိယံ။ ဘောဇနဉ္စ။မဟာရဟံဘုဉ္ဇတိ။ဧကရတ္တိပရိဝါသံ။သဗ္ဗံဘဝတိပု တိကံ။ ။မဟာရဟံ၊အဘိုးများစွာထိုက်သော။အန္နဉ္စ၊ ထမင်း ကိုရင်း။ပါနဉ္စ၊အဖျော်ကိုရင်း။ ခါဒနိယဉ္စ၊ ခဲဘွယ်ကိုရင်း။ဘော ဇနဉ္စ၊ဘောဇဉ်ကိုရင်း။ ဘုဉ္ဇတိ၊ သုံးဆောင်စားသောက်၏။ ဧက ရတ္တိပရိဝါသံ၊တညဉ့်မျှနေသည့်ရှိသော်။သဗ္ဗံ၊ အလုံးစုံသောအစာ အဟာရတို့သည်။ပုတိကံ၊ပုပ်သိုးခြင်းသို့။ဘဝတိ၊ဖြစ်၏။ ။ဤ ကားအနက်။

(သဗ္ဗလောကေအနဘိရတသညာ)၌၊ဆင်ခြင်ပုံကား။ ။ဇာ တိဇရာဘိ ဗျာကိဏ္ဏာ၊ အန္တဂေဟာတယောဘဝါ၊သဇောတိဘူ တာဘောရဝါ၊ဣမေသဒါနဘိရတာ။ ။ဣမေတယောဘဝါ၊ဤကာ မဘုံ၊ရူပဘုံ၊အရူပဘုံဟုဆိုအပ်ကုန်သော' သုံးပါးသောဘဝတို့ သည်။ အန္တဂေဟာ၊ အလွန် ကျဉ်းမြောင်းသော၊ ထောင်အိမ်သံ ပြိုင့်နှင့်တူကုန်သည် ဖြစ်၍။သဒါ၊ အခါခပ်သိမ်း။ အနဘိရတာ

မွေ့လျော်ပျော်ပါးရာ မဟုတ်ချေ။ ဇာတိဇရာဗျာကိဏ္ဏာ၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊သေရခြင်း၊ အစာအဟာရတို့ကိုလုပ်ကြံရှာမှီးရခြင်းဆင်းရဲ၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊အသူရကာယ် ဟူသော၊ အပါယ် ၄ ပါး၌ ဖြစ်ရခြင်းဆင်းရဲ၊ ကိုယ်အင်္ဂါတို့၏၊ဖေါက်ပြန်ချို့တဲ့ခြင်းဆင်းရဲ၊ရောဂါအနာမျိုးတို့၏ဘိစီးနှိပ်စက်ခြင်းဆင်းရဲ၊ ရန်သူငါးတန်၊ ခြီရံနှိပ်စက်ခြင်းဆင်းရဲ၊ ခြသေ့်သစ်ကျား၊မြွေပွေး ကင်းသန်းစသောဘေးရန်တို့၏၊ နှိပ်စက်ခြင်းဆင်းရဲ၊ ဤသို့ အစရှိသောဘေးမျိုး၊ ဆင်းရဲ မျိုးတို့ဖြင့်၊ ရောပွမ်းရှက်ထွေးရာဖြစ်ကုန်၍လည်း။ သဒ္ဒါ၊အခါ ခပ်သိမ်း၊ အနဘိရတာ၊မွေ့လျော်ပျော်ပါးရာမဟုတ်ချေ။သဇောတိဘူတာ၊အလျှံတပြောင်ပြောင်၊တောက်လောင် ထိန်ညီးမီးကျီး သံမြေတိုက်နှင့်တူကုန်သည်ဖြစ်၍လည်း။သဒ္ဒါ၊အခါခပ်သိမ်း။အနဘိရတာ၊မွေ့လျော်ပျော် ပါးရာမဟုတ်ချေ။ ဘေရဝါ၊ သားရဲဘီလူးတို့၏ကြောံမက်လန့်ဘွယ်အသွယ်သွယ်သောအသံတို့ဖြင့်၊ရောပွမ်းယှည်မှီးတောအုပ်ကြီးနှင့်တူကုန်သည်ဖြစ်၍လည်း။ သဒ္ဒါ၊အခါခပ်သိမ်း။အနဘိရတာ၊မွေ့လျော်ပျော်ပါးရာမဟုတ်ချေ။ ။ဤကာ:အနက်။

(အနိစ္စဒုက္ခ အနတ္တံသညာ) ၌ဆင်ခြင်ပုံကား။ ။သဗ္ဗေသင်္ခါရာအနိစ္စာ၊ခယဋ္ဌေန၊ယေအနိစ္စာ၊ တေဒုက္ခာဗိဋ္ဌေနဋ္ဌေန၊ ယေဒုက္ခာ၊တေအနတ္တာ၊အသာရကဋ္ဌေန။ ။သဗ္ဗေ၊ခပ်သိမ်းကုန်သော။သင်္ခါရာ၊ ကာံ၊စိတ်၊ဥတု၊ အာဟာရတည်းဟူသော၊ အကြောင်းတရား ၄ ပါးတို့သည်၊ ပြုပြင် စီရင်အပ်ကုန်သော၊ သက်ရှိသက်မဲ့၊သင်္ခါရတရားတို့သည်။ခယဋ္ဌေန၊ ကုန်ပျောက်ပြုန်းတီး၊ ပျက်စီးတတ်သောသဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ယေအနိစ္စာ၊ အကြင်အနိစ္စဖြစ် ကုန်သောသင်္ခါရတရား တို့သည်။ဗိဋ္ဌနဋ္ဌေန၊ ညှဉ်းဆဲနှိပ်စက်တတ်သော သဘောကြောင့်။ ဒုက္ခာ၊ငြိုငြင်သဖြင့်၊ သည်းခံအပ်ကုန်၏။ယေဒုက္ခာ၊ အကြင်ဒုက္ခဖြစ်ကုန်သော၊ သက်ရှိသက်မဲ့၊ သင်္ခါရတရားတို့သည်။ သန္တိ၊

ရှိကုန်၏။ တေဒုက္ခာ၊ ထိုဒုက္ခဖြစ်ကုန်သော။ သင်္ခါရ တရားအပေါင်းတို့သည်။အသာရကတ္တေနှ၊အနှစ်သာရမရှိသောသဘောကြောင့်။အနတ္တာ၊အစိုးမရကိုယ်မဟုတ်ကုန်။ ။ဤကား ၇ ပါးသောသညာဖြင့်ဆင်ခြင်ပုံ။

ဤသို့လောက ၃ ပါးမှ။အိုခြင်းနာခြင်းသေခြင်း။နှစ်သက်ဘွယ်မရှိခြင်းဟူသော သဘောကို။ ဟောတော်မူသည်ကား။ ။ပရိဇိဏ္ဏမိဒံရူပံ၊ရောဂနိဍ္ဍံ ပဘင်္ဂုရံ၊ဘိဇ္ဇတိပုတိသန္ဒေဟော၊ မရဏန္တံ ဟိဇီဝိတံ။ ။ဣဒံရူပံ၊ဤရုပ်သည်။ ဝါ၊ဣဒံရူပံ၊ဤကိုယ်သည်။ပရိဇိဏ္ဏံ၊အိုတတ်သောသဘောရှိ၏။ ရောဂနိဍ္ဍံ၊အနာအပေါင်းတို့ဖြင့်၊နှိပ်စက်အပ်၏။ပဘင်္ဂုရံ၊ သေသည်ဖြစ်၍ပျက်စီးတတ်သောသဘောရှိ၏။ သန္ဒေဟော၊ ကိုယ်သည်။ ပုတိ၊ ပုပ်သည်ဖြစ်၍။ဘိဇ္ဇတိ၊ပျက်စီးတတ်၏။ဇီဝိတံ၊ အသက်သည်။မရဏန္တံ ဟိ၊မရဏန္တံ ဧဝ၊သေခြင်းလျှင်အဆုံးရှိသည်သာတည်း။

အဓိပ္ပာယ်ကား။ ။အိုခြင်းနာခြင်း သေခြင်းသဘောကို။ မလွန်နိုင်ချေ။အိုခြင်းနာခြင်းသေခြင်းလျှင်အဆုံးရှိ၏။ နှပ်၊တံထွေး။ ကျင်ကြီး ကျင်ငယ်။ သွေးပြည် အစရှိသည် တို့ဖြင့်။ ပြည့်သောကိုယ်ဖြစ်၍ရင်း။ ၉ ပါးသောဒွါရတို့မှ။ နေ့ညမပြတ် စက် ဆုပ်ဖွယ်တို့ဖြင့်။ ရှိစီးသည်ဖြစ်၍ရင်း။ သေပြီးသော အကောင်ပုပ်၌။ ဖူးဖူးယောင်ခြင်း။ညိုညိုမည်းမည်း။ သွေးပြည်တို့ဖြင့် ရှိစီးခြင်း။အလွန်ပုပ်သောကိုယ်ဖြစ်၍။ ပျက်စီးခြင်းသို့ ရောက်ရာ၏၊ နေ့ညမပြတ်ဆင်ခြင်သုံးသပ်အပ်၏။ ။ထိုကြောင့်။ဝိသုဒ္ဓိမဂ်၌။ ။ ဣဒဉ္စပနမရဏာသတိ မနုယုတ္တော။ ဘိက္ခုသတတံအပ္ပမတ္တော ဟောတိ။ သဗ္ဗဘဝေသု အနဘိ ရတိသညံ့။ ပဋိလဘတိဇီဝိတနိကန္တိံ၊ဟောတိပါပဂရဟိဟောတိ။ အသန္နိဓိဗဟုလော ပရိက္ခာရေသု။ဝိဂတမလမစ္ဆေရော။ အနိစ္စသညာစဿပရိစယံဂစ္ဆတိ၊ တဒနုသာရေ နေဝ ဒုက္ခ သညာ။ အနတ္တ သညာစ ဥပဋ္ဌာတိ၊ ယထာဘာဝိတမရဏာ။ သတ္တာသဟသာဝါဠ မိဂယက္ခသပ္ပ စောရဝဓကောဘိ ဘူတာဝိယ။ မရဏာသမယေဘယံ သန္တာသံ၊

သမောဟာမာပဏ္ဍိတ္တိ။ဇေ၀ံအန ပဏ္ဍိတွာ၊ အဘယော၊ အသံမုဠ္ဍော ကာလကော်ရောတိ။ ။ဣဒ္ဓိပနမရဏာသတိ၊ ဤမရဏာသတိ ကမ္မဋ္ဌာန်းကို။အနုရုဏ္ဍာ၊အဖန်တလဲလဲအားတုတ်သော။ဘိက္ခု ရဟန်းသည်။သတတံ၊ အခါမပြတ်။ အပ္ပမတ္တော၊ မမေ့မလျော့ သည်။ဟောတိ၊ဖြစ်၏။ သဗ္ဗဘဝေသု၊ ခပ်သိမ်းသော ကာမဘ ၀၊ရူပဘ၀၊အရူပဘ၀၊တို့၌။ အနဘိရတိသညံ၊ မွေ့လျော်ဖွယ် မရှိဟူသောအမှတ်ကို။ပဋိလဘတိ၊ရ၏။ဇီ၀ိတနိက္ကန္တိ၊ အသက် ၌တပ်ခြင်းကင်းသည်။ဟောတိ၊ဖြစ်၏။ ပါပဂရဟီ၊ မကောင်းမှု ကိုကဲ့ရဲ့သည်။ဟောတိ၊ဖြစ်၏။ပရိက္ခာရေသု၊ သွမ်းသက်န်းအစ ရှိသောပရိက္ခရာတို့၌။အသန္နိဓိဗဟုလော၊ များစွာ မသိုမှီးသည်။ ဟောတိ၊ဖြစ်၏။ ဇီ၀ိတမလမစ္ဆေရော၊ပစ္စည်း ၄ ပါးတို့၌၊ ၀န်တို ခြင်းတည်းဟူသော ကင်းသော အညစ်အကြေးရှိသည်။ ဟော တိ၊ဖြစ်၏။ အဿ၊ ထိုမရဏာသတိကို၊ ပွားသောပုဂ္ဂိုလ်အား။ အနိစ္စသညာစ၊အနိစ္စသညာသည်လည်း။ပရိစယံ၊စ၀ေးခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။တဒနုသါရေနေ၀။ထိုအနိစ္စသညာကို၊အစည် လျောက်သဖြင့်သာလျှင်။ဒုက္ခသညာစ။ဒုက္ခသညာသည်ရင်း။အ နတ္တသညါစ။အနတ္တသညါသည်ရင်း။ဥပဋ္ဌာတိ၊ထင်၏။သဟာသာ၊ အဆောတလျှင်။ဝါဠ မိဂယက္ခသဗ္ဗ စောရ ၀ဓကာဘိ ဘူတာ၊ သားရဲဘီလူးမြွေခိုးသူတို့သည် နှိပ်စက် အပ်ကုန်သော။ သတ္တာ၊ သတ္တ၀ါတို့သည်။မရဏာသမယေ၊သေခါနီးသောအခါ၌။ဘယံ၊ သေဘေးမှကြောက်ခြင်းသို့။ သန္တာသံ၊ နှလုံး၏ ပူပန်ခြင်းသို့။ သ မောဟံ၊တွေဝေမိန်းမောခြင်းသို့။ အာပဏ္ဍတိယထာ၊ ရောက်ကုန် သခဲ့သို့။ဇေ၀ံတထာ၊ထိုအတူ။အနပဏ္ဍိတွာ၊ မရောက်မူ၍။ ဘာ၀ိ တမရဏာ၊ မရဏာသတိ ဘာ၀နာကို ပွါးကုန်သော။ သတ္တာ၊ သတ္တ၀ါတို့သည်။ မရဏာသမယေ၊ သေခါနီးသောအခါ၌။ အ ဘယော၊သေဘေးမှ၊ မကြောက်သည်ဖြစ်၍။ အသံမုဠ္ဍော၊သေ ဘေးမှမတွေဝေသည်ဖြစ်၍။ကာလကော်ရောတိ၊သေရ၏။ ။ဟူ ၍ရင်း။ဘုံသုံးပါး၌ပဋိသန္ဓေနေကုန်သော၊ သတ္တ၀ါဟူဟူသမျှတို့

သည်။သေမင်း၏လက်မှ မလွှန်နိုင်သည့်၏ အဖြစ်ကို။ သိသည် ဖြစ်၍။ မရဏာသတိ။ ဘာဝနာတည်းဟူသော။ လက်နက်ရှိပါ လျှင်။သေခြင်း၌။ကြောက်ခြင်းတုန်လှုပ်ခြင်း။ထိတ်လန့်ခြင်းမရှိမူ ၍၊မတွေမဝေသေရ၏ဟူလိုသတည်း။ ။ဤသေအံ့သောမရဏာ သတိကမ္မဋ္ဌာန်းကို။ အောက်မေ့ ဆင်ခြင်သော၊ ယောဂီပုဂ္ဂိုလ် အါး။ဘာဝနာမယဉာဏ်ဖြင့်၊သေခြင်းသဘောတရားတို့ကို၊ရှေး ရှုထင်လာ၏။ ။ထိုသို့ထင်လာသောကာလ။ကာမလောက၊ ရူ ပလောက၊အရူပလောက၊ဟုဆိုအပ်သော။ သုံးပါးသောလောက သည်။ရုပ်နာမ်ခန္ဓာသင်္ခါရတရား၊အပေါင်းအစုဖြစ်၍။ ပြုန်းတီး ပျက်စီးခြင်းအနိစ္စသဘော။ ဥပါတ်ဋ္ဌီဘင်နှင့်တကွ၊ သောကပရိ ဒေဝစသော ဒုက္ခသဘော။ အနှစ် သာရမရှိ၊ကိုယ်မဟုတ်၊ အ လိုသို့မလိုက်သော၊ အနတ္တသဘော၊ ဤဆိုကဲ့သော လက္ခဏာ ၃ပါးတို့ကို။ပြက်ပြက်ထင်ထင်မြင်သောအားဖြင့် ၎င်း။ကာမဝဋ်၊ ကိလေသာဝဋ်၊ဝိပါကဝဋ်ဟူသော၊ဘေးရန်အပေါင်းတို့၏။ရော ပြွမ်းနှိပ်စက်ခြင်း မကင်းသောကြောင့်၎င်း။ ဘုံ ၃ ပါးတည်းဟူ သော၊သံသရာဝဋ်ဆင်းရဲအပေါင်းတို့၏ ဆုံးကုန်ရာ၊ မဟာသိဝ အစ္စုတနိဗ္ဗာန်ကို၊လျှင်မြန်စွာရခြင်းအကျိုးငှါ။ ၇ပါးသောသညာ ကို။ဘာဝနာမယ၊ယထာဘူတ၊ဖြစ်ကြလေအောင်၊ အားထုတ်ရာ ၏။အားထုတ်တော်မူကြပါကုန်။ ။ထိုကြောင့်ဝဋ်ဒုက္ခ၏ဆုံးရာ၊ နိဗ္ဗာန်တရားတော်ကို။ ။သုသီလက္ခန်အဋ္ဌကထာ ဗြဟ္မစာလ သုတ်အဖွင့်၌။ ။ဧသေဝဋ္ဋဒုက္ခဿာတိအာဒိသု။အန္တသဒ္ဒေါပရ ဘာဂေသဗ္ဗပစ္စယသင်္ခါရေဟိ၊ဒုက္ခဿပရဘာဂေါ၊ကောဋိတိ ဝုတ္တံ။ ။ဧသေဝဋ္ဋဒုက္ခဿါတိအါဒိသု၊ဧသေဝဋ္ဋဒုက္ခဿ၊ ဤသို့အစရှိသောပါဠိရပ်တို့၌။အန္တသဒ္ဒေါ၊အန္တသဒ္ဒါသည်။ပရဘာ ဂေ၊သံသရာဝဋ်၏ ဆုံးရာအဘို့၌။ ပဝတ္တတိ၊ဖြစ်၏။ ဧသေဝ၊ ဤ နိဗ္ဗာန်တရားသည်လျှင်။ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။အန္တော၊အဆုံးဖြစ် သော၊အဘို့တည်း။ဟိသစ္စံ၊မှန်၏။သဗ္ဗပစ္စယသင်္ခါရော၊အလုံးစုံ သော ပစ္စည်းတို့၏၊ ကုန်ရာဖြစ်သော၊ နိဗ္ဗာန်ကို။ ဒုက္ခဿ၊ သံ

သရာဝန်ဆင်းရဲ၏။ပရဘာဂေါ၊ပြင်အဘို့ဖြစ်သော။ ကောဋ္ဌိတိ၊
ဝန်၏ဆုံးရာနိဗ္ဗာန်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။ဟူ၍ဟောတော်
မူသောကြောင့်ဝန်တရားဆုံးရာနိဗ္ဗာန်ကိုအါရုံပြုသင့်လှပေသည်။
ထိုသို့လက္ခဏာရေးဝိပဿနာတရားတို့ကို သုံးသပ်ဆင်ခြင်
အပ်သည်၏အဖြစ်ဖြင့်။ပြလိုသောကြောင့်။ ။ပဋိသမ္ဘိဒါမဂ်
ပါဠိတော်၌။ ။အနိစ္စတာဒိဝသေန၊ ဝိဝိဓေဟိ၊အာကာရေဟိ
ဓမ္မေ၊ပဿတီတိ၊ဝိပဿနာ။ ။အနိစ္စတာဒိဝသေန၊အနိစ္စဒုက္ခ
အစရှိသောအစွမ်းဖြင့်။ဝိဝိဓေဟိ၊ အထူးထူးအပြားပြားရှိသော။
အာကာရေဟိ၊အခြင်းအရာတို့ဖြင့်။ဓမ္မေ၊ခန္ဓာ ၅ ပါးရုပ်နာမ်တ
ရားတို့ကို။ပဿတိ၊ ရှုတတ်၏။ ဣတိ၊ထိုကြောင့်။ ဝိပဿနာ၊ဝိ
ပဿနာမည်၏။ ။ခန္ဓာ ၅ပါး ရုပ်နာမ်တရားတို့ကို။ သုံးသပ်ဆင်
ခြင်သဖြင့်။ ဖြစ်လတ့ံသော အကျိုးကား။ ။တတ္ထ အနတ္တာနု
ပဿနာ၊ အတ္တာဘိနိဝေသံ၊မုဥ္စန္တိ၊ သုညတာနုပဿနာနာမ၊ ဝိ
မောက္ခမုခံဟောတိ၊ အနိစ္စာနုပဿနာ၊ ဝိပ္ပလ္လာသ နိမိတ္တံမုဥ္စန္တိ။
အနိမိတ္တာနုပဿနာနာမ၊ ဝိမောက္ခ မုခံဟောတိ၊ ဒုက္ခာနုပဿနာ
တဏှာပဏိဓိံမုဥ္စန္တိ။အပဏိဟိတာနုပဿနာနာမ။ ဝိမောက္ခမုခံ
ဟောတိ။ ။တတ္ထ၊ထိုဝိမောက္ခ၌။အနတ္တာနုပဿနာ၊ ခန္ဓာငါး
ပါးကို၊အနတ္တ၊အနတ္တဟု၊အဘန်တလဲလဲရှုခြင်းသည်။အတ္တာဘိ
နိဝေသံ၊အတ္တဟု အမြဲနှလုံးသွင်းခြင်း စွဲလမ်း ဖေါက်ပြန်ခြင်းကို။
မုဥ္စန္တိပဇဟန္တိ၊ စွန့်သည်ဖြစ်၍။သုညတာနုပဿနာနာမ၊ သုည
တနုပဿနာ အမည်ရှိသော။ ဝိမောက္ခမုခံ၊ မဂ်၏ အကြောင်း
သည်။ဟောတိ ၊ဖြစ်၏။ အနိစ္စာနုပဿနာ ၊ခန္ဓာငါးပါးကိုအနိစ္စအ
နိစ္စဟု၊ အဘန်တလဲလဲရှုခြင်းသည်။ဝိပ္ပလ္လာသနိမိတ္တံ၊အနိစ္စ ၊မြဲ၏
ဟု၊ဖေါက်ပြန်သောအားဖြင့်ရှုခြင်းကို။မုဥ္စန္တိပဇဟန္တိ၊စွန့်သည်ဖြစ်
၍။အနိမိတ္တာနုပဿနာနာမ၊အနိမိတ္တာနုပဿနာအမည်ရှိသော။
ဝိမောက္ခမုခံ၊မဂ်၏အကြောင်းသည်။ဟောတိ၊ဖြစ်၏။ဒုက္ခာနုပဿ
နာ၊ ခန္ဓာငါးပါးကို၊ဒုက္ခ၊ဒုက္ခဟု အဘန်တလဲလဲရှုခြင်းသည်။တ
ဏှာပဏိဓိံ၊တဏှာဟူသောါတောင့်တခြင်းကို။မုဥ္စန္တိပဇဟန္တိ၊စွန့်

သည်ဖြစ်၍။ အပဏိဟိတာနုပဿနာနာမ၊ အပဏိဟိတနုပဿာ
နာအမည်ရှိသော။ဝိမောက္ခမုခံ၊ မဂ်၏အကြောင်းသည်။ ဟော
တိ၊ဖြစ်၏။ ။ဤကားအနက်။ ။(တနည်းလည်း)။ ။သုဋ္ဌု
မုတ္တော ဝိဝိဓေဟိဝါ၊ကိလေသေဟိ၊မုတ္တောတိ၊ဝိမောက္ခော၊သော
ပဏာယံ၊ ရာဂဒေါသမောဟေဟိ၊သုညတာ၊ သုညတော၊ရာဂ
ဒေါသမောဟ၊နိမိတ္တေဟိ၊အနိမိတ္တတ္တာ၊အနိမိတ္တော၊ ရာဂဒေါသ
မောဟပဏိဓိနံ၊အဘာဝတော၊ အပဏိဟိတောတိဝုစ္စတိ။ ။
ယောမဂ္ဂေါ၊ အကြင်မဂ် ၄ ပါးတရားသည်။ သုဋ္ဌု၊ ကောင်းစွာ။
မုတ္တော၊ကိလေသာမှလွတ်၏။ ဝါ၊တနည်းကား။ဝိဝိဓေဟိ၊ အ
ထူးထူး အပြားပြား ရှိကုန်သော။ ကိလေသေဟိ၊ ကိလေသာမှ။
မုတ္တော၊လွတ်သည်တည်း။ဣတိတသ္မာ၊ထိုကြောင့်။သောမဂ္ဂေါ၊
ထိုမဂ် ၄ ပါးတရားသည်။ဝိမောက္ခော၊ဝိမောက္ခမည်၏။သောပ
ဏာယံဝိမောက္ခော၊ထိုဝိမောက္ခသည်။ ရာဂဒေါသမောဟေဟိ၊
ရာဂဒေါသမောဟတို့မှ။ သုညတာ၊ ဆိတ်သောကြောင့်။ သော
မဂ္ဂေါ၊ ထိုမဂ် ၄ပါးတရားကို။သုညတောတိ၊သုညတဝိမောက္ခ
ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ရာဂဒေါသမောဟနိမိတ္တေဟိ၊ ရာဂဒေါ
သမောဟတည်းဟူသောနိမိတ်တို့ဖြင့်။အနိမိတ္တတ္တာ၊အကြောင်း
မရှိသည်၏အဖြစ်ကြောင့်။ သောမဂ္ဂေါ၊ထိုမဂ် ၄ ပါးတရားကို။
အနိမိတ္တောတိ၊အနိမိတ္တဝိမောက္ခဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ရာဂ
ဒေါသမောဟ ပဏိဓိနံ၊ ရာဂ ဒေါသ မောဟ တည်းဟူသော
တောင့်တခြင်းတို့၏။အဘာဝတော၊မရှိခြင်းကြောင့်။သောမဂ္ဂေါ၊
ထိုမဂ် ၄ ပါး တရားကို။ အပဏိဟိတောတိ၊ အပဏိဟိတ ဝိ
မောက္ခဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ။ဤကားအနက်။ ။ထိုဝိ
မောက္ခဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ် ကို စွဲ၍။ အနိမိတ္တ ဝိ
မောက္ခ၊အပဏိဟိတဝိမောက္ခ၊သုညတဝိမောက္ခဟူ၍ဝိမောက္ခ
၃ မျိုးပြား၏။ ဤဝိမောက္ခ တို့သည်။ ကိလေသာမှ လွတ်သော
ကြောင့်။ သောတာပတ္တိအစရှိသော မဂ်သည်လည်း။ ဝိမောက္ခ
မည်ကုန်၏။ ။များသောအားဖြင့်၊ အနိစ္စနုပဿနာ ရှုလေ့ရှိ

သောယောဂီသည်။အစဉ်မပြတ်ဖြစ်ခြင်း။ သန္တတိ၊ဖုံးလွှမ်းသော ကြောင့်။သင်္ခါရတို့သည်။မမြဲသောနိစ္စနိမိတ်ရှိ၏ဟုထင်မှတ်သည် ကိုဆိုခဲ့ပြီးသော၊ ဝိပဿနာဉာဏ်တို့ဖြင့်ရှုရာ။ဤသင်္ခါရတရား တို့သည်။ဥပါဒ်၊ဌီ၊ဘင်အားဖြင့်ချုပ်၏။ မမြဲမြဲတည်ကြည်ခြင်းမရှိ ဟုမြင်သောကြောင့်။သဗ္ဗေသင်္ခါရာအနိစ္စာဟူ၍။ မြတ်စွာဘုရား ဟောတော်မူပေသည်ဟု တရားတော်၌ ယုံကြည်သက်ဝင်ခြင်း။ ရတနာသုံးပါးတို့၌ ကြည်ညိုခြင်း။သဒ္ဓါတရား အားကြီးစွာ ဖြစ် ခြင်း။ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သဖြင့်။ သင်္ခါရတရားတို့ ကို၊ဥပါဒ်၊ဌီ၊ဘင်အားဖြင့်။အနိစ္စဟုရှုခိုက်၊ သင်္ခါရတရားတို့၌မမြဲ သော။နိစ္စနိမိတ်မရှိ၊မမြဲသောဥပါဒ်၊ဌီ၊ဘင်သာ၊ ကေန်စင်စစ်ရှိ ပေသည် တကားဟူ၍။ သင်္ခါရတရားတို့ကို။ စက်ဆုပ်ရွံ့ရှာသ ဖြင့်။ဤသင်္ခါရတို့မှလွန်၍၊ ဥပါဒ်၊ဌီ၊ ဘင်မရှိသော။ အသင်္ခတ တရားသို့။ သမာဓိစိတ်ညွတ်ခြင်း။ ယုံကြည်သက်ဝင်ခြင်း ရှိ၍။ သင်္ခါရနိမိတ်မဟုတ်သော၊ အနိမိတ္တဟူသောနိဗ္ဗာန်ကို အာရုံပြု ပြီးလျှင်။ ရသောမဂ်အာရုံပြုသောအခြင်းအရာကိုစွဲ၍ ဖြစ်သော နိဗ္ဗာန်သည်။ အနိမိတ္တမည်၏။ ထိုအနိမိတ္တနိဗ္ဗာန်ကို အာရုံပြု၍ရ သောကြောင့်၊အနိမိတ္တဝိမောက္ခမည်၏။ ။ဤအနိစ္စဟုရှုသော သင်္ခါရုပေက္ခာဉာဏ်သည်။ မြဲ၏ဟူသောနိစ္စဝိပ္ပလ္လာသနိမိတ်မှ လွတ်ခြင်း။ဒုက္ခဟုရှုသောသင်္ခါရုပေက္ခာဉာဏ်သည်။ ချမ်းသာ ၏ဟူသောသုခဝိပ္ပလ္လာသနိမိတ်မှ လွတ်ခြင်း။ အနတ္တဟုရှုသော သင်္ခါရုပေက္ခာဉာဏ်သည်၊ အနှစ်သာရဟူသော။ အတ္တဝိပ္ပလ္လာ သနိမိတ်မှလွတ်ခြင်း။ ဤဆိုခဲ့ပြီးသောနိစ္စ၊ သုခ၊အတ္တ၊ ဟူသော ဝိပ္ပလ္လာသနိမိတ်တို့ကိုလွတ်၍။ ရသောမဂ်သည်။ ဝိမောက္ခမည် ကုန်၏။ ။(တနည်းလည်း)။ ။ဒုက္ခာနုပဿနာရှုလေ့ရှိသော။ ယောဂီသည်၊ သင်္ခါရတရားတို့မှ။ဥပါဒ်၊ဌီ၊ ဘင်အားဖြင့်၊ နှိပ် စက်အပ်သောကြောင့်၊ ဆင်းရဲအတိဖြစ်၏။ အလိုရှိအပ်တောင့် တအပ်သည်မဟုတ်ဟု၊သင်္ခါရတို့၌။ဘေးဟုထင်ခြင်းများသော ကြောင့်။ခပ်သိမ်းသောဆင်းရဲဒုက္ခဘေးတို့မှ။ကင်းကုန်ရာနိဗ္ဗာန်

ကို။အလိုရှိအပ်တောင့်တအပ်၏ဟု၊အလွန်ငြိမ်သက်တဲ့ကြည့်ခြင်း။နိဗ္ဗာန်ချမ်းသာကို သက်ဝင် ယုံကြည်သော သမာဓိစိတ်ရှိသည်ဖြစ်၍။နှစ်သက်ခြင်း။ပီတိပါမောဇ္ဇပသာဒ္ဓိများသည်၏ အဖြစ်ကြောင့်။သင်္ခါရုပေက္ခာဉာဏ်သို့ရောက်၍။ သင်္ခါရတရားတို့သည်။ဥပါဒ်၊ဌီ၊ဘင်အားဖြင့် နှိပ်စက်အပ်သော ဒုက္ခအတိသာတည်း။ထိုသင်္ခါရတရားတို့မှအလိုရှိခြင်း။တောင့်တခြင်းတဏှာထိုတောင့်တတတ်သောပဏိဓိရှိသမျှ။ သံသရာဝဋ်ဆင်းရဲမှ၊ မလွတ်နိုင်ချေ၏တကားဟု။ တဏှာအစရှိသော၊ ပဏိဓိမရှိရာကိုရောက်မှ၊ချမ်းသာပေတော့မည်ဟု။ သင်္ခါရတရား အပေါင်းကို။ထိတ်လန့်ဘွယ်ဘေးအတိသာတကားဟူ၍။ဒုက္ခနုပဿနာအားဖြင့်ရှုဆင်ခြင်ခိုက်။သင်္ခါရတရားတို့၌၊ တောင့်တခြင်းတဏှာအစရှိသော ပဏိဓိ မရှိသည်ကား။ နိဗ္ဗာန်ပင်တည်းဟု၊ နိဗ္ဗာန်ကိုတောင့်တခြင်းတဏှာဟူသော ပဏိဓိမရှိရာ။ အာရုံပြု၍ရသောမဂ်သည်။ အပဏိဟိတနိဗ္ဗာန်မည်၏။ထိုအပဏိဟိတနိဗ္ဗာန်ကို၊ အာရုံပြု၍ရသောကြောင့်။ အပဏိဟိတ ဝိမောက္ခမည်၏။ ။(တနည်းလည်း)။ ။အနတ္တာနုပဿနာ ရှုလေ့ရှိသော ယောဂီသည်။အတ္တမရှိသည်မှ။ ထင်ရှားသိရအောင်၊ နာမ်ရုပ်အားဖြင့်။ ပိုင်းခြား ဝေဘန်ခြင်း၊ သင်္ခါ ရုပေက္ခာ ဉာဏ်သို့ ရောက် သောကြောင့်၊ ခပ်သိမ်းသော သင်္ခါရတို့သည်။ အစိုးမရ၊ အလိုသို့ မလိုက်၊ မိမိကိစ္စကို ပြီးစေနိုင်သော ကတ္တားကာရကမဟုတ်။ အနှစ်သာရမရှိဟု။ ရှုဆင်ခြင်သည် ရှိသော်။ သင်္ခါရ တရားတို့၌၊ အတ္တ မရှိ သည်။ ထင်ရှား သိ သဖြင့်။ ဤ ရုပ် နာမ် ခန္ဓာ သင်္ခါရတရားတို့ကို။ အနတ္တာနုပဿနာအားဖြင့် ရှုဆင်ခြင်ခိုက်။အတ္တဝိပ္ပလ္လာသတည်းဟူသော။ ကိလေသာမှ ဆိတ်ခြင်းကြောင့်။ထိုဝိပဿနာအာရုံကိုစွဲ၍ရသောနိဗ္ဗာန်သည်။ သုညတမည်၏။ ဤသုညတနိဗ္ဗာန်ကို။ အာရုံပြု၍ရသောအားဖြင့်။ သုညတဝိမောက္ခမည့်ကုန်၏။ ။ထိုလက္ခဏာသုံးပါးတို့ကိုအဘန်ဘန်။အထပ်ထပ်။ရွတ်ဘတ် ကြံစည် ဆင်ခြင်သုံးသပ်သည် ရှိသော်။ နာမ်ရုပ်ဟူ

သောသင်္ခါရတရားတို့၌၊ သာယာနှစ်သက်၊ တပ်မက်ခြင်းကင်းစင်သဖြင့်။၎င်းသင်္ခါရတရား အပေါင်းတို့သည်။ ပြုန်းတီးပျက်စီးခြင်းအမြဲမရှိသောအနိစ္စသဘော၊ ဥပါဒ်၊ဌီ၊ဘင်နှင့်တကွ။ သောက၊ပရိဒေဝဒုဿစရှိသော၊စိုးရိမ်ငိုကြွေး၊ ဘေးဆင်းရဲမျိုးတို့၏ ရဝေးရောချမ်းသာအလျှင်းကင်းသော ဒုက္ခသဘော၊ အနှစ်သာရမရှိ။ကိုယ်မဟုတ်၊အစိုးမရ၊ မိမိအလိုသို့မလိုက်သော၊ အနတ္တသဘော။၎င်းဆိုခဲ့သောလက္ခဏာသုံးပါးတို့မှ။ပြက်ပြက်ထင်ထင်မြင်သောအားဖြင့်။ဖိုးဇဉ်းမျှ၊ နိစ္စ၊သုခ၊အတ္တဟူသော။ စွဲလမ်းကပ်ငြိခြင်းမရှိမူ၍။ထိုနာမ်ရုပ်တရားတို့ကို။အနိစ္စ၊ဒုက္ခ၊ အနတ္တသဘောသာတကားဟူသော။ အနုပဿနာသုံးပါးသည်။ မဂ်ဟူသောဝိမောက္ခ၏အဝင်ဝဖြစ်၍။ဝိမောက္ခသုံးပါးမည်ကုန်၏။

ထိုဝိမောက္ခဈာန်၊ မဂ်ဉာဏ်ဟူသည်။ကိလေသာရာဂတို့ကိုပယ်ဖြတ်ကြောင်းတရားမည်၏။ ။ကိလေသာရာဂစသည်တို့၏၊ဖြစ်ကြောင်းတရားလည်း။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံဟူသော။ ကာမဂုဏ်ငါးပါးကိုစွဲ၍။ အမြဲသန္တတိအားဖြင့်၊ကောင်းကင်မှကျအပ်သောမိုးရေမိုးပေါက်ကဲ့သို့။တသဲသဲ၊တဖွဲဖွဲ။မပြတ်စိုစွတ်ခြင်းရှိကြကုန်လျှင်။ထိုရာဂဖြစ်သောကိလေသာအာရုံ။ ကာမဂုဏ် တရားတို့မှ။ ခေါင်းပါးအားငယ်။ ပယ်ပျောက် နိုင်ခြင်းကို၎င်းသို့ ဟောတော်မူ၏။ ။ယထာအာဂါရံဒုစ္ဆန္နံ၊ ဝုဋ္ဌိသမတိဝိဇ္ဈတိ။ ဧဝံအဘာဝိတံစိတ္တံ၊ ရာဂေါ သမ္ဘတိဝိဇ္ဈတိ။ ပ။ဒုစ္ဆန္နံ၊ ပျက်စီးဆိုးဟောင်း မကောင်းသော အမိုးရှိသော။အာဂါရံ၊အိမ်ကို။ဝုဋ္ဌိ၊မိုးသည်။သမ္ဘတိဝိဇ္ဈတိယထာ၊ထွင်းဖေါက်နိုင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အဘာဝိတံ၊ ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်းခြင်းမရှိသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။သမ္ဘတိဝိဇ္ဈတိ၊ထွင်းဖေါက်လေ၏။ ။သုစ္ဆန္နံ၊ကောင်းစွာမိုးအပ်သော၊ အမိုးရှိသော။ အာဂါရံ၊ အိမ်ကို။ဝုဋ္ဌိ၊ မိုးသည်။ နသမ္ဘတိဝိဇ္ဈတိယထာ၊ မထွင်းဖေါက်နိုင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။သုဘာဝိတံ၊ ရံခါမလပ်၊ ပွါးစေအပ်သော၊ ဝိပဿနာရှိ

သော။ စိတ္တုံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ နသမ္ဘတိ ဝိဇ္ဇတိ၊ မထွင်း ဖေါက်နိုင်။ ။ဟူ၍ဟောတော်မူသောကြောင့်။ ၃ ပါးသော အနုပဿနာတရားသည်။ ရာဂ၏ငြိမ်းရာ။ ဝိမောက္ခမဂ်ချမ်းသာကို။ မြန်စွာရနိုင်ခြင်းအကြောင်းရင်းဖြစ်၍။ ရာဂ၊ ဒေါသ၊ မောဟ၊ တို့မှ။ လွတ်လိုသော် ယောဂီ ပုဂ္ဂိုလ်သည်။ ဆိုခဲ့ပြီးသော အနုပဿနာတရားဖြင့်။ ရံခါမလပ်၊ ပွါးများအပ်၏။ ။ထိုရာဂဖြစ်သောကိလေသာတို့မှ။ အလိုမရှိအပ်သည့်ကား။ ။သိမာတိဂေါ ဖြဟ္မဏောတဿ နတ္ထိ၊ ဉတွာစ၊ ဒိသွာစ သမုဂ္ဂဟိတံ၊ နရာဂရာဂီ နဝိရာဂတော၊ တဿိမံ နတ္ထိ ပရမုဂ္ဂဟိတံ။ ။ဖြဟ္မဏော သဏ္ဌာယဒိဋ္ဌိအစရှိသော ကိလေသာတို့ကို၊ အပပြုပြီးသော ရဟန္တာသည်။ သိမာတိဂေါ၊ ကိလေသာ ဟူသော မြို့ရိုး ကြီးကို လွန်မြောက်နိုင်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဉတွာစ၊ ၃၁ ဘုံ၌၊ သင်္ခါရတရားတို့ကို၊ သိမြင်ပြီးဖြစ်၍ရင်း။ ဒိသွာစ၊ မြင်တော်မူပြီးဖြစ်၍ရင်း။ သမုဂ္ဂဟိတံ၊ ကောင်း၏မြတ်၏ဟူ၍၊ နှလုံးသွင်းခြင်း ယူခြင်းသည်။ နတ္ထိ၊ မရှိ။ နရာဂရာဂီ၊ ကာမရာဂဖြင့် လည်းတပ်ခြင်းမရှိ။ နဝိရာဂတော၊ ရူပရာဂ၊ အရူပရာဂတို့ဖြင့်လည်း တပ်ခြင်းမရှိ။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်အား။ ဣမံ၊ ဤရာဂ ရှိသမျှကို။ ပရ မုဂ္ဂဟိတံ၊ ကောင်း၏ မြတ်၏ ဟူ၍ နှလုံး သွင်းခြင်း ယူခြင်းသည်။ နတ္ထိ၊ မရှိ။ ။ဟောတော်မူသည့်ကိုထောက်၍။ ကိလေသာရာဂတို့မှ၊ ဆုံးကုန်ရာ။ နိဗ္ဗာန်ကိုအာရုံပြုသဖြင့်။ ၃ ပါးသော အနုပဿနာတရားကိုအားထုတ်ရာ၏။ ။ထိုကိလေသာရာဂတို့၏ကုန်ခြင်းကိုပင်။ နိဗ္ဗာန်ဟူ၍ ဟောတော်မူသည့်ကား။ ။အာယတနဝိဘင်းအဖွင့်သမ္မောဟဝိနောဒနီအဋ္ဌကထာ၌၊ ။အသင်္ခတဓါတုတိအသင်္ခတ သဘာဝံနိဗ္ဗာနံ၊ ယသ္မာပနေတံအာဂမ။ ရာဂါဒ ရောဒိယန္တိ၊ တသ္မာရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော တိဝုတ္တံ။ ။အသင်္ခတဓါတုတိ၊ အသင်္ခတဓာတ်ဟူသည်ကား။ အသင်္ခတသဘာဝံ၊ အကြောင်းတရား ၄ ပါးတို့ဖြင့်၊ မပြုပြင်မစီရင်အပ်သော သဘော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ပနဧ

ကန္တေန၊စင်စစ်အားဖြင့်။ဧတံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။အာဂမ၊အာရုံပြု၍။ရာဂါဒရော၊ရာဂအစရှိသည်။ယသ္မာ၊အကြင်ကြောင့်။ဒိယန္တိ၊ကုန်ကုန်၏။တသ္မာ၊ထိုကြောင့်။ဧတံ၊ ထိုအသင်္ခတ ဓါတ်ကို။ ရာဂက္ခရော၊ဒေါသက္ခရော၊မောဟက္ခရောတိ၊ရာဂ၏ကုန်ရာဒေါသ၏ကုန်ရာ၊ မောဟ၏ကုန်ရာ၊နိဗ္ဗာန်ဟူ၍။ဝုတ္တံ၊မိန့်အပ်၏။ ။ဟူ၍ဟောတော်မူသောကြောင့်၊ဝဋ် ၃ ပါး၏ဆုံးရာ။နိဗ္ဗာန်ကိုအာရုံပြု၍၊ရာဂ၊ဒေါသ၊ မောဟကုန်ခြင်းငှာ။ ၃ ပါးသောအနုပဿနာတရားကို။အားထုတ်ရာ၏။အားထုတ်တော်မူကြပါကုန်။

ဤလက္ခဏာသုံးပါးတို့တွင်။ဒုက္ခကနေ၍ ရှုဆင်ခြင်ရန်သင့်၏။ ရှုဟန်ကား။ ။အနိစ္စသဘောဖြစ်သော။တော၊တောင်၊ရေ၊မြေ၊သမုဒ္ဒရာ စသည်ဖြင့်။ လောက သုံးပါး အပေါင်း သည်။ ဖြစ်ပြီး၍ အမြဲမတည်၊ ပျက်စီးခြင်းသို့ ရောက်ရာကုန်၏။ ထိုသို့ပြုန်းတီး ပျက်စီးခြင်းကား ဒုက္ခဟူ ရှုရာ၏။ ။အနတ္တသဘောဖြစ်သောကိုယ်မဟုတ်။အစိုးမရ၊ အလိုသို့မလိုက်ခြင်းကား။ဒုက္ခဟူရှုရာ၏။ ထိုကြောင့်။ သစ္စာလေးပါးတွင်။ဘုံသုံးပါးလျှင် အဆုံးရှိသောဒုက္ခ သစ္စာကို ပိုင်းခြား၍ သိသဖြင့်။ လေးပါးသော သစ္စာသည်။ တပြိုင်နက်ပြီး၏ဟူ၊ ဆီမီးစာကိုပမာပြု၍ရင်း။ဝန်ကိုရွက်ဆောင်သောလှေ၏။ဥပမာကိုရင်း။ အထက်ပြဆိုခဲ့သည်အတိုင်း။နှလုံးသွင်းလေ။

ဆိုအပ်ခဲ့ပြီးသောသညာခုနစ်ပါးမှ၊အသုဘသညာ၌။ ရှုဆင်ခြင်သောအားဖြင့်။အကျိုးအာနိသင်နှင့်တကွ။ ရလတံ့သည်ကိုပြပေအံ့။ ။နတ္ထိသုဘံဧတသ္မာတိ၊အသုဘော။ ။ဧတဿ၊ထိုအသုဘသုံးဆယ့်နှစ်ပါးသောဒွတ္တိံသာကာယဟုဆိုအပ်သော အပုံအစုနှင့်တကွဖြစ်သောအကောင်အား။သုဘံ၊ ကောင်းခြင်းတင့်တယ်ဘွယ်ရာခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုဘော၊အသုဘမည်ကုန်၏။ ။ဤကားအနက်။ ။သဇိဝေ၊အဇိဝံ၊အသုဘော၊အသုဘသညာ၊ပဿန္တောရာဂေါနုရဇ္ဇတိ။ ။သဇိဝေ၊အသက်ရှိသောအခါ၌ရင်း။အဇိဝံ၊ အသက်မရှိသောအ

ခါ၌ရင်း။အသုဘော၊အသုဘဖြစ်သောတရားကို။ အသုဘသညာ၊ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်သက်ဝင်၍ကောင်းစွာ။ ပဿန္တော၊ ရှုသောမြင်သောပုဂ္ဂိုလ်အား။ရာဂေါ၊ လောဘဟုဆိုအပ်သောရာဂသည်။နရုဇ္ဈတိ၊မယှစ်မူး။ ။အဓိပ္ပါယ်ကား။ခန္ဓာပဉ္စက၊ဒွတ္တိံသာကာယအသုဘကို၊ အသုဘဟု။သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် သက်ဝင်၍။ ဆင်ခြင်သောပုဂ္ဂိုလ်အား။လောဘ၊ ဒေါသ၊ မောဟာမရှိ။ တဏှာတည်းဟူသောတပ်ခြင်း ကင်းသည် ဖြစ်၍။( ၁၅၀၀) ကိလေသာ တို့သည်။ တဒင်္ဂအားဖြင့် ပယ်ကုန်၏။ ထိုသို့သော ခဏကိုပင်။ အမြိုက်နိဗ္ဗာန်တည်းဟူသောအရသာကိုရ၍။သုံးဆောင်အပ်သည်ဟုဆို၏။ ။ထို့ကြောင့်။အမတဿဘိက္ခဝေ၊ ပရိဘုဉ္ဇန္တိ၊ ယေကာယဂတာသတိ၊ပရိဘုဉ္ဇန္တိ။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ကာယ ဂတာ သတိ၊ ဒွတ္တိံသာကာယဂတာကမ္မဋ္ဌာန်းကို။ ပရိဘုဉ္ဇန္တိ၊သရဇ္ဈာယ်ခြင်း ဆင်ခြင် ခြင်းဖြင့် သုံးဆောင် ကုန်၏။ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ် တို့သည်။အမတံ၊မသေရာဖြစ်သောအမြိုက်နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ ရသည်ဖြစ်၍သုံးဆောင်ကုန်၏။သိသည်ဖြစ်၍ သုံးဆောင်ကုန်၏လည်းဟူ။ ။ထိုကာယဂတာကမ္မဋ္ဌာန်းအား။သုံးသပ်ဆင်ခြင်ရာ၌။ဝန်ဆင်းရဲမှငြီးငွေ့၏။ဘုံသုံးပါး၌တပ်ခြင်းကင်း၏။သင်္ခါရတရားမှချုပ်၏။ ကိုယ်စိတ်ငြိမ်းခြင်းဖြစ်၏။ ထူးသောဉာဏ်ဖြင့်သက်ဝင်၏။သစ္စာလေးပါးကိုသိစွမ်းနိုင်၏။နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။ ။ထို့ကြောင့်ပါဠိတော်၌။ "ဧကဓမ္မော ဘိက္ခဝေ၊ ဘာဝိတော၊ဗဟုလီကတော၊ဧကန္တနိဗ္ဗိန္ဒာယ၊ ဝိရာဂါယ၊ နိရောဓါယ။ဥပသမာယ၊အဘိညာယ၊သမ္ဗောဓါယ၊နိဗ္ဗာနာယ၊သံဝတ္တတိ။ကတမောဧကဓမ္မောကာယဂတာသတိ။ ။ဘိက္ခဝေ၊သံသရာ ဘေးကို ရှုကုန်သော သူတော်ကောင်းအပေါင်းတို့။ ဘာဝိတော၊ ပွါးစေ အပ်သော၊ ဗဟုလီကတော၊ အကြိမ် များစွာ သရဇ္ဈာယ်အပ်သော။ဧကဓမ္မော၊တခုသောတရားသည်။ဧကန္တနိဗ္ဗိန္ဒာယ၊စင်စစ်ဝန်ဆင်းရဲကိုငြီးငွေ့ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ဝိရာ

ဂါယ။ တပ်ခြင်းကင်းခြင်းငှာ။ သံဝဏ္ဏတိ၊ ဖြစ်၏။ နိရောဓာယ သင်္ခါရတရား၏ချုပ်ခြင်းငှာ။ သံဝဏ္ဏတိ၊ ဖြစ်၏။ ဥပသမာယ၊ ငြိမ်းခြင်းငှါ။သံဝဏ္ဏတိ၊ဖြစ်၏။အဘိညာယ၊ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သံဝဏ္ဏတိ၊ဖြစ်၏။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားကိုသိခြင်းငှာ။သံဝဏ္ဏတိ၊ဖြစ်၏။ နိဗ္ဗာနာယ၊နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။သံဝဏ္ဏတိ၊ဖြစ်၏။ဧကဓမ္မော၊တခုသောတရားသည်။ကတမော၊အဘယ်တရားနည်းဟူမူကား။ ကာယဂတာသတိ၊ဒွတ္တိံသ်ကာယကတာကမ္မဋ္ဌာန်းလျှင်တည်း။ ။ဤကားအနက်။ ။ထိုနည်းအတူ။ အနုဿတိဆယ်ပါးလုံးကိုပွါးရာ၌၊အကျိုးကို။အင်္ဂုတ္တိုရ်၊ဧကနိပါတ်ပါဠိတော်၌လာ၏။

ဧကဓမ္မောဘိက္ခဝေ။ဘာဝိတော။ဗဟုလီကတော။ သောတာပတ္တိဖလသစ္ဆိကိရိယါယသံဝဏ္ဏတိ။သကဒါဂါမိဖလသစ္ဆိကိရိယာယသံဝဏ္ဏတိ။အနာဂါမိဖလသစ္ဆိကိရိယါယသံဝဏ္ဏတိ။အရဟတ္တဖလသစ္ဆိကိရိယာယ သံဝဏ္ဏတိ။ ကတမောဧကဓမ္မော၊ကာယဂတာသတိ။ ။ဘိက္ခဝေ၊သံသရာဘေးကိုရှုကုန်သောသူတော်ကောင်း အပေါင်းတို့။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီ ကတော၊ အကြိမ်များစွာ သရဇ္ဈာယ် အပ်သော။ ဧကဓမ္မော၊တခုသောတရားသည်။သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ သံဝဏ္ဏတိ၊ဖြစ်၏။ သကဒါဂါမိဖလသစ္ဆိကိရိယာယ၊ သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။ သံဝဏ္ဏတိ၊ ဖြစ်၏။ အနာဂါမိဖလသစ္ဆိကိရိယာယ၊အနာဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။ သံဝဏ္ဏတိ၊ဖြစ်၏။အရဟတ္တဖလသစ္ဆိကိရိယာယ၊အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ။သံဝဏ္ဏတိ၊ဖြစ်၏။ဧကဓမ္မော၊ တခုသော တရားသည်။ ကတမော၊အဘယ်တရားနည်းဟူမူကား။ ကာယဂတာသတိ၊ ဒွတ္တိံသ်ကာယကတာ ကမ္မဋ္ဌာန်းလျှင်တည်း။ ။ထိုထက်အကျယ်ဖြစ်သော အကျိုးထူးကို။ အနုဿတိ ဒီပက ကျမ်းမှ ဆိုသည်။ ။ခန္ဓာပဉ္စက၌၊လေးပါးသောလက္ခဏာဖြင့်သုံးသပ်ဆင်

ခြင်ခြင်း၌။ ၃ ၅ ပါးသော အကျိုးထူးကိုပြဦးအံ့။ ။ဝိသေသ
တောစ၊သုဘာရမ္မဏံပိ။အဇ္ဈတ္တိကံ ရုပံ၊အသုဘန္တိ ဒဋ္ဌဗ္ဗံ။ဝေဒနာ
တိပိဒုက္ခတာပိ။အဝိနိမုတ္တော၊ဒုက္ခာတိသညာသင်္ခါရာ၊ အသတိ
ဝေယျတော၊အနတ္တာတိ။ဝိညာဏံဥဒယဗ္ဗယဝတော၊ အနိစ္စန္တိ
ဒဋ္ဌဗ္ဗံ၊ဝိသေသတောစ၊ အဇ္ဈတ္တိကံ ရုပံ၊အသုဘတော၊ပဿန္တော။
ကဗဠီကာရာဟာရံပရိဇာနာတိ၊ အသုဘေသုဘန္တိ။ ဝိပလ္လာသံ
ပဇဟာတိ၊ကာမောဃံဥတ္တရတိ။ကာမယောဂေန။ ဝိသံယုတ္တော။
ကာမာသဝေန။ အနာသဝေါဟောတိ။ အဘိဇ္ဈာကာယဂန္ထံ ဘိန္ဒ
တိ။ကာမုပါဒါနံနဥပါဒိယတိ။ ။ဝေဒနာဒုက္ခတော၊ပဿန္တော
ဖဿာဟာရံ၊ ပရိဇာနာတိ၊ ဒုက္ခေသုခန္တိဝိပလ္လာသံ၊ ပဇဟာတိ၊
ဘဝေါဃံဥတ္တရတိ၊ဘဝယောဂေန၊ဝိသံယုတ္တော။ဘဝါသဝေန၊
အနာသဝေါဟောတိ။ ဗျာပါဒကာယဂန္ထံ ဘိန္ဒတိ၊ သီလဗ္ဗတုပါ
ဒါနံနဥပါဒိယတိ။ ။သညာသင်္ခါရေစ၊အနတ္တတော။ပဿန္တော၊
မနောသဉ္စေတနာဟာရံ။ ပရိဇာနာတိ၊ အနတ္တနိ အတ္တာတိ
ဝိပလ္လာသံ၊ ပဇဟာတိ၊ ဒိဋ္ဌောဃံဥတ္တရတိ။ ဒိဋ္ဌိယောဂေန၊ ဝိသံ
ယုတ္တော၊ဒိဋ္ဌာသဝေန၊အနာသဝေါဟောတိ။ဣဒံသစ္စာဘိနိဝေသ
ကာယဂန္ထံ၊ဘိန္ဒတိ။ အတ္တဝါဒုပါဒါနံနဥပါဒိယတိ၊ ။ဝိညာ
ဏံအနိစ္စတောပဿန္တော၊ ဝိညာဏာဟာရံ။ပရိဇာနာတိ။အနိစ္စေ
နိစ္စန္တိ ဝိပလ္လာသံ၊ပဇဟာတိ။အဝိဇ္ဇောဃံဥတ္တရတိ။ အဝိဇ္ဇာယော
ဂေန။ဝိသံယုတ္တော၊ အဝိဇ္ဇာသဝေန၊ အနာသဝေါဟောတိ။ သီ
လဗ္ဗတပရာမာသကာယဂန္ထံ ဘိန္ဒတိ၊ဒိဋ္ဌုပါဒါနံနဥပါဒိယတိ။ ။
ဧဝံမဟာနိသံသံ။ ဝဓကာဒိဝသေနဒဿနံ၊ ယသ္မာတသ္မာခန္ဓေဝိ
ယောဝဓကာဒိဝသေန။ပဿေယျာတိ။ ။သမ္မောဟဝိနောဒနီ
ပါဌ်။ ။ဝိသုဒ္ဓိမဂ်၌လည်းရှိ၏။ ။ဝိသေသတောစ၊အထူးအား
အားဖြင့်သော်ကား။ သုဘာရမ္မဏံပိ၊ တင့်တယ် သော အာရုံဖြစ်
သော်လည်း။အဇ္ဈတ္တိကံ၊ မိမိသန္တာန်၌ဖြစ်သော။ရုပံ၊ရုပ်ကို။အ
သုဘန္တိ၊ကေသာလောမာအစရှိသော အသုဘာသာတကားဟူ၍
ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ဝေဒနာ၊မိမိသန္တာန်၌ဖြစ်သောဝေဒနက္ခန္ဓာကို။

တိပိ၊သုံးပါးကုန်သော။ ဒုက္ခတာပိ၊ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိ
ပရိဏာမဒုက္ခတို့မှ။အဝိနိမုတ္တော၊မလွတ်သောကြောင့်။ ဒုက္ခာတိ၊
ဒုက္ခဟူ၍။ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ သညာသင်္ခါရာ။ မိမိသန္တာန်၌ ဖြစ်
သော၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာတို့ကို။ အဘိဓေယျတော၊ အ
လိုသို့မလိုက်သော အဖြစ်အစိုးမရသော အဖြစ်ကို ပြုပြင် စီရင်
တတ်သောကြောင့်။အနတ္တာတိ။ အနတ္တဟူ၍။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။
ဝိညာဏံ၊မိမိသန္တာန်၌ဖြစ်သော၊ဝိညာဏက္ခန္ဓာကို။ဥဒယဗ္ဗယ
ဝန္တတော၊ ဖြစ်ခြင်းပျက်ခြင်းသဘော ရှိသောကြောင့်။ အနိစ္စန္တိ၊
အနိစ္စဟူ၍။ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ ။ဝိသေသတောစ၊ အထူးအား
ဖြင့်သော်ကား။အဇ္ဈတ္တိကံ၊မိမိသန္တာန်၌ဖြစ်သော။ ရူပံ၊ရုပ်ကို။
အသုဘတော၊ ကေသာလောမာအစရှိသော အသုဘ အားဖြင့်။
ပဿန္တော၊ ရှုသောပုဂ္ဂိုလ်သည်။ ကဗဠီကာရာဟာရံ၊ ကဗဠီ
ကာရအာဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။ အသုဘော၊အ
သုဘဖြစ်သောရုပ်၌။သုဘန္တိ၊ဝိပလ္လာသံ၊တင့်တယ်၏ဟုဘောက်
ပြန်သောအမှတ်ကို။ ပဇဟာတိ၊ပယ်စွန့်၏။ကာမောဃံ၊ ကာမော
ဃကို။ ဥတ္တရတိ၊ လွန်မြောက် နိုင်၏။ ကာမ ယောဂေန၊ ကာ
မယောဂနှင့်။ ဝိသံယုတ္တောတိ၊ ယှဉ်ခြင်းကင်း၏။ ကာမာသဝေန၊
ကာမာသဝမှ။အနာသဝေါ၊အာသဝေါကင်းသည်။ဟောတိ၊ဖြစ်
၏။အဘိဇ္ဈာကာယဂန္ထံ၊ အဘိဇ္ဈာကာယဂန္ထကို။ဘိန္ဒတိ၊ ဖျက်
ဆီး၏။ကာမုပါဒါနံ၊ကာမုပါဒါနကို။နဥပါဒိယတိ၊မစွဲလမ်း။ ။
ဤကား မိမိသန္တာန်၌ဖြစ်သော၊ရူပက္ခန္ဓာကို အသုဘဟုရှုခြင်း
ကြောင့်၊ ၇ ပါးသောအကျိုးထူးကိုရ၏။ ။ဝေဒနာ၊မိမိသန္တာန်
၌ဖြစ်သောသုခဝေဒနာကို။ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ပဿန္တော၊
ရှုသောပုဂ္ဂိုလ်သည်။ဖဿာဟာရံ၊ ဖဿအာဟာရကို။ ပရိဇာ
နာတိ၊ ပိုင်းခြား၍ သိ၏။ ဒုက္ခေ၊ တေဘူမကဝဋ်ဒုက္ခ၌။ သုခန္တိ
ဝိပလ္လာသံ၊ သုခဟု ဘောက် ပြန်သော အမှတ်ကို။ ပဇဟာတိ၊
ပယ် စွန့်၏။ ဘဝေါဃံ၊ ဘဝေါဃကို။ ဥတ္တရတိ၊ လွန် မြောက်
နိုင်၏။ဘဝယောဂေန၊ဘဝယောဂနှင့်။ ဝိသံယုတ္တောတိ၊ ယှဉ်ခြင်း

ကင်း၏။ ဘဝါသဝေန၊ဘဝါသဝမှ။ အနာသဝေါ၊ အာသဝေါ
ကင်းသည်။ဟောတိ၊ဖြစ်၏။ဗျာပါဒကာယဂန္ထံ၊ ဗျာပါဒကာယ
ဂန္ထကို။ဘိန္ဒတိ၊ဖျက်ဆီး၏။ သီလဗ္ဗတုပ္ပာဒါနံ၊ သီလဗ္ဗတုပ္ပာဒါန်
ကို။နဥပါဒိယတိ၊မစွဲလမ်း။ ။ဤကားမိမိသဏ္ဍာန်၌ဖြစ်သော၊
သုခဝေဒနာကိုဒုက္ခဟုရှုခြင်းကြောင့်။၇ ပါးသောအကျိုးထူးကို
ရ၏။ ။သညာသင်္ခါရေ၊မိမိသဏ္ဍာန်၌ဖြစ်သော၊သညာက္ခန္ဓာ၊
သင်္ခါရက္ခန္ဓာတို့ကို။အနတ္တတော၊အနတ္တအားဖြင့်။ ပဿန္တော၊ရှု
သောပုဂ္ဂိုလ်သည်။ မနောသဉ္စေတနာဟာရံ၊ မနောသဉ္စေတနာ
ဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏၊ အနတ္တာနိ၊ အနတ္တဖြစ်
သော မိမိကိုယ်၌။ အတ္တာတိ ဝိပ္ပလ္လာသံ၊ အတ္တဟုဖောက်ပြန်
သောအမှတ်ကို။ ပဇဟာတိ၊ ပယ်စွန့်၏။ဒိဋ္ဌောဃံ၊ ဒိဋ္ဌောဃကို။
ဥတ္တရတိ၊လွန်မြောက်နိုင်၏။ဒိဋ္ဌိယောဂေန၊ ဒိဋ္ဌိယောဂနှင့်။ ဝိသံ
ယုတ္တောတိ၊ ယှဉ်ခြင်းကင်း၏။ ဒိဋ္ဌာသဝေန၊ ဒိဋ္ဌာသဝမှ။အနာသ
ဝေါ၊အာသဝေါကင်းသည်။ဟောတိ၊ဖြစ်၏။ဣဒံသစ္စာဘိနိဝေသ
ကာယဂန္ထံ၊ဣဒံသစ္စါဘိနိဝေသကာယဂန္ထကို။ဘိန္ဒတိ၊ဖျက်ဆီး
နိုင်၏။အတ္တဝါဒုပါဒါနံ၊ အတ္တဝါဒုပ္ပာဒါန်ကို။ နဥပါဒိယတိ၊ မစွဲ
လမ်း။ ။ဤကားမိမိသဏ္ဍာန်၌ဖြစ်သောသညာက္ခန္ဓာ၊ သင်္ခါ
ရက္ခန္ဓာတို့ကိုရှုခြင်းကြောင့်။၁၄ ပါးသောအကျိုးထူးကိုရ၏။

ဝိညာဏံ၊မိမိသဏ္ဍာန်၌ဖြစ်သော ဝိညာဏက္ခန္ဓာကို။ အနိစ္စ
တော၊အနိစ္စအားဖြင့်။ပဿန္တော၊ ရှုသောပုဂ္ဂိုလ်သည်။ ဝိညာဏံ
အဟာရံ၊ ဝိညာဏအဟာရကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။
အနိစ္စေ၊အနိစ္စ၌။နိစ္စန္တိ ဝိပ္ပလ္လာသံ၊ နိစ္စဟုဖောက်ပြန်သောအမှတ်
ကို။ပဇဟာတိ၊ပယ်စွန့်၏။အဝိဇ္ဇောဃံ၊အဝိဇ္ဇောဃကို။ ဥတ္တရတိ၊
လွန်မြောက်နိုင်၏။အဝိဇ္ဇာယောဂေန၊အဝိဇ္ဇာယောဂနှင့်။ဝိသံယုတ္တောတိ၊
ယှဉ်ခြင်းကင်း၏။အဝိဇ္ဇာသဝေန၊ အဝိဇ္ဇာသဝမှ။ အနာသဝေါ၊
အာသဝေါကင်းသည်။ဟောတိ၊ဖြစ်၏။သီလဗ္ဗတပရာမာသကာ
ယဂန္ထံ၊သီလဗ္ဗတပရာမာသကာယဂန္ထကို။ဘိန္ဒတိ၊ ဖျက်ဆီးနိုင်
၏။ဒိဋ္ဌုပ္ပာဒါနံ၊ ဒိဋ္ဌုပ္ပါဒါန်ကို။နဥပါဒိယတိ၊မစွဲလမ်း။ ။ဤကား

မိမိသဏ္ဍာန်၌ဖြစ်သောဝိညာဏက္ခန္ဓါကိုအနိစ္စဟုရှုခြင်းကြောင့်။ ၇ ပါးသောအကျိုးထူးကိုရ၏။ ။ဝေံ၊ ဤသို့။ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ဝဓကာဒိဝသေန၊လက်မရွန်နှင့်တူခြင်း အစရှိသောအားဖြင့်။ဒဿနံ၊ရှုခြင်းသည်။မဟာနိသံသံ၊များမြတ်သော ၃၅ ပါးအပြားရှိသောအကျိုးထူးတို့ကို။ယသ္မာ၊အကြင်ကြောင့်။လဗ္ဘတိ၊ရ၏။တသ္မာ၊ ထို့ကြောင့်။ခန္ဓေ၊ ခန္ဓာငါးပါး၌။ ဓိယော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ဝဓကာဒိဝသေန၊လက်မရွန်နှင့်တူခြင်းအစရှိသောအားဖြင့်။ပဿေယျ၊အဘန်တလဲလဲရှုဆင်ခြင်ရာ၏။ ။

ထို ၃၅ ပါးသောပရိဇာနနအကျိုး၊ပဟာတဗ္ဗအကျိုးတို့တွင်။ အာဟာရသည်ကား။ ။ကဗဋ္ဌိကာယအာဟာရ။ဖဿအာဟာရ။မနောသဥ္စေတနာအာဟာရ။ ဝိညာဏံအာဟာရဟူ၍ ၄ ပါးအပြားရှိ၏။ထိုလေးပါးတို့တွင်။အလုပ်အလွေးဖြစ်သောဩဇာသည်။ကဗဋ္ဌိကာယအာဟာရမည်၏။ စိတ်တရုတ်ကိုးဆယ်၌ရှိသောဖဿစေတသိက်သည်။ ဖဿအာဟာရမည်၏။ ကုသိုလ်အကုသိုလ်စေတနာသည်၊မနောသဥ္စေတနာအာဟာရမည်၏၊ပဋိသန္ဓေစိတ်တရုတ်နှစ်ဆယ်သည်။ ဝိညာဏအာဟာရမည်၏။ထိုလေးပါးတို့တွင်။ကဗဋ္ဌိကာယအာဟာရသည်။ဩဇာလျှင်ရှစ်ခုမြောက်သောအဋ္ဌကလာပ်ရုပ်ကိုဆောင်တတ်၏။ ဖဿအာဟာရသည်။သုံးပါးသော ဝေဒနာကို ဆောင်တတ်၏၊ မနောသဥ္စေတနာအာဟာရသည်။ သုံးပါးသောဘဝတို့၏။ ပဋိသန္ဓေကိုဆောင်တတ်၏။ ဝိညာဏံအာဟာရသည်၊ ပဋိသန္ဓေခဏ၌။ နာမ်ကိုဆောင်တတ်၏။ ။အာဟာရလေးပါး၏သရုပ်လက္ခဏာ။

ဒိဋ္ဌိဝိသုဒ္ဓိ၊တဒဂ်ကိလေသာလွတ်ကြောင်းဆင်ခြင်ပုံ။ ။

ဝိသုဒ္ဓိံ ပတ္တု ကာမေန၊ ကုလပုတ္တေန။ဥပသမဏ္ဍပဋ္ဌမံသီလစိတ္တဝံသာဒွယံ။ပညာယဘူမိဘူတေသု။ ခန္ဓာဒိသုအသေသတော။ဥဂ္ဂဟာဒိဝသေနေဝ။ ကတွာဉာဏ ပရိစ္စယံ။ ဓမ္မာနံ နာမရူပါနံ။ဂဏှန္တောဝိယ။တံ ရက်ံ။လက္ခဏာဒိ°ပရိဂ္ဂ°ဏှ။သမသေယျအတန္တိတော။ လက္ခဏာဒိသု။ ဉာဏတော။ ဓမ္မာအဓိဘာဝန္တိဟိ။ အဝိဘူ

တေသုဓမ္မေသုပဟောတိ။ဒိဋ္ဌိဝိသုဒ္ဓိယာ။ ။ဝိသုဒ္ဓိရထမာရုယှသေ
အတ္တာတိသညိတံကုမဂ္ဂံပရိဝဇ္ဇေန္တော။သိဝံဂစ္ဆန္တု ၊သာဓဝေါ။ ။
လက္ခဏာပကာသနီဋီကာပါဌ်။ ။ဝိသုဒ္ဓိံ၊ နိဗ္ဗာန်သို့။ ပတ္တုကာ
မေန၊ ရောက်ခြင်းငှာအလိုရှိသော။ ကုလပုတ္တေန၊ အမျိုးကောင်း
သားသည်။သာသနေ၊မြတ်စွာဘုရားသာသနာတော်၌။သီလစိတ္တ
ဝံသာ၊သီလဝိသုဒ္ဓိစိတ္တဝိသုဒ္ဓိအစွမ်းအားဖြင့်။ဒွယံ၊ဝိသုဒ္ဓိ ၂ ပါး
အပေါင်းကို။ပဋ္ဌမံ၊ရှေးဦးစွာ။ဥပသမ္ပဒ္ဓာ၊ပြည့်စုံစေဦး၍။ပညာယ
ဝိပဿနာပညာ၏။ဘူမိဘူတေသု။အရာဖြစ်၍ဖြစ်ကုန်သော။ခန္ဓာ
ဒိသု၊ ခန္ဓာအစရှိသည်တို့၌။ အသေသတော၊ အကြွင်းမရှိသော
အားဖြင့်။ဥဂ္ဂဟာဒိဝသေနဝ၊သင်ခြင်းမေးမြန်းခြင်း၊ဆောင်ရွက်
ခြင်း၊ကြံခြင်း၊ဉာဏ်ဖြင့်ဆင်ခြင်နိုင်ခြင်းအစရှိသည်တို့၏ အစွမ်း
အားဖြင့်သာလျှင်။ ဉာဏပရိစယံ၊ ဉာဏ်၏ လေ့ကျက်ခြင်းကို။
ကတွာ၊ပြုပြီး၍။ဂနတလေ၊ကောင်းကင်ပြင်၌။တာရကံ၊ကြယ်အ
ပေါင်းကို။ ဂဏှန္တောဝိယ။ ဆွတ်ဘိ သကဲ့သို့။ နာမရူပါနံ၊ဓမ္မာနံ၊
နာမ်ရုပ်တရားတို့၏။လက္ခဏာဒိံ၊ လက္ခဏာအစရှိသည်တို့ကို။
ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။အတန္တိတော၊မပျင်းမရိ။ သမသေယျ၊သုံး
သပ်ရာ၏။ဟိ၊သုံးသပ်ခြင်း၏အကျိုးကိုဆိုဦးအံ့။ လက္ခဏာဒိသု၊
လက္ခဏာအစရှိသည်တို့ကို။ ဉာတေသု၊ သိအပ်ကုန်သည်ရှိ
သော်။ဓမ္မာ၊ တရားတို့သည်။အဓိဘဝန္တိ၊ထင်စွာဖြစ်ကုန်၏။ဓမ္မေ
သု၊ရုပ်နာမ်တရားတို့သည်။ အဝိဘူတေသု၊ထင်စွာဖြစ်ကုန်သည်
ရှိသော်။သာဒိဋ္ဌိဝိသုဒ္ဓိယာ၊ထိုဒိဋ္ဌိဝိသုဒ္ဓိသည်။ ပဟောတိ၊ဖြစ်၏။
ဝိသုဒ္ဓိရထံ၊ဒိဋ္ဌိဝိသုဒ္ဓိတည်းဟူသော ရထားထက်သို့။ အာရုယှ၊
တက်စီး၍။ဧသဧသော၊ဤခန္ဓာနာမ်ရုပ်အပေါင်းသည်။ မေ၊ငါ၏။
အတ္တာ၊ကိုယ်တည်း။ဣတိသညိတံ၊ ဤသို့ဘောက်ပြန်ယွင်းချွတ်
မှတ်ထင်တတ်သော။ကုမဂ္ဂံ၊ စက်ဆုပ်ရွံရှာဘွယ်သော၊ သက္ကာ
ယဒိဋ္ဌိတည်း ဟူသော လမ်းခရီးကို။ ပရိဝဇ္ဇေန္တော၊ ကြည်ရှောင်
လျက်။သာဓဝေါ၊ သူတော်ကောင်း တို့သည်။ သိဝံ၊ နိဗ္ဗာန်သို့။
ဂစ္ဆန္တု ၊သွားစေကုန်သတည်း။ ။ဤကားအနက်။

(အထူးမှတ်ရန်)။ ။အဘယ့်ကြောင့်၊ ဈာန်မည်သနည်း ဆိုသော်။နိဝရဏတရားကို ခွါသောကြောင့်ငှင်း။ ကသိုဏ်းအစ ရှိသောပဋိဘာဂ နိမိတ်ကို ရှုတတ်။ ကြည့်တတ်သောကြောင့် ငှင်းဈာန်မည်၏။ ။ထိုဈာန်သည်အဘယ်ကဲ့သို့ပယ်သနည်း။ ဝိတက်ဈာန်သည်။ထိန၊မိဒ္ဓ၊ နိဝရဏကို ပယ်၏။ ဝိစာရဈာန် သည်။ဝိစိကိစ္ဆာနိဝရဏကိုပယ်၏။ပိတိဈာန်သည်။ ဗျာပါဒနိဝ ရဏကိုပယ်၏။သုခဈာန်သည်။ ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏကိုပယ် ၏။ဧကဂ္ဂတာဈာန်သည်။ ကာမဆန္ဒနိဝရဏကိုပယ်၏။ အဝိဇ္ဇာ နိဝရဏကိုကား။ငါးပါးသောဈာန်တို့ကပယ်ကြကုန်၏။ ။ကာ မကုသိုလ်ဖြင့်။ ကိလေသာကို တဒင်္ဂ ပယ်၏။ ရူပကုသိုလ်ဖြင့်။ ဝိက္ခမ္ဘနပယ်၏။မဂ်၄ပါးကား။သမုစ္ဆေဒပယ်၏။ဖိုလ်၄ပါးကား။ ပဋိသမ္ဘနပယ်၏။ ။ထိုကြောင့်ကိလေသာကို။တဒင်္ဂလွတ်ခြင်း သည်။တဒင်္ဂဝိမုတ်ဆို၏။ငှင်းနည်းဝိက္ခမ္ဘနဝိမုတ်။သမုစ္ဆေဒဝိမုတ် ပဋိသမ္ဘနဝိမုတ်။နိဿရဏဝိမုတ်ဟူ။ဝိမုတ်ငါးပါးကိုပြ၏။ ။ ပဉ္စမဈာန်အစရှိသည်တို့တွင်။အမှတ်မရှိတပါးပါးသော်၊ဈာန်ကို ဝင်စားခြင်း။ပါဒကဈာန်ဖြစ်၏။ထိုနောင်၊ဝင်စားသောဈာန်မှ။ငှင်း အမှတ်မရှိသောဈာန်ကိုအနိစ္စ၊ဒုက္ခ၊အနတ္တဟုသုံးသပ်၏။သမသိ တဈာန်ဖြစ်၏။ထိုနောင်မဂ်ကိုဖြစ်စေ၏။ငှင်းမဂ်မပြီးမီ။ပဉ္စမဈာန် နှင့်တူသော၊အင်္ဂါ ၅ ပါးရှိသောမဂ်သည်။ ငါ့အားစင်စစ်ဖြစ်ပါ မူကား။ကောင်းလေစွ၊ ဒုတိယဈာန်နှင့်တူသော။အင်္ဂါ ၄ ပါးရှိ သောမဂ်သည်။ငါ့အားစင်စစ်ဖြစ်ပါမူကား။ ကောင်းလေစွ၊ဤသို့ စသည်ဖြင့်။ ဖြစ်သော ပုဂ္ဂိုလ်၏အလို။ ကုသိုလ်ဆန္ဒသည်။ ပုဂ္ဂ လဇ္ဈာသယဈာန်မည်၏။ ။ဤသို့နိဝရဏကိုပယ်ခြင်းဈာန်ဟု မှတ်။ ။တနည်းလည်း။လောကနိမိတ်မှ လွန်သည်ကို။လော ကုတ္တရာဆို၏။ ။လောကနိမိတ်ဟူသည်လည်း။ခန္ဓာငါးပါးမှ လွတ်ခြင်းလွန်ခြင်းကိုဆိုသည်။ ။တနည်းလည်း။ နိမိတ်ဟူ သည်။သင်္ခါရတရားကိုဆိုသည်။ထိုသင်္ခါရတရားမှလွတ်ခြင်း။ ထိုနိမိတ်မှထမြောက်ခြင်းသည်လောကုတ္တရာဟုဆို၏။ ။ထိုကြောင့်

ဝိသုဒ္ဓိမဂ်ကျမ်း၌။ ။ရူပဝေဒနာ၊သညာသင်္ခါရ ဝိညာဏနိမိတ္တ
တော။ဝုဋ္ဌတိတိ၊ဝုဋ္ဌာနံ။ ။ရူပဝေဒနာသညာသင်္ခါရဝိညာဏ
နိမိတ္တတော၊ ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်ဟုဆိုအပ်သော
နိမိတ်မှ။ဝုဋ္ဌတိ၊ထမြောက်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ဝုဋ္ဌာ
နံ၊ဝုဋ္ဌာနမည်၏။ ။ဝုဋ္ဌာနံဂစ္ဆတိပဝတ္တယာဘာဝေနာတိ၊ ဝုဋ္ဌာနဂါ
မိနီ။ ။ဝုဋ္ဌာနံ၊နိမိတ်မှထမြောက်တတ်သောမဂ်သို့၊ ပဝတ္တယာဘာ
ဝေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ
တသ္မာ၊ထို့ကြောင့်။ဝုဋ္ဌာနဂါမိနီ၊ဝုဋ္ဌာနဂါမိနီမည်၏။ ။ဝုဋ္ဌာနဂါ
မိနီဇဝဝိပဿနာဟု ဆိုသောကြောင့်။ မဂ်ရှေ့ဖြစ်သော။ သင်္ခါ
ရုပေက္ခာ ဉာဏ်၊ အနုလောမ ဉာဏ်၊ ဂေါတြဘူ ဉာဏ်ဟု ဆို
အပ်သော သုံးပါး အပေါင်းသည်။ မဂ်၏ အမည်ပင် တည်းဟု
ဆို၏။ ။ဝိပဿနာနိယမပုဂ္ဂိုလ်အားပါဒကဈာန်ဟုဆိုရခြင်း
သည်။ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၏အခြေဖြစ်သောကြောင့်။ ပါ
ဒကဈာန်ခေါ်ရ၏။ထိုသို့ပါဒကပြုသော်၎င်း။ မပြုသော်၎င်း။လော
ကီကို၎င်း။တေဘုမ္မကသင်္ခါရကို၎င်း။ လက္ခဏာတင်၍။ စီးဖြန်း
သည်မှ။မဂ်၏ရှေ့ဂေါတြဘူတိုင်အောင်စောသမျှဇောကို။ လော
ကသုံးပါးမှထွက်မြောက်ကြောင်း ဖြစ်သောကြောင့်။ ဝုဋ္ဌာနဂါမိ
နီဝိပဿနာဇောဟုခေါ်ဝေါ်ပညတ်အပ်၏။ ။တနည်းလည်း။
သင်္ခါရုပေက္ခာဉာဏ်သည်။မဂ်သို့ရောက်ခါနီးဖြစ်သောကြောင့်
ဝုဋ္ဌာနဂါမိနီဉာဏ်ဟူ၍၎င်း။ ဝိပဿနာဉာဏ်၏ အထွဋ်အထိပ်
သို့ရောက်၍။သိခါပတ္တဝိပဿနာဟုဆိုကုန်၏။ ။၎င်းမဂ်သည်။
သင်္ခါရနိမိတ်။ ကိလေသာ ခန္ဓာတို့ဖြစ်ခြင်းမှ။ ထမြောက်သော
ကြောင့်။ဝုဋ္ဌာနမည်၏။ထိုဝုဋ္ဌာနသို့ ရောက်တတ်သောအားဖြင့်။
ဝုဋ္ဌာနဂါမိနီမည်ကုန်၏။ ။ဤသို့မဂ်ကိစ္စဖြစ်သော၊ပရိကံ၊ဥပ
စာ၊အနုလုံ၊ဂေါတြဘူ၊ဝေါဒါန်ဟူရာ၌ကား။ တခုခုသောသမထ
အာရုံ။ဝိပဿနာစသည်တို့ကို။ ရှေ့ရှုတင်သဖြင့်။ ထိုသမထအာ
ရုံဝိပဿနာအာရုံတို့မှ။ထင်သောကာလအပ္ပနာသို့ ရောက်၏ဟု
ဆိုသည်။ ။ထိုအပ္ပနာစိတ်ကိုပင်လျှင်ဝိတက်ဈာန်လည်း ဟူ

ရာ၏။ ။ဤဝိတက်ဈာန်ဖြစ်သော သမထ ဝိပဿနာ အာရုံ တို့သည်။ပရိကံမည်၏။ ။ထိုပရိကံဖြစ်သောအာရုံမှ။မပျောက် မကွယ်စေရ။အပ္ပနာ၏အနီးဖြစ်သည်ကိုဥပစာခဆိုသည်။ ။ထို အပ္ပနာ၏အနီးဥပစာဖြစ်သော။ ပရိကံကို အားထုတ်နိုင်သဖြင့်။ လျော်သောအမျိုးဖြစ်ရခြင်းသည်။အနုလုံမည်၏။ ။ဤအပ္ပနာ ၏လျော်သောပရိကံကို အဘန်ဘန် အားထုတ်ခြင်း၊ ရုပ်နာမ် ခန္ဓာတို့ကို၊ ဝိပဿနာဉာဏ်ဖြင့်၊ သုံးသပ်ဆင်ခြင်ခြင်း။ ထင်စွာ ဖြစ်ကုန်သောကြောင့်။ တေဘုမ္မကဝဋ္ဋဒုက္ခမှ။ ငြီးငွေ့သော စိတ် ဖြစ်၍။မဟာကုသိုလ်ပဋ္ဌမဒွေးနှင့်တကွ၊ အလေါဘပြဋ္ဌာန်းသော စေတနာကို၊ဂေါတြဘူဟုခဆိုသတည်း။ ။ဤဂေါတြဘူဉာဏ် သည်။ ကာမအနွယ်ကိုရင်း။တေဘုမ္မကကိုရင်း။ဖြတ်၍။နိဗ္ဗာန်ကို အာရုံပြုနိုင်၏။ ။ဤကုသိုလ်အကုသိုလ်ကံတို့ကြောင့်ဖြစ်သော။ ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အနဉ္ဇာဘိ သင်္ခါရဟူ သောစေတနာ ၃ ပါးသည်။တေဘုမ္မကဝဋ္ဋဒုက္ခ၌။ ကျရောက်နစ် မွန်းတတ်သော။ ကံသုံးမျိုးဖြစ်၍၊ထိုစေတနာကံတို့ကိုကုန်စေသ ဖြင့်။ထွက်မြောက်နိုင်ခြင်းမဏ္ဍိုမပဋိပတ်အကျင့်မြတ်ဖြစ်သောမဂ္ဂင် ရှစ်ပါးတရားတော်မြတ်ကို။ဟောတော်မူသည်ကား။ ။အဋ္ဌမေ ဘိက္ခဝေဓမ္မာ၊ ဘာဝိတာ၊ ဗဟုလီကတာအပါရာပါရံဂမနာယ။ သံဝတ္တန္တိ၊ကတမေအဋ္ဌသေယျထိဒံ၊သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပော၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊သမ္မာအာဇီဝေါ။ သမ္မာဝါယာမော။ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဣမေခေါဘိက္ခဝေ။ အဋ္ဌဓမ္မာဘာဝိ တာ၊ဗဟုလီကတာ၊အပါရာပါရံဂမနာယသံဝတ္တန္တိ။ ။ဟူ၍ ဟောတော်မူသည်။ ။ဘိက္ခဝေ၊ ရဟန်းတို့။အဋ္ဌ၊ ရှစ်ပါးကုန် သော။ဣမေဓမ္မာ၊ဤမဂ္ဂင်ရှစ်ပါးတရားတို့ကို။ဘာဝိတာ၊ ပွါးအပ် ကုန်သည်ရှိသော်။ဗဟုလီကတာ၊အကြိမ်များစွာပြုအပ်ကုန်သည် ရှိသော်။အပါရာ၊လောကသုံးပါးဟူသော ဤမှာဘက်ကမ်းမှ။ပါ ရံ၊နိဗ္ဗာန်ဟူသောထိုမှာဘက်ကမ်းသို့။ ဂမနာယ၊ရောက်ခြင်းအ ကျိုးငှာ။သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ဣဒံမေအဋ္ဌ၊ ဤမဂ္ဂင်ရှစ်ပါးတို့ဟူ

သည်။ သေယျထာကတမေ၊ အဘာယ်သည်တို့နည်း ဟူမူကား။
သမ္မာဒိဋ္ဌိ၊ကောင်းသော မြင်ခြင်းရင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်း
သောကြံခြင်းရင်း၊ သမ္မာဝါစာ၊ကောင်းသောစကားကို ဆိုခြင်း
ရင်း။သမ္မာကမ္မန္တော၊ ကောင်းသောအမှုကိုပြုခြင်းရင်း။ သမ္မာအာ
ဇီဝေါ၊ ကောင်းသောအသက်မွေးခြင်းရင်း။ သမ္မာ ဝါယာမော၊
ကောင်းသောလုံ့လပြုခြင်းရင်း။သမ္မာသတိ၊ ကောင်းသောအောက်
မေ့ခြင်းရင်း။ သမ္မာသမ္မာဓိ၊ ကောင်းသော တည်ကြည်ခြင်းရင်း။
ဘိက္ခဝေ၊ရဟန်းတို့။ခေါ၊စင်စစ်။ဣမေအဋ္ဌဓမ္မာ၊ဤရှစ်ပါးသော
မဂ္ဂင်တရားတို့ကို။ဘာဝိတာ၊ ပွါးအပ်ကုန်သည်ရှိသော်။ ဗဟုလီ
ကတာ၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ အပါရာ၊လော
ကသုံးပါးဟူသောဤမှာဘက်ကမ်းမှ။ပါရံ၊နိဗ္ဗာန်ဟူသောထိုမှာ
ဘက်ကမ်းသို့။ဂမနာယ၊ ရောက်ခြင်းအကျိုးငှာ။ သံဝတ္တန္တိ၊ဖြစ်
ကုန်၏။ဣတိ၊ ဤသို့ဟောတော်မူ၏။    ။ဟူသော မဂ္ဂင်ရှစ်ပါး
တရားတော်မြတ်၌။ဘာဝိတာ၊ ဗဟုလီကတာပါဠိတော်အရ။မဂ်
နှင့်ဆိုင်သောတရားအပေါင်းအစုတို့ကို။ဘာဝနာမယဉာဏ်ဖြစ်
အောင်ပွါးများရခြင်း၊ အကြိမ်ကြိမ်အားထုတ်မှသာ။ ဝိပဿနာ
ပညာ၊မဂ်ဖိုလ်ပညာတို့သည်။အလင်းဟူသောဝိဇ္ဇာတရားဖြစ်၍
ဘုံသုံးပါး၌ပစ်ချစေတတ်သော။ အဝိဇ္ဇာမောဟ၊ ကုသိုလ်အကု
သိုလ်စေတနာကံတို့ကို။ကုန်စေနိုင်သဖြင့်။ စင်စစ်မဂ်ဉာဏ်ဖိုလ်
ဉာဏ်၊နိဗ္ဗာန်တိုင်မြောက်။ ရောက်နိုင်မည်ဟူလိုသည်။    ။ထို
မဂ္ဂင်တရားရှစ်ပါးတို့တွင်ပါဝင်သော။သမ္မာဝါစာ။ သမ္မာကမ္မန္တ၊
သမ္မာအာဇီဝ၊သုံးပါးသည်။သီလမည်၏။ သမ္မာဝါယာမ၊ သမ္မာ
သတိ၊ သမ္မာ သမ္မာဓိသည်။ သမ္မာဓိ မည်၏။ သမ္မာ ဒိဋ္ဌိ၊ သမ္မာ
သင်္ကပ္ပ၊ ၂ ပါးသည်။ဝိပဿနာပညာမည်၏။    ၊ဤသုံးပါးသော
သီလသမ္မာဓိပညာတရားတို့သည်။လောကသုံးပါးမှ၊လွန်မြောက်
နိုင်ခြင်းဖြစ်၍၊လူနတ်တို့၏ ထွန်းထားဘုရားမြတ်စွာ ဟောတော်
မူသည်ကား။    ။သီလံသမ္မာဓိ ပညာဉ္စ၊ မဂ္ဂဗောဓိယာဘာဝယံ၊
ပတ္တောသိဒ္ဓိပရမံသုဒ္ဓိံ၊နိဟာတောတွမသိအန္တက။    ။အန္တက၊လော

ကကိုဖျက်ဆီးတတ်သောမါရ်နတ်။အဟံ၊ငါဘုရားသည်။သီလံ၊
အဓိသီလကိုရင်း။ သမ္မာဓိံ၊ အဓိစိတ္တဟူသော၊ သမ္မာဓိကိုရင်း။
ပညဉ္စ၊ အဓိပညာဟူသောဝိပဿနာပညာကိုရင်း။ မဂ္ဂံ၊ အရ
ဟတ္တမဂ်ကိုရင်း။ဗေါဓါယ၊ သိခြင်းငှာ။ဘာဝယံ၊ ပွါးစေသည်
ဖြစ်၍။ပရမံ၊အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ ကိလေသာတို့၏ စင်
ကြယ်ရာနိဗ္ဗာန်ကို။ပတ္တော၊ ရောက်သည်။အသမိ၊ဖြစ်ပြီ၊တွံ၊သင်
မှုကား။နိဟတော၊သံသရာဝဋ်၌ဆင်းရဲသည်။အသိ၊ဖြစ်၏။ ။
ဤသို့မဂ်ဖိုလ်ရကြောင်း။ လမ်းအစည်အားဖြင့်။ ဟောတော်မူ၏။
အဓိပ္ပာယ်ကား။ ။ရှေးဦးစွာသီလကိုဖြစ်စေရမည်။ ထိုနောင်
သမ္မါဓိကိုဖြစ်စေရမည်။သမ္မာဓိတရားရပြီးမှဝိပဿနာပညာကို
ဖြစ်စေသဖြင့်။မဂ်ကိုရ၏ဟူလိုသည်။ ။သီလသည်သမ္မာဓိ၏
ကြီးပွါးခြင်းအမှုန်းဖြစ်၏။ သမ္မာဓိသည်လည်း၊ပညာတရားကြီး
ပွါးရာအကြောင်းဖြစ်၏၊ထိုသီလသမ္မာဓိ ၂ ပါးနှင့်ပြည့်စုံသော
ပညာသည်သာလျှင်၊ ကိလေသာအာသဝအပေါင်းတို့ကို၊ ဖိုင်း
ဖြတ်၍။၄ပါးသောမဂ်ဉာဏ်သို့ရောံနိုင်ရာသည်။ ။ထို့ကြောင့်
ပါဠိတော်၌။ ။သီလပရိဘာဝိတော၊ သမ္မာဓိမဟပ္ဖလောဟော
တိ။မဟာနိသံသော။သမ္မါဓိပရိဘာဝိတာ၊ပညာမဟပ္ဖလါဟော
တိ၊ မဟာနိသံသာ။ ပညာပရိဘာဝိတံ စိတ္တံ၊ သမဒေဝအာသ
ဝေဟိဝိမုစ္စတိ။ ။သီလပရိဘါဝိတော၊သီလဖြင့်ဖြစ်စေပွါးစေ
အပ်ထုံအပ်ခြံရံအပ်သော။ သမ္မာဓိ၊သမ္မာဓိသည်။ မဟပ္ဖလော
ကြီးသောအကျိုးရှိသည်။မဟါနိသံသေါ၊အာနိသင်အကျိုးဆက်
ကြီးသည်။ ဟောတိ၊ဖြစ်၏။ သမ္မာဓိပရိဘာဝိတာ၊ သမ္မာဓိဖြင့်
ဖြစ်စေပွါးစေအပ်၊ ထုံအပ်ခြံရံအပ်သော။ ပညာ၊ ပညာသည်။
မဟပ္ဖလာ၊ကြီးသောအကျိုးရှိသည်။ မဟာနိသံသာ၊ အာနိသင်
အကျိုးဆက်ကြီးသည်။ဟေါတိ၊ဖြစ်၏။ပညာပရိဘာဝိတံ၊ပညာ
ဖြင့်ဖြစ်စေပွါးစေအပ်၊ ထုံအပ်ခြံရံအပ်သော။စိတ္တံ၊ စိတ်သည်။
သမဒေဝ၊အကြွင်းမရှိကောင်းစွာသာလျှင်။အာသဝေဟိ၊ ကာမ
တဏှာအစရှိသော၊ အာသဝေါတို့မှ။ဝိမုစ္စတိ၊ လွတ်နိုင်၏။ ။

ဟောတော်မူသောကြောင့်။မဂ္ဂင်ရှစ်ပါး၌ပါဝင်သော။ အဓိသီလ
ဟူသော၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဓိစိတ္တဟူ
သော၊သမ္မာဓိ။အဓိပညာဟူသော၊ ဝိပဿနာဉာဏ်တို့ကို။ ကြိုး
စွာသောလုံ့လ၊အားထုတ်ကြသဖြင့်။အမတနိဗ္ဗာန်သို့။ လျှင်မြန်စွာ
ရောက်နိုင်ရာ၏၊ဟူလိုသည်။ ။ထိုမှတပါးနိဗ္ဗာန်သို့အာရုံပြုရန်
ဆင်ခြင်ပုံကိုပြဦးအံ့။ ။ဤတေဘုမ္မကဝဋ်ဒုက္ခ၌။ကြည်လည်ရ
သောသတ္တဝါအပေါင်းတို့သည်ကား။ အဘိဇ္ဈာဟူသောလောဘ
ဗျာပါဒဟူသောဒေါသ၊ မိစ္ဆာဒိဋ္ဌိ၊ဤအကုသိုလ်တရားသုံးပါးတို့
သည်၊ တည်တန့်မြဲမြံစွာဖြစ်၍ သတ္တဝါအပေါင်းတို့အားထင်ရှား
ရှိကြကုန်၏။ ထိုသုံးပါးတို့တွင်။ မိစ္ဆာဉာဏ်သက်ဝင်သော။ အ
ဘိဇ္ဈာလောဘသည်၊ခန္ဓာငါးပါးဒွတ္တိံသကာယ၊ အသုဘကို။ သုဘ
ဟု မှားသောအားဖြင့်။ ထင်မှတ်စွဲလမ်းခြင်းဟူသော။ အဘိဇ္ဈာ
လောဘကြောင့်။ ခန္ဓာပဉ္စကဒွတ္တိံသကာယကို။အနမတဂ္ဂ၊ ဘဝ
များစွာသံသရာ၌ရကြကုန်၏။ ။ထိုခန္ဓာပဉ္စကကိုရခြင်းသည်
လည်း၊ လောဘ၊ဒေါသ၊မောဟ၊ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ၊သော
က၊ပရိဒေဝ၊ဒုက္ခဒေါမနဿ၊ဥပါယာသတည်းဟူသောမီး ၁၁
ပါးတို့၏ အခြားမပြတ်။ တစပ်တည်း လောင်ရာဖြစ်၍။ စင်စစ်
သက်သာရာကို မရလေရကား။ ဒုက္ခသာအမှန်။ ဧကန်ဖြစ်ချေ
သည်ဟု၊ဒုက္ခသစ္စာကိုပိုင်းခြား၍သိအပ်ချေသည်။ ။ဒုက္ခဖြစ်
သောခန္ဓာပဉ္စကဒွတ္တိံသ်ကို။ဒုက္ခဟုသိသဖြင့်။ထိုခန္ဓာငါးပါး။ ရုပ်
နာမ်တရားတို့၏ဖြစ်ကြောင်းဖြစ်သော။အဘိဇ္ဈာလောဘဟူသော
သမုဒယသစ္စာကို ပဟာယက။ လေးဌာနဖြင့်။ နေ့ညမပြတ်။ အ
ထပ်ထပ်ရှုကာပယ်ခွါအပ်ချေသည်။ ။ဒုက္ခဟုသိသောဉာဏ်
ဒုက္ခ၏အကြောင်းကိုမြင်၍ ပယ်ခွါသောဉာဏ်တို့ကို။ သမ္မာဒိဋ္ဌိ
မဂ္ဂင်ဖြစ်သောပညာဟု။မှတ်သိအပ်ချေသည်။ ။ထိုသို့အကြီး
အမှူးဖြစ်သော။ သမ္မာဒိဋ္ဌိဉာဏ် ထက်သံသဖြင့်။ တေဘုမ္မက။
ဘဝကိုမျှောက်လှန်လျက်။ဧကန်မချ။ထိုခဏခြင်း။ ဝဋ်အရင်းကိ
လေသါကိုပယ်ခွါရ၍။တဒင်္ဂဝိမုတ်။ဝိက္ခမ္ဘနဝိမုတ်၊သမုစ္ဆေဒဝိ

ဝိမုတ်သို့ရောက်ကြသဖြင့်။နိဗ္ဗာန်ကို ကေန္တမျက်မှောက်ပြုရလေ
တော့သည်။ ။(ဤကားမဂ်ဉာဏ်၊ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုအာရုံပြု
ကြောင်းတရား။)

ထိုမှတပါး။နိဗ္ဗာန်ကိုတောင်းတခြင်း၌။တဏှာဟုသမုတ်အပ်
သည်ကိုပြဦးအံ့။ ။ယာဒနိရောဓ တဏှာ။ အကြင်နိဗ္ဗာန်ကို တပ်
တတ်သောလောဘသည်။ ။ဓမ္မသင်္ဂဏီပါဠိတော်နိသျ။ ။
နိရောဓေ၊သင်္ခါရတရား၏ချုပ်ခြင်း၌။ တဏှာ၊တပ်ခြင်းသည်။နိ
ရောဓတဏှာ၊နိရောဓတဏှာမည်၏။ ။၎င်း၏အဖွင့်အဋ္ဌသာလိ
နီပါဠိအနက်။ ။၎င်းနေတ္တိပါဠိတော်၌။ ။တဏှာဒုဝိဓါ၊ကုသ
လာပိ၊အကုသလာပိ၊အကုသလာသံသာရဂါမိနီ၊ ကုသလာအ
ပစရဂါမိနီ၊ ပဟာနတဏှာ၊ မာနောဒုဝိဓေါ၊ကုသ လောပိအကု
သလောပိ၊ယံမာနံနိဿာယ။ မာနံပဇဟာတိ။ အယံမာနောကုသ
လော၊ ယောပနမာနောဒုက္ခံနိဗ္ဗတ္တယတိ၊ အယံမာနော အကုသ
လော။တတ္ထယံနေက္ခမသိတံ၊ဒေါမနဿံကဒါသုနာမဟံ၊တံအာ
ယတနံသစ္ဆိကတွာဥပသမ္ပဇ္ဇ၊ ဝိဟရိဿံ၊ယံအရိယာသန္တံ၊အာ
ယတနံသစ္ဆိကတွာ၊ဥပသမ္ပဇ္ဇဝိဟရန္တိ၊ တဿဥပ္ပဇ္ဇတိ၊ပိဟာ၊
ပိဟာပစ္စယာဒေါမနဿံ၊ အယံတဏှာကုသလာ၊ ရာဂဝိရာဂါ၊
စေတောဝိမုတ္တိ၊ တဒါရမ္မဏာ ကုသလာ အဝိဇ္ဇာဝိရာဂါပညာဝိ
မုတ္တိ။ ။နေတ္တိပါဠိတော်ပါဌ်။ ။တတ္ထကုသလာတိ။ ကုသ
လာဓမ္မာ ရမ္မဏာ၊ ကုသလသဒ္ဒေါစေတ္ထ၊ ဗာဟိတိကာသုတ္တေဝိ
ယ၊အနဝဇ္ဇေဒဋ္ဌဗ္ဗော။ ။နေတ္တိအဋ္ဌကထာ။ ။တတ္ထသံသာ
ရံဂမေတီတိသံသာရဂါမိနီ၊သံသာရနာရိကာတိအတ္ထော၊ အပ
စရံနိဗ္ဗာနံဂမေတီတိအပစရဂါမိနီ။ကထံပနတဏှာ။ အပစရဂါ
မိနီတံအာဟပဟာနတဏှာတိ၊ တဒင်္ဂါတိပဟာနဿ၊ ဟေတု
ဘူတာတဏှာ၊ ကထံပနကောန္တဿာဝဇ္ဇာယတဏှာယ ကုသလ
ဘာဝေါတိသေဝိတဗ္ဗဘာဝတော။ ယထာတဏှာ၊ ဧဝံမာနောပိ
ဒုဝိဓေါ၊ကုသလောပိ၊အကုသလောပိ၊ နတဏှာ။ ဧဝါတိတဏှာ
ယ။နိဒဿနဘာဝေနမာနောဝုတ္တော၊တတ္ထမာနဿ၊ယထာဓိပ္ပေ

တံကုသလာတိဘာဝံဒဿေတုံ၊ ယံမာနံနိဿာယာ တိအာဒိမာ
ဟ၊ ဝုတ္တံ့ဟောတိဘဂဝတာ၊ မာနမဟံ၊ ဒေဝါနမိန္ဒဒုဝိဓေနဝဒါမိ၊
သေဝိတဗ္ဗံပိ၊ အသေဝိတဗ္ဗံ ပိတိအာဒိ။ ။ဝှင်းနေတ္တိ အဋ္ဌက
ထာ။ ။ကုသလာဓမ္မာရမ္မဏာတိ၊ ကုသလဓမ္မေဥဒ္ဒိဿပဝတ္တိ
မတ္တံသန္ဓာယဝုတ္တံ၊ နတေသံအာ ရမ္မဏပစ္စယတံ ဇူဓကုသလာ
ဓမ္မာတိလောကုတ္တရဓမ္မာနံ အဓိပ္ပေတတ္တာ။နဟိကဒါစိ။ အနုပါဒါ
နိယာဓမ္မာ။ ဥပါဒါရမ္မဏာဟောန္တိ။ ဖလဓမ္မေဥဒ္ဒိဿပဝတ္တာယ
တဏှာယပဟိတဗ္ဗာကုသလ။လ။ဒဠှဗ္ဗောတိဝုတ္တံ။ ။နေတ္တိဋီ
ကာပါဠိ။ ။မာနောပိဒုဝိဓေါတိအာဒိနာ၊ မာနဿစတဏှာယ။
သေဝိတဗ္ဗဘာဝေါအကုသလာနံပဟာနာယ၊ ကုသလာနံဥပ္ပတ္တိ
ယာစပစ္စယဘာဝတော။ ။ဝှင်းနေတ္တိဋီကာ။ ။တဏှာ၊ တဏှာ
သည်။ကုသလါပိ၊ ကုသိုလ်တဏှာဝှင်း။အကုသလာပိ၊ အကုသိုလ်
တဏှာဝှင်း။ဣတိ၊ ဤသို့။ဒုဝိဓါ၊ ၂ ပါးအပြားရှိ၏။တတ္ထ၊ ထို ၂ ပါး
တို့တွင်။သံသာရဂါမိနီ၊ ခန္ဓာအာယတန ဓါတ်တို့၏ မပြတ်ဖြစ်
ခြင်းဟု ဆိုအပ်သော၊ သံသရာသို့ ပို့ဆောင်တတ်သော တဏှာ
သည်။အကုသလာ၊ အကုသိုလ်တဏှာမည်၏။ အပစရဂါမိနီ၊
နိဗ္ဗာန်သို့ပို့ဆောင်တတ်သောတဏှာသည်။ကုသလာ၊ကုသိုလ်တ
ဏှာမည်၏။ပဟာနတဏှာ၊တဒင်္ဂပဟာံစသည့်တို့၏အစွမ်းဖြင့်၊ အ
ကုသိုလ်နိဝရဏတရားတို့ကို ပယ်ခြင်း၏ အကြောင်း ဖြစ်သော
တဏှာသည်။အပစရဂါမိနီ၊အပစရဂါမိနီတဏှာမည်၏။မါနော
ပိ၊မာနသည်လည်း။ ကုသလောပိ၊ ကုသိုလ်မာနဝှင်း။ အကုသ
လောပိ၊အကုသိုလ်မာနဝှင်း။ ဣတိ၊ဤသို့။ ဒုဝိဓေါ၊ ၂ ပါးအပြား
ရှိ၏။တတ္ထ၊ထို ၂ ပါးတို့တွင်။ယံမာနံ၊အကြင်မာနကို။ နိဿာယ၊
မှီ၍။မာနံ၊ အပါယ်လားကြောင်း မကောင်းသောမာနကို။ ပဇဟ
တိ၊ပယ်စွန့်၏။အယံမါနော၊ ဤပယ်စွန့်ကြောင်းကောင်းသောမာန
သည်။ကုသလော၊ကုသိုလ်မာနမည်၏။ယောပနမာနော၊ အကြင်
မာနသည်။ ဒုက္ခံ၊ဆင်းရဲကို။ နိဗ္ဗတ္တယတိ၊ဖြစ်စေတတ်၏။ အယံ
မာနော၊ ဤမာနသည်။ အကုသလော၊ အကုသိုလ်မာနမည်၏။

တဋ္ဌ၊ ထို၂ ပါးသော မာနတို့တွင်။ အယံ၊ ဤဆိုလတ္တံ့သည့်ကား။
ကုသလံ တဏှာယ၊ ကုသိုလ်တဏှာ၏။ သရူပတ္တော၊ ဖြစ်သောသ
ရုပ်အခြင်းအရာကို ပြသော စကားတည်း။ အရိယာ၊ အရိယာ
ပုဂ္ဂိုလ်တို့သည်။ သန္တံ၊ ငြိမ်သက်သော။ ယံအာယတနံ၊ အကြင်
အနုတ္တရဝိမောက္ခဖြစ်သော ဖိုလ်တရားကို။ သန္တိကတွာ၊ မျက်
မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာရန္တိ၊ နေကုန်၏။ အ
ဟံ၊ ငါသည်။ ကဒါသုနာမ၊ အဘယ်အခါ၌။ တံအာယတနံ၊
ထိုအနုတ္တရ ဝိမောက္ခ ဖြစ်သောဖိုလ် တရားကို။ သန္တိကတွာ၊
မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာရိဿံ၊ နေပါရ
အံ့နည်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုတောင့်တခြင်းကိုဖြစ်စေတတ်
သော ပုဂ္ဂိုလ်အား။ ပိဟာ၊ တောင့်တခြင်း တဏှာသည်။ ဥပ္ပဇ္ဇ
တိ၊ ဖြစ်၏။ ပိဟာပစ္စယာ၊ တောင့်တခြင်း တဏှာကြောင့်။ ယံဒေါ
မနဿံ၊ အကြင်နှလုံးမသာယာခြင်းစိုးရိမ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊
ဖြစ်၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော နှလုံးမသာယာခြင်း စိုး
ရိမ်ခြင်းကို။ နေက္ခမသိတံ၊ ဝိပဿနာပဌမဈာန်အစရှိသောနိက္ခမ
ကိုမှီသော။ ဝါ၊ ရဟန်းပြုခြင်းစသည်တို့၏ အစွမ်းအားဖြင့် ဖြစ်
သောကုသိုလ်ဟုဆိုအပ်သောနိက္ခမကိုမှီသောတရားကို။ ဒေါမ
နဿံ၊ ဒေါမနဿဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အယံတဏှာ၊ အကြင်
အပြစ်မရှိတရားကို၊ တောင့်တသော တဏှာသည်။ ကုသလာ၊
ကုသိုလ် တဏှာမည်၏။ ရာဂဝိရာဂါ၊ ကာမရာဂမှ ကင်းခြင်း
သည်။ စေတောဝိမုတ္တိ၊ အနာဂါမိဖိုလ်မည်၏။ အဝိဇ္ဇာဝိရာဂါ၊
အဝိဇ္ဇာမှကင်းခြင်းသည်။ ပညာဝိမုတ္တိ၊ အရဟတ္တဖိုလ်မည်၏။ တ
ဒါရမ္မဏာ၊ ထို၂ ပါးကိုရည်၍ဖြစ်သောတဏှာသည်။ ကုသလာ၊
ကုသိုလ်တဏှာမည်၏။ ။ရင်းပါဠိတော်အနက်။ ။တတ္ထ၊ ထိုတ
ဏှာဒုဝိဓာစသောစကား၌။ ကုသလာတိ၊ ကုသလာဟူသည့်ကား။
ကုသလာဓမ္မာရမ္မဏာ၊ အပြစ်မရှိလောကုတ္တရာ တရားကိုရည်၍
ဖြစ်သောတဏှာသည်။ ဗါဟိတိကသုတ္တေ၊ ဗာဟိတိကသုတ်၌။ ကု
သလာသဒ္ဒေါ၊ ကုသလာသဒ္ဒါသည်။ အနဝဇ္ဇေ၊ အပြစ်မရှိသော၌အ

နက်၌။ဟောတိဝိယ၊ဖြစ်သကဲ့သို့။ဧဝ္တ၊ ဤကုသလာပိ ဟူသော
ပုဒ်၌။ကုသလာသဒ္ဒေါစ၊ ကုသလသဒ္ဒါကိုလည်း။ အနဝဇ္ဇော၊ အ
ပြစ်မရှိဟူသောအနက်၌။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ။ဤကားအနက်။ ။
တတ္ထ၊ထို ၂ ပါးသောတဏှာတို့တွင်။ယာတဏှာ၊ အကြင်တ
ဏှာသည်။သံသာရံ၊ ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်း
ဟုဆိုအပ်သော သံသရာသို့။ ဂမေတိ၊ ပို့ဆောင်တတ်၏။ ဣတိ
တသ္မာ၊ထိုသို့ပို့ဆောင်တတ်သည့်၏အဖြစ်ကြောင့်။ သာတဏှာ
ထိုတဏှာသည်။သံသာရဂါမိနီ၊သံသါရဂါမိနီမည်၏။သံသာရ
နာရိကာ၊သံသရာသို့ပို့ဆောင်တတ်၏။ဣတိအယံ၊ ဤသည်ကား။
အတ္ထော၊အနက်တည်း။ယာတဏှာ၊ အကြင်တဏှာသည်။ အပ
စယံ၊နိဗ္ဗာန်သို့။ဂမေတိ၊ပို့ဆောင်တတ်၏။ဣတိတသ္မာ၊ထိုကြောင့်။
သာတဏှာ၊ထိုတဏှာသည်။အပစယဂါမိနီ၊ အပစယဂါမိနီမည်
၏။ကထံပနတဏှာ၊ အဘယ်သို့သောတဏှာသည်။ အပစယဂါ
မိနီ၊အပစယဂါမိနီမည်သနည်း။ဣတိ၊ဤသို့အမေးကြောင့်။ပဟာ
နတဏှာတိ၊ပဟာနတဏှာဟူ၍။အာဟ၊မိန့်ပြီ။ တဒင်္ဂဝိပဟာ
နသဿ၊ တဒင်ပဟံစသည်တို့၏အစွမ်းဖြင့်၊ အကုသိုလ်တရားကို
ပယ်ခြင်း၏။ဟေတုဘူတာ၊ အကြောင်းဖြစ်၍ဖြစ်သော။ တဏှာ၊
တဏှာသည်။ ပဟာနတဏှာ၊ ပဟာန တဏှာမည်၏။ ကထံ
ပနကာ ရဏော၊ အဘယ် အကြောင်း ကြောင့်။ ဧကန္တ သာ
ဝဇ္ဇာ ယ၊ စင်စစ် အပြစ် နှင့် တကွ ဖြစ် သော။ တဏှာ ယ၊
တဏှာ၏။ ကုသလ ဘာဝေါ၊ ကုသိုလ်၏ အဖြစ်သည်။ ဟော
တိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ စောဒနေယျ၊ အကယ်၍ မေး
ငြားအံ့။ သေဝိတဗ္ဗဘာဝတော၊ မှီဝဲအပ်သော တဏှာ၏ အဖြစ်
ကြောင့်။ ကုသလဘာဝေါ။ ကုသိုလ်၏အဖြစ်သည်။ ဟောတိ၊
ဖြစ်၏။တဏှာ၊ တဏှာသည်။ ဒုဝိဓာယထာ၊ ၂ ပါးပြားသကဲ့သို့။
ဧဝံ၊ထိုအတူ။မာနောပိ၊ မာနသည်လည်း။ ကုသလောပိ၊ကုသိုလ်
မာနရင်း။ အကုသလောပိ၊ အကုသိုလ်မာနရင်း။ ဣတိ၊ဤသို့၊ဒုဝိ
ဓော၊ ၂ ပါးအပြားရှိ၏။ တဏှာဝေ၊ တဏှာသည်သာလျှင်။ န၊မ

ဟုတ်။ ဉာတိ၊ ဤသို့။ တဏှာယ၊ တဏှာ၏။ နိဒဿနဘာဝေနဥပ။
မာဘာအဖြစ်ဖြင့်။ မာနော၊ မာနကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။
တတ္ထ၊ ထိုမာနေပိ ဒုဝိဓေစသောစကား၌။ မာနသဒ္ဒ၊ မာန၏။
ယထာဓိပ္ပေတံ၊ အကြင်အလိုရှိအပ်သော။ ကုသလာဒိဘာဝံ၊ ကု
သိုလ်အစရှိသောအဖြစ်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ယံမာနံနိဿာ
ယာတိအာဒိ၊ ယံမာနံနိဿာယစသောစကားကို။ အာဟ၊ မိန့်ပြီး။
ဟိသစ္စံ၊ မှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ မာနမဟံဒေဝါ
နမိန္ဒဒုဝိဓေနဝဒါမိ။ သေဝိတဗ္ဗံ၊ အသေဝိတဗ္ဗံ ပိအာဒိ မာနမ
ဟံ။ လ။ အသေဝိတဗ္ဗံပိ၊ အစရှိသော။ ဧတံဝစနံ၊ ဤစကားကို။
ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော
သိကြားမင်း။ မာနံ၊ မာနကို။ သေဝိတဗ္ဗံပိ၊ မှီဝဲအပ်သောမာနရင်း။
အသေဝိတဗ္ဗံပိ၊ မမှီဝဲအပ်သောမာနရင်း။ ဒုဝိဓေန၊ ၂ ပါးအပြားအား
ဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ။ ဤကားအ
နက်။ ။ ကုသလာဓမ္မာရမ္မဏာတိ၊ ကုသလာဓမ္မာရမ္မဏာ ဟူ
သည်ကား။ ကုသလေဓမ္မေ၊ အပြစ်မရှိသော လောကုတ္တရာတရား
တို့ကို။ ဥဒ္ဒိဿပဝတ္တိမတ္တံ၊ ရည်၍ဖြစ်ခြင်းမျှကို။ သန္ဓာယ၊ ရည်၍။
ဝုတ္တံ၊ မိန့်အပ်၏။ တေသံ၊ ထိုလောကုတ္တရာတရားတို့၏။ အာရမ္မဏ
ပစ္စယတာ၊ အာရမ္မဏပစ္စည်း၏ အဖြစ်ကို။ သန္ဓာယ၊ ရည်ညွှန်း
တော်မူ၍။ နဝုတ္တံ၊ ဟောတော်မမူအပ်။ ကသ္မာ၊ အဘယ်ကြောင့်
နည်းဟူမူကား။ ဉာဓ၊ ဤဝိစရဟာရကိုဖွင့်ရာ၌။ ကုသလာဓမ္မာတိ၊
ကုသလာဓမ္မာဟူသောပုဒ်၏အရကို။ လောကုတ္တရဓမ္မာနံ၊ လော
ကုတ္တရာတရားတို့ကို။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏အဖြစ်
ကြောင့်တည်း။ ဟိသစ္စံ၊ မှန်၏။ ကဒါစိ၊ တရံတခါ။ အနုပ္ပာဒါနိ
ယာ၊ ဥပါဒါန်တရား ၄ ပါးတို့၏ အာရုံမဟုတ်သော။ ဓမ္မာ၊ လော
ကုတ္တရာတရားတို့သည်။ ဥပါဒါရမနာ၊ ဥပါဒါန်တရား ၄ ပါးတို့
၏အာရုံသည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဖလဓမ္မေ၊ ဖိုလ်တရားတို့ကို။
ဥဒ္ဒိဿပဝတ္တာယ၊ ရည်၍ဖြစ်သော။ တဏှာယ၊ တဏှာကို။ ဂဟိ
တတ္တာ၊ ယူအပ် သည်၏ အဖြစ်ကြောင့် တည်း။ ကုသလ။ လ၊

ဒုမ္မေဓာတိ၊ ကုသလာသဒ္ဒေါ စေတ္တဗာဟိတ္တိ ကာသုတ္တေပိယာ။ အန
ဝဇ္ဇောဒုမ္မေဓာဟူသောစကားကို။ ဓမ္မပါလ စရိယောန၊ ဓမ္မပါ
လအဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ။ဤ
ကားအနက်။ ။အကုသလာ၊အကုသိုလ်တရားတို့ကို။ပဟာနာ
ယစ၊ပယ်ခြင်းငှါ။ဝါ၊ပယ်ခြင်းငှါ။ကုသလာနံ၊ ကုသိုလ်တရားတို့
ကို။ဥပ္ပတ္တိယာစ၊ဖြစ်ခြင်းငှါ။ပစ္စယာဘာဝတော၊ အကြောင်း၏
အဖြစ်ကြောင့်။မာနသာစ၊မာန၏ငှါ။တသ္မာစတဗ္ဗောယ၊ ထိုတ
ဗ္ဗောငှါ၊သေဝိတဗ္ဗာဘာဝေါ၊မှီဝဲအပ်သည်၏အဖြစ်ကို။ မာနော
ဝိဒုဝိဓောတိ အာဒိနာ။ မာနောပိ ဒုဝိဓောစသော ပါဌ်ဖြင့်။ ဝေဒိ
တဗ္ဗော၊သိအပ်၏။ ။ဤကားအနက်။

ထိုမှ တပါး။ သာသနာတော် ၅၀၀၀ ထားကြောင်း။ မှတ်
သားရန်ပြဦးအံ့။ ။ပဋိသမ္ဘိဒါပတ္တေဟိ၊ဝဿသဟဿံ၊သုက္ခ
ဝိပဿကေဟိ၊ ဝဿသဟဿံ၊အနာဂါမိဟိ၊ဝဿသဟဿံ၊
သကဒါဂါမိဟိ၊ ဝဿသဟဿံ။ သောတာပန္နေဟိ၊ ဝဿသ
ဟဿန္တိ။ဧဝံပဉ္စဝဿသဟဿာနိ။ ပဋိဝေဓသဒ္ဓမ္မော ဌဿ
တိ။ ။ဘိက္ခုနိခန္ဓကဝိနည်း။အဋ္ဌကထာပါဌ်။ ။ပဋိသမ္ဘိ
ဒါပတ္တေဟိဝဿသဟဿံ။ ဆဠဘိညေဟိ ဝဿသဟဿံ
တေဝိဇ္ဇေဟိဝဿသဟဿံ။ သုက္ခဝိပဿကေဟိ၊ ဝဿ သ
ဟဿံ။ပါတိမောက္ခေန ဝဿသဟဿန္တိ ဝုတ္တံ။ ။ဒီဃနိကာယ်
သမ္မသာဒနိယသုတ်အဋ္ဌကထာပါဌ်။ ။ဗုဒ္ဓါနံပရိနိဗ္ဗာနတော။
ဝဿသဟဿမေဝ။ ပဋိသမ္ဘိဒါ၊ နိဗ္ဗတ္တေတုံ သက္ကောန္တိ။ တ
တောပရံ ဆဠဘိညာတတောပိအသက္ကောန္တာ။ တိဿောဝိဇ္ဇာ
နိဗ္ဗတ္တေန္တိ။ဂစ္ဆန္တေကာလေတာပိနိဗ္ဗတ္တေတုံ။အသက္ကောန္တာသုက္ခဝိ
ပဿကာဟောန္တိ။ဧတေနေဝနယေနအနာဂါမိနော။ သကဒါဂါ
မိနော။သောတာပန္နာတိ။ ။အင်္ဂုတ္တိုရ်ရအဋ္ဌကထာပါဌ်။ ။
သမ္မောဟဝိနောဒနီအဋ္ဌကထာ၌လည်းမိန့်၏။ ။ပဋိသမ္ဘိဒါ
ပတ္တေဟိ၊ပဋိသမ္ဘိဒါ ၄ ပါးရသောရဟန္တာတို့သည်။ ဝဿ သ
ဟဿံ၊ သာသနာတော်အနှစ် ၁၀၀၀။ သုက္ခဝိပဿကေဟိ၊

သုက္ခဝိပဿက ရဟန္တာတို့သည်။ ဝဿသဟဿံ၊ သာသနာ
တော်အနှစ် ၁၀၀၀။ အနာဂါမိဖိုလ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည်။
ဝဿသဟဿံ၊ သာသနာတော်အနှစ်၁၀၀၀။ သကဒါဂါမိဖိုလ်။
သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်။ ဝဿသဟဿံ၊ သာသနာတော်
အနှစ်၁၀၀၀။သောတာပန္နေဖိုလ်၊ သောတာပန် ပုဂ္ဂိုလ်တို့သည်။
ဝဿသဟဿံ၊ သာသနာတော်အနှစ်၁၀၀၀။ ဇာတိဇေံ၊ဤသို့။
ပဉ္စဝဿသဟဿာနိ၊သာသနာတော်အနှစ် ၅၀၀၀တို့ပတ်လုံး။
ပဋိဝေဓသဒ္ဓမ္မော၊မောဟာတည်းဟူသော အမိုက်မှောင်ကို၊ ထိုး
ဖောက်နိုင်သော မဂ်ဖိုလ်ဟုဆိုအပ်သော၊ သူတော်ကောင်း တို့
၏တရားသည်။ထသေတိ၊တည်လတ့ံ။ ။ဤကား၊ဘိက္ခုနီအဌ
ကထာပါဌ်အနက်။ ။ပဋိသမ္ဘိဒါပတ္တေဟိ၊ ပဋိသမ္ဘိဒါ ၄ ပါး
ရသောရဟန္တာတို့သည်။ ဝဿသဟဿံ၊ သာသနာတော်အ
နှစ်၁၀၀၀။ဆဠာဘိညေတိ၊အဘိညာဉ် ၆ ပါးရသော ရဟန္တာ
တို့သည်။ဝဿသဟဿံ၊သာသနာတော် အနှစ်၁၀၀၀။ တေ
ဝိဇ္ဇေဟိ၊ဝိဇ္ဇာ ၃ ပါးရသောရဟန္တာတို့သည်။ဝဿသဟဿံ၊
သာသနာတော်အနှစ် ၁၀၀၀။ သုက္ခ ဝိပဿကေဟိ၊ သုက္ခဝိ
ပဿကရဟန္တာတို့သည်။ဝဿသဟဿံ၊ သာသနာတော် အ
နှစ် ၁၀၀၀ ။ပါတိမောက္ခေန၊ ပါတိမောက္ခ သီလဖြင့် ပြည့်စုံ
သော ရဟန်း သည်။ ဝဿသဟဿံ၊ သာ သနာ တော်အ
နှစ် ၁၀၀၀။ဇာတိ၊ဤသို့။ပဉ္စဝဿသဟဿာနိ၊သာသနာတော်
မြဲဘ် ၅၀၀၀တို့ကို။ဒီဃနိကာယံ၊ ဒီဃနိကာယ်၌။ ဝုတ္တံ၊ မိန့်အပ်
၏။ ။ဤကားအနက်။ ။ဗုဒ္ဓါနံ၊မြတ်စွာဘုရားသခင်၏။ပရိ
နိဗ္ဗာနတော၊ပရိနိဗ္ဗာန်ဝင်တော်မူသည်မှ။ဝဿသဟဿမေဝ၊
အနှစ် ၁၀၀၀၌သာလျှင်။ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါ ၄ ပါးကို။
နိပ္ဖတ္တေတုံ၊ ဖြစ်ခြင်းငှာ။ သက္ကောန္တိ၊တတ်နိုင်ကုန်၏။ တတော၊
ထိုအနှစ်၁၀၀၀မှ။ပရံ၊နောက်၌။ဆဠာဘိညာ၊အဘိညာဉ်၆ပါး
တို့ကို။နိပ္ဖတ္တေတုံ၊ဖြစ်စေခြင်းငှာ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။
တတောပိ၊ထိုနောင်မှလည်း။အသက္ကောန္တာ၊မတတ်နိုင်ကုန်သည်

ဖြစ်၍။တိသောဝိဇ္ဇာ၊ ဝိဇ္ဇာ ၃ ပါးတို့ကို။ နိပ္ဖတ္တေန္တိ၊ ဖြစ်စေ
ကုန်၏။ဂစ္ဆန္တေကာလေ၊သာသနာတော်ဆုတ်သောအခါ၌။တာပိ၊
ထိုဝိဇ္ဇာ ၃ ပါးတို့ကိုလည်း။ နိပ္ဖတ္တေတုံ၊ ဖြစ်စိမ့်သောငှာ။ အ
သက္ကောန္တာ၊မတတ်နိုင်ကုန်သည်ဖြစ်၍။သုက္ခဝိပဿကာ၊သုက္ခဝိ
ပဿကရဟန္တာတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဧတေနေဝနယေ
န၊ဤသို့သောနည်းဖြင့်။အနာဂါမိနော၊ အနာဂါမ်တို့သည်လည်း
ကောင်း။သကဒါဂါမိနော၊သကဒါဂါမ်တို့သည်လည်းကောင်း။
သောတာပန္နာ၊ သောတာပန်တို့သည်လည်းကောင်း။ ဟောန္တိ၊
ဖြစ်ကုန်၏။ ။အင်္ဂုတ္တိုရ်ရအဋ္ဌကထာပါဠ်အနက်။ ။(ဤသို့
ပုထုဇ္ဇန်။ ၂ ပါးကိုခွဲခြားသိသာရန် ပြဆိုပါအံ့)။ ။အန္ဓပု
ထုဇ္ဇန်။ ကလျာဏ ပုထုဇ္ဇန် ၂ ပါးတို့တွင်၊ ခန္ဓာ အာယတန
ဓါတ်သစ္စာပဋိစ္စသမုပ္ပါဒ်အစရှိသောပရမတ္ထ တရားတို့ကို။ မခွဲ
ခြမ်းမဝေဘန်နိုင်သောပုထုဇ္ဇန်သည်။အန္ဓပုထုဇ္ဇန်မည်၏။ ။
မဂ်ဖိုလ်ရခြင်း၊အကြောင်းဖြစ်သော။ ခန္ဓာအာယတနဓာတ်သစ္စာ
ပဋိစ္စသမုပ္ပါဒ်အစရှိသော၊ပရမတ္ထတရားတို့ကို၊ ခွဲခြမ်းဝေဘန်
နိုင်သောပုထုဇ္ဇန်သည်။ ကလျာဏ ပုထုဇ္ဇန်မည်၏။ ။ထို
ကြောင့်။သီလက္ခံ၊အဋ္ဌကထာ၌။ ။ပုထုဇ္ဇနာဒုဝေဝုတ္တာ၊ဗုဒ္ဓေ
နာဒိစ္စဗန္ဓုနာ၊ အန္ဓပုထုဇ္ဇနောဧကော။ ကလျာဏပုထုဇ္ဇနော ဧ
ကောတိ။ ။တတ္ထယဿံ ခန္ဓဓာတု၊အာယတနာဒိသု။ ဥဂ္ဂဟ
ပရိပုစ္ဆာသဝနဓာရဏ ပစ္စဝေက္ခဏာနိနတ္ထိ။ အယံ၊ အန္ဓပုထုဇ္ဇ
နော။ယဿတာနိအတ္ထိသောကလျာဏပုထုဇ္ဇနော။ ။ဟူ၍မိန့်
၏။ ။ဧကော၊တယောက်သော။ အန္ဓပုထုဇ္ဇနော၊ပရမတ္ထတရား၌
မိုက်သော အန္ဓပုထုဇ္ဇန်၎င်း။ ဧကော၊တယောက်သော။ ကလျာ
ဏပုထုဇ္ဇနော၊ပရမတ္ထတရား၌ ခွဲခြမ်းဝေဘန် ဆင်ခြင်နိုင်သော
ကလျာဏပုထုဇ္ဇန်၎င်း။ ဣတိ၊ဤသို့။ဒုဝေ၊ ၂ ယောံကုန်သော။ပု
ထုဇ္ဇနာ၊ပုထုဇ္ဇန်တို့ကို။ အာဒိစ္စဗန္ဓုနာ၊နေမင်း၏အဆွေဖြစ်တော်
မူသော။ဗုဒ္ဓေန၊မြတ်စွာဘုရားသခင်သည်။ ဝုတ္တာ၊ ဟောတော်မူ
အပ်ကုန်၏။ ။တတ္ထ၊ထို ၂ ယောံသောပုထုဇ္ဇန်တို့တွင်။ ယဿ၊

အကြင်ပုထုဇ္ဇန်အား။ ခန္ဓဓာတုအာယတနာဒီသု၊ ခန္ဓာဓာတ်အာယတန၊ပဋိစ္စသမုပ္ပါဒ်အစရှိသော၊ပရမတ္ထတရားတို့၌။ဥဂ္ဂဟပရိပုစ္ဆာ သဝနဓာရဏ ပစ္စဝေက္ခဏာနိ၊ သင်ခြင်း၊ မေးမြန်းခြင်း၊ ဆောင်ရွက်ခြင်း၊ကြံခြင်း၊ ဉာဏ်ဖြင့်ဆင်ခြင်နိုင်ခြင်း တို့သည်။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤပုထုဇ္ဇန်သည်။ အန္ဓပုထုဇ္ဇနော၊ အန္ဓပုထုဇ္ဇန်မည်၏။ ယဿ၊ အကြင် ပုထုဇ္ဇန်အား။ တေသု၊ ထိုခန္ဓာဓာတ်၊အာယတနသစ္စာ။ပဋိစ္စသမုပ္ပါဒ်အစရှိသော၊ ပရမတ္ထတရားတို့၌။တာနိ၊ထိုသင်ခြင်း၊ မေးမြန်းခြင်း၊ ကြံခြင်း၊ ဆောင်ရွက်ခြင်း၊ဉာဏ်ဖြင့် ဆင်ခြင်နိုင်ခြင်းတို့သည်။ အတ္ထိ၊ရှိ၏။သော၊ ထိုပုထုဇ္ဇန်သည်။ ကလျာဏ ပုထုဇ္ဇနော၊ ကလျာဏ ပုထုဇ္ဇန်မည်ကုန်၏။ ။ဤကားအနက်။ ။ထိုကလျာဏပုထုဇ္ဇန်သည်။ ပဋိပါတ်ကျင့်စဉ် တရားတော်မြတ်ကို။ လုံ့လ အားထုတ်သည် ရှိသော်။ အန္တရာယ် ငါးပါးလွတ်ကင်းက။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရမည်အမှန်ဖြစ်၏ဟူလိုသော်။

ထိုမှတပါးဘုရားနှုတ်မြွက်၊ဓမ္မစက်ဩဘာ၊ သာသနာတွင်။ ပူဇာနုဂ္ဂဟာ၊ခြီးမြှောက်ကြသော အရာကို။ သံတိုသံရှည် နိမ့်မြှောက်တုံ။ငင်ပုံဖြတ်ဆိုင်း။သရိုင်းအမြန်။ မှုဘန်များစွာ။ ရွတ်ဆိုရာ၌။သာယာညည်းငြူ။ သီချင်းသူလို၊ ပုံတူအဟန်၊ ဤအသံတို့ဖြင့်။ နာခံရွတ်ဆိုကြသည် အရာမှာ။ သဒ္ဒါပညာ မိစ္ဆာမောဟ။ ၂ ဌာနကို။ဒွိဟကင်းရှင်းအောင်။ထင်လင်းစွာပြဆိုဦးအံ့။ ။ဂီတဟူသည်။လောကာယတ္တဂီတ။ဓမ္မဂီတ။ ဂီတဓမ္မအားဖြင့် ၃ ပါးရှိ၏။ထိုသုံးပါးတို့တွင်။လောကနှင့်စပ်သော။ပဋိဘာဏကဝိ။ ကခြေသည်စသောသူတို့၏ဥစ္စာဖြစ်သော။ ပရိယာယ်ဝေဝုစ်စကားနှင့်စပ်သဖြင့်၎င်း။ ရွတ်ဆိုခြင်းနှင့်စပ်သဖြင့်၎င်း။ အထူးသဖြင့်ဆန်းကြယ်သောအက္ခရာပုဒ်ဝါကျတို့၏ စဝေးခြင်းဖြင့်ထင်ရှားသော။တေးသီချင်းသံ၎င်း။ ထိုကဝိကခြေသည်စသော သူတို့သည်။ထိုထိုသို့သောအခြင်းအရာတို့ဖြင့် ကြံစည်ခြင်းနှင့် စပ်သဖြင့်၎င်း။အထူးထူးအပြားပြားဆန်းကြယ်သေါအက္ခရာပုဒ်ဝါကျ

ရှိသဖြင့်။ ထင်ရှားသော တေးသီချင်းသံရင်း။ လောကာယတ္တဂီ
တမည်၏။ ။ဤသို့သဘောရှိသော။လောကာယတ္တဂီတကို။အကု
သိုလ်တရားတိုးပွားရာအကြောင်း ဖြစ်လေရကား။ ရွတ်ဆိုကြား
နာခြင်းငှာမအပ်ချေ။ ။ထိုကြောင့်၊သုတ်မဟာဝါသက္ကပဉှ
သုတ်အဋ္ဌကထာ မင်္ဂလတ္ထ ဒီပနီစသော ကျမ်းတို့၌။ ။ယံ
စိတ္တကမ္မရစိတ္တဗျဥ္ဇနမ္ပိ၊သဒ္ဒံ သုနာတော။ရာဂါဒယောဥပ္ပဇ္ဇန္တိ။ဝေ
ရူပေါနသေဝိတဗ္ဗော။ ။ဟုမိန့်အပ်၏။ ။ယံသဒ္ဒ ၊အကြင်အ
သံသည်။ စိတ္တကမ္မရစိတ္တဗျဥ္ဇနမ္ပိ၊ သဘာယနာဘွယ်။ ဆန်းကြယ်
သောအက္ခရာ၊ဆန်းကြယ်သောပုဒ်ဝါကျ ရှိသည်လည်း။ ဟော
တိ၊ဖြစ်၏။တံသဒ္ဒံ ၊ထိုအသံကို။ သုနာတော၊ ကြားနာသော သူ
အား။ ရာဂါဒယော၊ ရာဂ အစရှိကုန်သော အကုသိုလ် တရား
တို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ ဝေရူပေါ၊ ဤသို့သဘော ရှိသော။
သဒ္ဒေါ၊အသံကို။နသေဝိတဗ္ဗော၊မမှီဝဲအပ်။ ။ဤကားအနက်။ ။
ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးတရားအထူးအရ။ ဓမ္မသံဝေဂ
စသောတရား အနက်တို့နှင့် စပ်ဘက်သဖြင့်။ သိကြား နတ်မင်း။
ပဉ္စသိခ ဒါယကာမ စသော သူတို့ သည်။ ရွတ်ဆို အပ်သော
တေး သီချင်း ဂီတ၊ ထို တေး သီချင်း ဂီတနှင့် တူ သော။ တေး
သီချင်း ဂီတ ဟူ သမျှ သည်။ ဓမ္မဂီတ မည်၏။ ဤသို့ သဘော
ရှိသော ဓမ္မဂီတ ကို။ တရား အနက်နှင့်ပင် စပ်ယှဉ် ငြားသော်
လည်း။ တေး သီချင်း အသံပြဋ္ဌာန်း လေ ရကား။ ရွတ်ဆို ကြား
နာခြင်းငှါ။နစ္စဂီတသိက္ခာပုဒ်ကို။မဆောက်တည်သောအခါ။သါ
ယာအပ်၏။ နစ္စဂီတ သိက္ခာပုဒ်ကို ဆောက်တည် သော အခါမှု
ကားမအပ်ချေ။ ။ထိုကြောင့် သုတ်မဟာဝါ သက္ကပဉှသုတ်
အဋ္ဌကထာ၊ သီလက္ခန္ဓ ဋီကာ စသော ကျမ်းတို့၌။ ။ယဒ္ဓပန
အတ္ထနိဿိတံ၊ ဓမ္မနိဿိတံ၊ ကုမ္ဘဒါသိဂီတ ကမ္မိသုတာသသပ
သာဒေါဥပ္ပဇ္ဇတိ၊ နိဗ္ဗိဒါဝိဝေကဉာဏာတိ၊ ဝေရူပေါ သဒ္ဒေါသေဝိ
တဗ္ဗောတိဝုတ္တံ၊ တံအသမာဒါနသိက္ခာပ ဒေသသေ ဝိတဗ္ဗတာ
မတ္တပရိယာယေနဝုတ္တံ၊ သမာဒါန သိက္ခာ ပဒဿဟိ၊ ဝေရူပံသ

ဏာန္တဿ၊ သိက္ခာပဒသံဝရံ ဘိန္ဒတိ၊ ဂီတ သဒ္ဒဘာဝတောတိ။
ဝေဒိတဗ္ဗံ။ ။ဟုမိန့်အပ်ပြီ။ ။ယံပနသဒ္ဒံ၊ အကြောင်းအသံ
သည်ကား။ ကုမ္ဘဒါသိဂီတကမ္ပိ၊ အိုးထိန်းသည် ကျွန်မတို့ ရွတ်
ဆိုအပ်သော တေးသီချင်းပင် ဖြစ်သော် လည်း။ အဋ္ဌနိသိတံ၊
တမလွန်ဘဝ၌ ရထိုက်သော အကျိုးနှင့် စပ်ယှဉ် သည်လည်း။
ဟောတိ၊ဖြစ်၏။ဓမ္မနိသိတံ၊လောကဝဋ်မှထွက်မြောက်ကြောင်း
ဖြစ်သော၊ဓမ္မနှင့်ယှဉ်သည်လည်း။ဟောတိ၊ဖြစ်၏၊ တံသဒ္ဒံ၊ထို
အသံကို။ သုဏန္တဿ၊ ကြားနာသောသူအား။ ပသာဒေါ၊ ရတ
နာ၃ပါးတို့၏ ဂုဏ်ကျေးဇူး တရားထူး အမှန်၊ ကံကံ၏ အကျိုး
၌။ မြတ်နိုးယုံကြည်စွာ သဒ္ဓါတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဗ္ဗိ
ဒါဝါ၊ အနိစ္စအစရှိသော လက္ခဏာအားဖြင့်။ ဝဋ်တရား၌ငြီးငွေ့
ခြင်းသည်လည်း။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ဧဝရူပေါ၊ ဤ
သို့သဘောရှိသော။ သဒ္ဒေါ၊အသံကို။ သေဝိတဗ္ဗော၊မှီဝဲအပ်၏။
ဣတိ၊ဤသို့။ယဋ္ဌဝစနံ၊ အကြောင်းစကားကို။ အဋ္ဌကထာစရိယေန၊
အဋ္ဌကထာရှင်သည်။ဝုတ္တံ၊ဆိုတော်မူ၏။ တံဝစနံ၊ ထိုစကားကို။
အသမာဒိန္န သိက္ခာပဒဿ၊ နစ္စဂီတ သိက္ခာပုဒ်ကို မဆောက်
တည်သောသူအား။ သေဝိတဗ္ဗတာ မတ္တပရိယာယေန၊ မှီဝဲအပ်
သည်၏အဖြစ်မျှလောက်သောအတိုင်းအရှည်ပရိယါယ်အားဖြင့်။
ဝုတ္တံ၊ဆိုတော်မူအပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဧဝရူပံ၊
ဤသို့သဘောရှိသောအသံကို။သမာဒိန္နသိက္ခာပဒဿ၊ဆောက်
တည်အပ်ပြီးသော၊ သိက္ခာပုဒ်ရှိသောသူ၏။ သုဏန္တဿ၊ ကြား
နာစည်။ သိက္ခာပဒသံဝရံ၊ သိက္ခာပုဒ်ကို စောင့်ဆည်းခြင်းဟူ
သောသံဝရသည်။ ဘိန္ဒတိ၊ ပျက်စီး လေ၏။ ကသ္မာ၊ အဘယ့်
ကြောင့် ပျက်စီးလေ သနည်းဟူမူကား။ တဿ၊ ထိုအသံ၏။ ဂီ
တသဒ္ဒ ဘာဝတော၊ တေးသီချင်းသံ၏ အဖြစ် ကြောင့် တည်း။
ဣတိ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။ ။ဤကားအနက်။ ။
ထိုစကားသည်မှန်၏။ ထိုသိက္ခာ ပုဒ်ကို ဆောက် တည် သော
အခါ။ ဓမ္မဂီတ၏ ရွတ်ဆိုကြားနာခြင်း၌ မအပ်သည်၏ အဖြစ်

ကိုရည်မှတ်၍။ ခုဒ္ဒကပါဌအဋ္ဌကထာ၌။ ။ဓမ္မူပသံဟိတမ္ပိ
စေဋ္ဌဂီတံ နဝဋ္ဋတိ။ ။သီလက္ခ°ဋီကာ၌လည်း။ ။ဓမ္မူပ
သညိတောဂီတောနဝဋ္ဋတိ။ ။၎င်းမိန့်အပ်၏။ ။စသဒ္ဒ°၊ ထို
စကားသည်မှန်၏။ဧတ္ထ၊ဤဂီတအရာ၌။ ဓမ္မူပသံဟိတမ္ပိ၊တရား
နှင့်ပင်စပ်ယှဉ်သော်လည်း။ ဂီတံ၊တေးသီချင်းဂီတသည်။ နဝဋ္ဋ
တိ၊မအပ်။ ။အနက်။ ။ဓမ္မူပသညိတော၊တရားနှင့်စပ်ယှဉ်
သော။ဂီတော၊ တေးသီချင်းဂီတသည်။ နဝဋ္ဋတိ၊မအပ်။ ။ဤ
ကားအနက်။ ။ထိုသိက္ခာပုဒ်ကို မဆောက်တည်သောအခါ။
ဓမ္မဂီတ၏ ရွတ်ဆို ကြားနာခြင်း၌ အပ်သည်၏ အဖြစ်ကိုရည်
၍။သီလက္ခ°ဋီကာ။ မင်္ဂလတ္ထဒီပနီစသောကျမ်းတို့၌။ ။အဝိ
သုကာဘူတဿ၊ဂီတဿ၊ သဝနံကဒါစိဝဋ္ဋတိ။ ။အဝိသုကဂီ
တဉ္စ။ သောတုံ ဝဋ္ဋတိ။ ဟူ၍ ၎င်းမိန့်အပ်ပြီ။ ။အဝိသုက
ဘူတဿ၊ သာသနာတော်၏ဆန့်ကျင်ဘက် မဟုတ်သည်ဖြစ်၍
ဖြစ်သော။ ဂီတဿ၊ တေးသီချင်း သံကို။ သဝနံ၊ ကြားနာ ခြင်း
သည်။ကဒါစိ၊ရံခါရံခါ။ဝဋ္ဋတိ၊အပ်၏။ ။၎င်းအနက်။ ။ဟိ
သဒ္ဒ°၊မှန်၏။ အဝိသုကာဘူတံ။ သာသနာတော်၏ဆန့်ကျင်ဘက်
မဟုတ်သော တေးသီချင်းသံကို။ သောတုံ၊ ကြားနာခြင်းငှာ။ဝဋ္ဋ
တိ၊အပ်၏။ ။ကောသမ္ဗကာသုမနအမည်ရှိသောရဟန်းသည်။
မြတ်စွာဘုရားအထံ။ သရဘညရွတ်ဆိုဟန်ဖြင့်။ သာယာကြည်
ညို။ ပြန်ဆိုရွတ်ဘတ် အပ်သောဓမ္မ။ ထိုဓမ္မနှင့် တူသော သရ
ဘညရွတ်ဆိုဟန်ဖြင့်။ သာယာစွာပြန်ဆိုရွတ်ဘတ်အပ်သောဓမ္မ
ဟူသမျှသည်။ဂီတဓမ္မမည်၏။ဤသို့သဘောရှိသောဂီတဓမ္မသည်
တေးသီချင်းသံနှင့်ပင် စပ်ယှဉ် ငြားသော်လည်း။ တရားဓမ္မ။ ပြ
ဌာန်းလေရကား၊ဂီတမဟုတ်ချေ။ဂီတဓမ္မသာဖြစ်ချေသည်။ ။
ထို့ကြောင့်။သီလက္ခ°ဋီကာ၌။ ။ဂီတဿယေန၊ ဒေသိတောပိ
ဓမ္မောနဂီတော။ ။ဟူ၍၎င်း။ ဂီတဿယေန၊ တေးသီချင်းသံ
ဖြင့်။ ဒေသိတောပိ၊ ဟောကြားအပ်သော်လည်း။ ဓမ္မော၊ တရား
ဓမ္မသည်။နဂီတော၊ဂီတမဟုတ်ချေ။ ။ဤကားအနက်။ ။ဤ

သို့သဘောရှိသော ဂီတဓမ္မကိုမူကား။ စင်စစ်အားဖြင့်၊ရွတ်ဆို
ကြားနာခြင်းငှာအပ်လေတော့သည်။ ။ထို့ကြောင့်ခုဒ္ဒကပါဌ
အဋ္ဌကထာ၌။ ။ဂီတူပသဉ္ဟိတော ဓမ္မော နာမ ဝဋ္ဋတိ။ ဟု
ဗောက္ကဋ္ဌရှိသော ပနသဒ္ဒါနှင့် တကွ။ မိန့်ဆို အပ်ပြီ။ ။ပနဧ
ကန္တေန၊ စင်စစ်အားဖြင့်။ ဂီတူ ပသဉ္ဟိ တော၊ တေးသီချင်း သံ
နှင့်စပ်ယှဉ်သော။ဓမ္မော၊ တရားဓမ္မသည်။ ဝဋ္ဋတိ၊အပ်၏။ ။
၎င်းအနက်။ ။ထိုသို့ပြခဲ့ပြီးသော။ ဓမ္မဂီတ၊ ဂီတဓမ္မ၊ ၂ ပါးတို့
၌၊မှတ်ထိုက်သောအဓိပ္ပါယ်ကို၊ပြတော်မူလိုသည်ဖြစ်၍။ ။
သီလက္ခံ ဋီကာ၌။ ။ဥဘယတ္ထာပိစဂီတော၊စေဓမ္မာ နုလောမတ္တ
ပဋိသံယုတ္တောပိနဝဋ္ဋတိ၊ဓမ္မောစေဂီတသဒ္ဒ ပဋိသံယုတ္တောပိ ဝဋ္ဋ
တီတိအဓိပ္ပာယောဝေဒိတဗ္ဗော။ ။ဟုမိန့်အပ်ပြီ။ ။စသစ္စံ၊
ထိုစကားသည်မှန်၏။ ဥဘယတ္ထာပိ၊ ဓမ္မဂီတ၊ ဂီတဓမ္မ ၂ ပါး
သော အရာတို့၌ လည်း။ ဂီတော၊ တေးသီချင်း ဂီတသည်။ စေ
ဓမ္မာ နုလောမတ္တပဋိသံယုတ္တောပိ၊အကယ်၍တရားဓမ္မအားလျော်
သောအနက်နှင့်ပင် စပ်ယှဉ် ငြားသော်လည်း။ နဝဋ္ဋတိ၊ မအပ်။
ဓမ္မော၊တရားဓမ္မသည်။စေဂီတသဒ္ဒပဋိသံယုတ္တောပိ၊ အကယ်၍
တေးသီချင်းနှင့်ပင်စပ်ယှဉ်ငြားသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ဣ
တိအဓိပ္ပာယော။ဤသို့သောအဓိပ္ပာယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်
၏။ ။ဤကားအနက်။ ။ထိုဓမ္မဂီတအရာ၌။ဆဗ္ဗဂ္ဂီရဟန်းတို့သည်။
သ၊ယာစွါတေးသီချင်းသံတို့ဖြင့်။ရွတ်ဆိုဟောကြားအပ်သော။ဂီ
တဓမ္မကိုမအပ်ဟု။ ဒုက္ကဋ်အာပတ်ဖြင့်။ ပညတ်တော်မူလျက်။ဤ
သို့ရွတ်ဆိုဟောကြားခြင်း။မိမိအသံကိုမိမိသာယာခြင်း၊သူတပါး
တို့ကိုသာယာစေခြင်းရအပ်ပြီးသောတရားမှပျက်စီးခြင်း။ လူအ
ပေါင်းတို့၏ကဲ့ရဲ့ခြင်း။နောင်အစည်အားဖြင့်၊ ဒိဋ္ဌာနုဂတိသို့လိုက်
ခြင်းဟူသောအပြစ်ငါးပါးကို ဟောကြားတော်မူ၍ ပယ်တော်မူ
သည်မဟုတ်လော ဟူ ငြားအံ့။ပယ်တော်မူသည်ဟုတ်၏။ ထိုသို့
ပယ်တော်မူခြင်းသည်ဂီတဖြစ်၍မအပ်သောကြောင့်ပယ်တော်မူ
သည်မဟုတ်။၎င်းဆဗ္ဗဂ္ဂီရဟန်းတို့သည်။ထိုထိုရွတ်အပ်သောဝတ်

ကိုဖျက်ဆီးခြင်း။အက္ခရာပုဒ်ဝါကျတို့ကို ပယ်ဖျောက်ခြင်းပြု၍။
ရွတ်ဆိုဟောကြားကြလေသောကြောင့်။ အာယတကဖြစ်၍ငင်း။
ဤသိက္ခာပုဒ်အသီးအခြား ဟောကြားပညတ်တော် မူအပ်သော
အရာဖြစ်၍ငင်း။ ရွတ်ဆိုဟောကြားခြင်း၌သာလျှင် ပညတ်တော်
မူချေသည်။ကြားနာခြင်း၌ကား။ ပယ်တော်မူသည် မဟုတ်။ ထို
ကြောင့်။ ။သိလက္ခ ံဋီကာ၌။ ။ဒေသနာယဧဝပဋိက္ခေပေါန
သဝနာယ။ ။ဟူ၍ငင်း။ ။ဂီတဿယေန၊ဒေသိတောပိဓမ္မော
ဂီတော။ ။ဟူ၍ငင်းမိန့်အပ်ပြီ။ ။ဒေသနာယဧဝ၊ရွတ်ဆို
ဟောကြားခြင်းလျှင်။ပဋိက္ခေပေါ၊ပယ်တော်မူအပ်၏။သဝနာယ
ကြားနာခြင်း၌ကား။နပဋိက္ခေပေါ၊ ပယ်တော်မမူအပ်။ ။ငင်းအ
နက်။ ။ဂီတဿယေန၊တေးသီချင်းသံဖြင့်။ဒေသိတောပိ၊ဟော
ကြားအပ်သော်လည်း။ဓမ္မော၊တရားဓမ္မသည်။ နဂီတော၊ ဂီတမ
ဟုတ်ချေ။ ။ငင်းအနက်။ ။ယင်းသို့သောပါဠိကျမ်းဂန်အမှန်
လာရှိသည်ကိုထောက်၍။ သာယာစွာသော အသံတို့ဖြင့်။ လှိုင်း
ထံပိုးဟာန်၊ ခဝါဖွပ်ဟာန်၊ ချော်ရိုင်သောဟာန်၊ အစရှိသော။ သရ
ဘညရွတ် ဆိုဟာန် အပြား ၃၂ ပါးဝတ်အားလျော်စွာ။ ရွတ်ဆို
အပ်သော။ ပါဠိတော်၊ ပရိတ်မေတ္တာတို့ကို။ အခါမပြတ်။ ရွတ်
ဘတ်ကြလေ။ဂီတဓမ္မဖြစ်ချေသည်။ဓမ္မဂီတ၊ လောကာယတ္တဂီတ
မဟုတ်ကြောင်းကို။ဧကန္တသိကြပါလေ။ ။ဤသရဘညရွတ်
ဆိုဟာန်ဖြင့်။ ရွတ်ဆိုအပ်သည် ရှိသော်။ ထိုအသံဖြင့် မှတ်သား
ကြားနာအပ်သောတရားဓမ္မအသံသည်။ ။သုဘ၊ ဋ္ဌာမ္မ၊ကန္တ၊ပိ
ယ။မနာပ။ရဇ္ဇနိယ။ဖြစ်၍တင့်တယ်ဘွယ်ရှိခြင်း။အလိုရှိဘွယ်ရှိ
ခြင်း။နှစ်သက်ဘွယ်ရှိခြင်း။ချစ်ခင်ဘွယ်ရှိခြင်း။ ဝမ်းမြောက်ဘွယ်
ရှိခြင်း။တသ်စွမ်းဘွယ်ရှိခြင်းဖြစ်လေရကား။ရာဂတဏှာ၊ ကိလေ
သာဖြစ်ခြင်း၏အကြောင်းမဟုတ်ချေ။ကုသိုလ်တရား တိုးပွားရာ
သာဖြစ်ချေသည်ဟုယုံကြည်အပ်ကုန်၏။ အဘယ်ကြောင့်နည်း
ဟူမူကား။ဘုရားသာသနာတော်မြတ်၊ပရိယတ်ကို ဆည်းကပ်ပူ
ဇော်ရခြင်း။ပရိတ်မေတ္တာ။ဘာဝနာစသော၊ပါဠိတော် မုက္ခပတ်

ဖြင့်။မပြတ်လေ့ကျက်ဆောင်ရွက်ကြားနာရခြင်းဖြစ်၍။ ကုသိုလ်သာတကားဟု။စိတ်ကိုအမှတ်ထားခြင်းဟူသော။နိယမိတအင်္ဂါကုသိုလ်တရား၌ညီညွတ်ခြင်းဟူသော်။ပရိနာမိတအင်္ဂ ။ကုသိုလ်အရာ၌မပြတ် လေ့ကျက်ခြင်း ဟူသောသမုဒါ စာရအင်္ဂါ။ သူတော်ကောင်းထံမှ၊အားကြီးသောဥပနိဿယ၊ အမှီကိုရသဖြင့်။ မခွမထောင့်၊ဖြောင့်ဖြောင့်နှလုံးသွင်းခြင်းဟူသော။ အာဘုဇိတအင်္ဂါ ဤ၄ ပါးရှိရကား။ကုသိုလ်တရားတိုးပွါး၍သာ။ဖြစ်လေရာသည်ဟုယုံကြည်အပ်ကုန်၏။ ။ထိုကြောင့်အာရုံ ၆ ပါးကိုအာရုံပြု၍ဖြစ်သော။ကုသိုလ်ကိုပြဆိုရာ။ ။အဋ္ဌသာလိနီအဋ္ဌကထာ၌။ ။သုဘနိမိတ္တသင်္ခါတံ၊ ဣဋ္ဌံ၊ ကန္တံ၊ပိယံ၊ မနာပံ၊ ရဇ္ဇနိယံ၊ ဝဏ္ဏံ၊အာရမ္မဏံ ကတွာဥပ္ပဇ္ဇတိ။ ။ဟူ၍ရင်း။ ။ဣမိနာနိယမိတဝသေန၊ ပရိနာမိတဝသေန၊သမုဒါစာရဝသေန။အာဘုဇိတဝသေနစ။ကုသလံနာမဟောတိ။ ။ဟူ၍ရင်း။ ။သဒ္ဒါရမ္မဏာဒိသုပိဧသေဝနယော။ ။ဟူ၍မိန့်အပ်ပြီ။ ။သုဘနိမတ္တသင်္ခါတံ၊သုဘနိမိတ်ဟုဆိုအပ်သော။ ဣဋ္ဌံ၊ အလိုရှိအပ်သော။ ကန္တံ၊ နှစ်သက် အပ်သော။ ပိယံ၊ ချစ်အပ်သော။ မနာပံ၊ ဝမ်းမြောက်အပ်သော။ရဇ္ဇနိယံ၊တသ်စွမ်းအပ်သော။ဝဏ္ဏံ၊ ရူပါရုံအဆင်းကို။အာရမ္မဏံကတွာ၊အာရုံပြု၍။ဧတံကုသလစိတ္တံ၊ ထိုကုသိုလ်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ဤကားအနက်။ ။ဣမိနာနိယမိတဝသေနစ၊ ဤသို့ကုသိုလ်သာတကားဟု၊ စိတ်ကိုအမှတ်ထားခြင်းဖြင့်ရင်း။ဣမိနာပရိနာမိတဝသေနစ၊ ဤကုသိုလ် တရား၌စိတ်ညွတ်ခြင်းဖြင့်ရင်း။ဣမိနာသမုဒါစာရဝသေနစ၊ ဤကုသိုလ်အရာ၌၊မပြတ်လေ့ကျက်ခြင်းဖြင့်ရင်း။ ဣမိနာအာဘုဇိတဝသေနစ၊ ဤသို့သူတော်ကောင်းအထံမှ၊ အားကြီးသောဥပနိဿယ၊ အမှီကိုရသဖြင့်၊ မခွမထောင့်၊ ဖြောင့်ဖြောင့်နှလုံးသွင်းခြင်းဖြင့်ရင်း။ကုသလံနာမ။ကုသိုလ်မည်သည်။ဟောတိ၊ဖြစ်၏။ ။ဤကားအနက်။ ။သဒ္ဒါရမ္မဏာဒိသုပိ၊ သဒ္ဒါရုံအသံ၊အစရှိသည်တို့၌လည်း။ ဧသေဝနယော။ ဤရူပါရုံ၌ကုသိုလ်ဖြစ်ပုံအရကိုပြဆိုသောနည်းအတိုင်းသာလျှင်

ဒမ္မဇ္ဇော၊ မချဆတ်ဆတ်မှတ်အပ်၏။ ။ဤကားအပြီးတည်း။

ဤသို့အနုတ္တရ။ ဓမ္မရာဇာ။ မဟာအတုလ။ သမ္ဗုဒ္ဓ၊ မြတ်စွာဘုရား၏။ တရားဓမ္မ၊ ဩဝါဒဒေသနာကို။ ကောင်းစွာယုံကြည်သက်ဝင်ခြင်း ရှိကြကုန်သော။ ဒေါက်စာရင်းပါ။ ဒါယကာ အပေါင်းတို့က။ အကြောင်းသမုဒယ။ ဝန်ဒုက္ခသံသရာမှ။ ရှောင်ခွာလွတ်ချင်။ ဖိုလ်ဝင်နိဗ္ဗာန်။ ရည်သံတောင့်တရင်းရှိသူ။ သပ္ပုရိသပနိသျှအကျိုး။ ဆောင်နိုးခြင်းကိစ္စဖြင့်။ ဓမ္မသံဝေဂဖြစ်ရာ အခကာ်း ကျင့်စဉ် ပဋိပတ်လမ်းကို။ ဖြောင့်တန်း လိုက်နာကြရန်။ များစွာသောကျမ်းဂန်တို့မှ။ ရှာကြံထုတ်နုတ်။ ပြုလုပ် စီမံသော။ ဤပကိဏ္ဏကမဂ္ဂ ကထာကျမ်းကို။ ၁၂၅၂ ခု နှစ်။ တံပေါင်းလအတွင်းတတိယပုံရိုက်လုပ်ဆောင်ပါသည်။ ။နိဗ္ဗာနပစ္စယောဟောတု။

၎င်းတတိယရိုက်ခြင်းတွင်။ ပဌမရိုက်ခြင်း၌အလွန် မှားယွင်းကျပေါက်၍ ပါသော ပုဒ် အက္ခရာ များစွာတို့ကို စာအုပ်ရှင်၏ မေတ္တာ ခံချက်အရ သံဝဏ္ဏာသံဝဏ္ဏောတဗ္ဗဒီဃရဿ သန္ဒနယျ အတ္ထနယျအသတ်အရစ်တို့နှင့်အညီမေတ္တာကိုရှေ့ထား၍ ကျွန်ုပ်တို့ဟံသာဝတီစာပုံနှိပ်တိုက်ကပြင်ဆင်သွတ်သွင်း ပုံရိုက်လိုက်ပါသည်။

တည်းဖြန့်ပြင်ဆင်သွတ်သွင်းသူ
စာပြင်ဆရာကြီးဆရာတိုင်း။

| ဒါယကာအမည်။ | စာအုပ်ရေ။ | ဒါယကာအမည်။ | စာအုပ်ရေ။ |
|---|---|---|---|
| မောင်မဲ | ၅၀ | မောင်ရန်မင်း | ၂၅ |
| မောင်စံဝင်း | ၆၀ | မောင်သာဇ | ၂၅ |
| မောင်ရို | ၂၅ | မောင်ဘိုးမင်း | ၂၅ |
| မောင်သငယ်ကြီး | ၂၅ | လမ်းဝန်ထောက် ဦးသာထွန်းပြု | ၁၀၀ |
| မောင်ဘိုးကျော် | ၂၅ | | |
| မပြု | ၂၅ | မောင်လင်း | ၅၀ |
| မရွှေမင်း | ၂၅ | မောင်ချက်ကြီး | ၅၀ |
| မောင်ရန်ကင်း | ၂၅ | မောင်ညွန့် | ၂၅ |
| မောင်ရွှေညို | ၅၀ | ဦးသာပြော | ၂၅ |
| မောင်တိုး | ၅၀ | မောင်ဗိုလ်ကြီး | ၂၅ |
| မောင်ထွန်းအောင်ဖဲ | ၂၅ | မောင်မျက်ကျယ် | ၂၅ |
| မောင်မြတ်ထင် | ၁၀၂ | မောင်ရွှေပု | ၂၅ |
| ကျောင်းအမဒေါ်ဝက် | ၅၀ | မောင်ဘိုးညွန့် | ၂၅ |
| ပုံရစာ | ၁၅၄ | မောင်သာလွန်း | ၂၅ |
| | | မောင်သငယ်ကြီး | ၅၀ |
| မောင်လွန်းမောင် | ၁၀၄ | မောင်သာဒိ | ၂၅ |
| မောင်ရွှေလောင် | ၃၅ | မောင်ကျော်ဖဲ ရွှေနေ | ၅၀ |
| မောင်တက်ရိုး | ၅၀ | ဦးဘိုးစို ငင်း | ၂၅ |
| မောင်ကြာခွန်း | ၅၀ | မောင်ရွှေမန်း | ၅၀ |
| မောင်ကြာလွန်း | ၅၀ | မောင်ရွှေဥမ်း | ၅၀ |
| မောင်ထပ် | ၅၆ | မောင်ချစ်ရ | ၅၀ |
| မောင်ထာကြီး | ၂၅ | ဆရာဝေါ။နာရီဆရာ ရန်ကုန် | ၁၀၀ |
| မောင်မြအောင် | ၂၅ | | |